The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင် ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်္ဂ(ဓမ္မပဒ-၁၇၂)

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်၊ သောကြာနေ့။ Friday, 20 October 2017 (၉၀၈၃)

# မြန်မာ-အီးယူ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရခိုင်ပြည်နယ်အရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ(အီးယူ) သံအမတ်ကြီး H.E. Mr. Kristian Schmidt အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာ-အီးယူ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီးယူသံအမတ်ကြီး H.E. Mr. Kristian Schmidt အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

ရခိုင်ပြည်နယ် သတင်းထုတ်ပြန်ရေးကော်မတီ အဖွဲ့ဝင်များနှင့် စစ်တွေမြို့အခြေစိုက် သတင်းမီဒီယာများ တွေ့ဆုံ

စာမျက်နှာ » ၈

မိတ္ထီလာတောင်ကန် ကန်ပတ်လမ်း ရေကျော်ပြီး ရေဝင်ရောက်လျက်ရှိ

စာမျက်နှာ » ၁၁

MMA ချန်ပီယံအောင်လအန်ဆန် အောက်တိုဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိမည်

စာမျက်နှာ » ၁၀

# သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းမှရရှိသည့် နိုင်ငံတော်၏ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာ ချပြပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်း

**နေပြည်တော် အောက်တိုဘာ ၁၉**

ရွှေတူးဖော်လုပ်ကိုင်ခဲ့သည့် ကုမ္ပဏီများမှ နှစ်အဆက်ဆက်ပေးသွင်းရန် ကျန်ရှိသည့် ရွှေကြွေးကျန်များအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသည့် နည်းလမ်းများနှင့်အညီ စာရင်းရှင်းလင်းခြင်း၊ တရားစွဲဆိုခြင်းများဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၏ **ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးသွင်းရန်ကျန်ရှိသော ရွှေတူးဖော်ရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီတို့အား တိကျသောအရေးယူမှုများ ဆောင်ရွက်သွားရန်နှင့် ကြွေးကျန်များ ကျန်ရှိမှုမရှိအောင် ကောက်ခံသွားရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ **ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း**က ထိုသို့ ပြန်လည်ရှင်းလင်းဖြေကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အကြီးစားကုမ္ပဏီ သုံးခုမှ ၂၀၁၆ ခုနှစ်တွင် ပေးသွင်းရန်ကျန်ရှိသော ရွှေစင်များကို ၂၀၁၈ ခုနှစ်အတွင်း ပေးသွင်းရန် အစီအစဉ်တင်ပြထားပြီး ကုမ္ပဏီများကလည်း တင်ပြထားသည့် အစီအစဉ်အတိုင်း ပေးသွင်းလျက်ရှိပါကြောင်း၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့**



## အခွန်ယဉ်ကျေးမှုစနစ်ကို တည်ထောင်နေချိန် ရေလုပ်ငန်းတွင် အစဉ်အဆက်လျော့ရခဲ့သည်များကို ထိန်းချုပ်ရန် အမြန်လိုအပ်

အမျိုးသားလွှတ်တော် စာမျက်နှာ - ၅



## ကြေးမုံ

# မော်တော်ယာဉ်မူဝါဒသစ် အပြောင်းအလဲ

ယခုရက်ပိုင်းအတွင်း ဘယ်မောင်းယာဉ်များ တင်သွင်းခွင့်ပြုတော့မည့်အရေးနှင့်ပတ်သက်ပြီး ယခုလက်ရှိအသုံးပြုနေသော ညာမောင်းယာဉ်များ ရောင်းဝယ်ဖောက်ကားမှုနှင့်ပတ်သက်၍ သို့လောသို့လော ပြောဆိုဝေဖန်မှုများ မြင့်မားလာသည်ကို ကြားသိနေရပါသည်။

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီက ၂၀၁၈ ခုနှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်ပတ်သက်၍ မော်တော်ယာဉ်မော်ဒယ်သတ်မှတ်ချက်အလိုက် မော်တော်ယာဉ်မူဝါဒကို ထုတ်ပြန်ကြေညာလာသောအခါ ပြောဆိုဝေဖန်မှုများ ထိုသို့မြင့်တက်လာရခြင်းဖြစ်ပါသည်။

သက်ဆိုင်ရာက ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းမူဝါဒနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ကြေညာခဲ့ရာတွင် ၂၀၁၈ ခုနှစ်မှစတင်၍ ပြည်ပမှမော်တော်ယာဉ်တင်သွင်းကြရာ၌ ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မော်တော်ယာဉ်များ တိုးတက်တင်သွင်းလာမှုအပေါ် များပြားလာမည့် ယာဉ်စီးရေနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ အများပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကိုရှေးရှုကာ စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်မိပါသည်။

ထုတ်ပြန်ကြေညာချက်တွင် အဆိုပါအခြေအနေများနှင့်ဆီလျော်ကိုက်ညီသည့် စီစဉ်ဆောင်ရွက်ထားမှုကို တွေ့ရှိရသည်။ တင်သွင်းသည့်ယာဉ်များသတ်မှတ်ချက်၌ လူစီးယာဉ်များကို ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထုတ် ဘယ်မောင်းယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များကို ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထုတ် ဘယ်မောင်းယာဉ်များ၊ ယန္တရားများကို ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထုတ်၊ မီးသတ်ယာဉ်၊ လူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ်များကို ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထုတ် ဘယ်မောင်းယာဉ်များ၊ သာသနာရေးဆိုင်ရာနှင့်ခရီးသည်တင်ယာဉ်များကို ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်းထုတ် ဘယ်မောင်းယာဉ်များအဖြစ် သတ်မှတ်ထားရာ အများပြည်သူ အကျိုးစီးပွားနှင့် ကဏ္ဍအလိုက်အရေးပါမှုအခြေအနေများ ခွဲခြားပြီး သတ်မှတ်ထားသည်ကို တွေ့ရမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒ ပြောင်းလဲသတ်မှတ်လိုက်ပြီး ဘယ်မောင်းယာဉ်များသာ တင်သွင်းခွင့်ပြုမည့်အခြေအနေကိုမူတည်၍ လက်ရှိဝယ်ယူတင်သွင်းပြီး ညာမောင်းမော်တော်ယာဉ်များနှင့် နောင်တင်သွင်းရမည့် ဘယ်မောင်းမော်တော်ယာဉ်များ တင်သွင်းရမှုအပေါ်တွင် ရင်းနှီးမြှုပ်နှံပြီးမှုနှင့် သုံးစွဲသူအကြိုက်အပေါ်မူတည်၍ ပြောဆိုနေကြခြင်းဖြစ်ဟန်တူပေသည်။ ထို့အပြင် အရောင်းအဝယ်လုပ်ငန်းသဘောအရ ကုန်ပစ္စည်းတင်သွင်းခွင့်မရ၍ ပစ္စည်းရှားပါးကာ လူကြိုက်များလျှင် ဈေးတက်ခြင်း၊ လူကြိုက်နည်း၍ ပစ္စည်းပေါလျှင် ဈေးကျခြင်း စသည့် သမားရိုးကျဈေးစကားဖြင့် ဈေးကွက်မတည်ငြိမ်မှုတို့ကို ပြောဆိုနေကြဟန်တူပေသည်။

မော်တော်ယာဉ်တင်သွင်းခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့်အဖွဲ့အစည်းအနေဖြင့်မူ တင်သွင်းခွင့်ပြုထားသည့်အစီအစဉ်များအရ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ကဏ္ဍအလိုက်အသုံးတည့်မှုအပေါ်မူတည်၍ အဆင်ပြေစေရေးတို့အပေါ် မူတည်ဆောင်ရွက်ထားသည်ဟု ယူဆရပါသည်။ ဘယ်မောင်းယာဉ်များဟူသည်မှာ ယာဉ်တစ်စီးနှင့်တစ်စီးကျော်တက်ရာတွင် အဆင်ပြေလွယ်ကူချောမွေ့မှုရှိစေပြီး ယာဉ်အန္တရာယ်လျော့နည်းသက်သာစေသဖြင့် ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့်ယာဉ်အမျိုးအစားထက် အများပြည်သူဘေးအန္တရာယ်ကင်းဝေးစေရေးကို ရှေးရှုထားသည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးရှိ လူဦးရေအတိုင်းအတာအရ မော်တော်ယာဉ်များကို ကိုယ်ပိုင်ဝယ်ယူအသုံးပြုကြသူများမှာ လူနည်းစုသာဖြစ်ပြီး လူများစုမှာ အများပြည်သူသုံးယာဉ်များကို သုံးစွဲနေကြသူများ ဖြစ်သောကြောင့် မော်တော်ယာဉ်မူဝါဒစနစ်သစ်ကြောင့် မော်တော်ယာဉ်ဈေးတက်ခြင်း၊ ဈေးကျခြင်းထက် အများပြည်သူတို့ယာဉ်အန္တရာယ်ကင်းဝေးပြီး ယာဉ်စီးခဈေးနှုန်း အပြောင်းအလဲမရှိရေးသည်သာ အဓိကဖြစ်သည်။ မော်တော်ယာဉ်မူဝါဒအပြောင်းအလဲမှာ လူများစုဖြစ်သော သာမန်ပြည်သူပြည်သားများအတွက် အကြောင်းထူးဖြစ်မည်မဟုတ်ဟု ယူဆပါကြောင်း။ ။

# ဒုတိယဝန်ကြီး ဦးစိုးအောင် (၁၃)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတက်ရောက်

**ရန်ကုန် အောက်တိုဘာ ၁၉**

မြန်မာနိုင်ငံက အလှည့်ကျ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဆူးလေရှန်ဂရီလာဟိုတယ်၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။



ဒုတိယဝန်ကြီးက အာဆီယံနိုင်ငံ အစိုးရများ၏ လူမှုဝန်ထမ်းဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒလုပ်ငန်းစဉ်များအတွက် ယခုအစည်းအဝေးသည် များစွာအရေးကြီးကြောင်း၊ နိုင်ငံအလိုက်နှင့် အာဆီယံဒေသတွင်း အဆင့်လုပ်ငန်းများနှင့် ဆောင်ရွက်သွားလိုသည်များကို အတည်ပြုနိုင်ရေးအတွက် ညှိနှိုင်းခြင်း၊ သုံးသပ်ခြင်းနှင့် ဝန်ကြီးများအဆင့် အစည်းအဝေးတွင် ဆုံးဖြတ်ရန်ရှိသည်များကို ပြင်ဆင်ဆောင်ရွက်ကြရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေများ၊ လူငယ်မူဝါဒရေးဆွဲရေး လူမှုဝန်ထမ်းလုပ်ငန်းဆိုင်ရာ အားလုံးအကျုံးဝင်သော လူမှုကာကွယ်စောင့်ရှောက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုများအပြင် အစည်းအဝေးတက်ရောက်လာသည့် အာဆီယံနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များကိုလည်း အာဆီယံအသိုက်အဝန်းတစ်ခုလုံး၏ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဝန်ထမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွေးနွေးပွင့်လင်းစွာ ဆွေးနွေးပြောကြားရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံ ၁၀ နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများနှင့် ပြည်တွင်း ဆက်စပ်အစိုးရဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်မိသားစု ပန်းချီပြပွဲပြသမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

နိုင်ငံကျော်ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်မိသားစု၏ ပဉ္စမအကြိမ် လွန်းမိသားစုပန်းချီပြပွဲကို အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်း ပြည်သူ့ဥယျာဉ်ဝင်းအတွင်းရှိ နက္ခတ်တာရာပြခန်းအနီးရှိ The Yangon Gallery ၌ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်သည်။

ပြပွဲတွင် ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်၏ ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်တို့ဖြင့် ရေးဆွဲထားသည့်ပန်းချီကား ၉၄ ကား၊ မိသားစုပန်းချီဆရာများဖြစ်သော ဇနီး လွန်းမြမြက ၁၆ ကား၊ သား လွန်းသစ်က ရှစ်ကား၊ သမီးချွေးမက ခြောက်ကား၊ မြေး မလွန်းက ၁၂ ကားနှင့် မြေးမောင်လွန်းမိုးယံက ၁၂ ကား စုစုပေါင်းပန်းချီကား ၁၄၈ ကားတို့ကို ခင်းကျင်းပြသမည်ဖြစ်သည်။ ပန်းချီဆရာကြီး ဒေါက်တာ ဦးလွန်းကြွယ်မိသားစု ပန်းချီပြပွဲကို ၂၀၀၇ ခုနှစ်တွင် ပထမအကြိမ် စတင်ပြသခဲ့သည်။

ပန်းချီဆရာကြီး ဒေါက်တာ ဦးလွန်းကြွယ်သည် ၁၉၅၈ ခုနှစ်တွင် ရန်ကုန်ကံဘဲ့ဆရာအတတ်သင်သိပ္ပံမှ ပန်းချီဒီပလိုမာဘွဲ့ ရရှိသည်။ ၁၉၆၄ ခုနှစ်တွင် တရုတ်ပြည် Central Art တွင် ပညာသင်ကြားခွင့်ရသည်။ ၁၉၇၁ ခုနှစ်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ပန်းချီကားထိန်းသိမ်းမှုပညာသင်ကြားခဲ့သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ချီးမြှင့်ခြင်းခံရသည်။ ယခုအခါ ပန်းချီဆရာကြီး ဒေါက်တာ ဦးလွန်းကြွယ်သည် အသက် ၈၇ နှစ် ရှိပြီဖြစ်သည်။

**(ကြေးမုံ)**



# ရန်ပုံငွေဂီတပွဲတော်ကျင်းပမည်

**ငပုတော အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ "မေတ္တာသွေး" ကျန်းမာရေးဖေးမကူညီမှုအဖွဲ့ ရန်ပုံငွေဂီတပွဲတော်ကို အောက်တိုဘာ ၃၁ ရက် ည ၈ နာရီတွင် ငပုတောမြို့ ပမ္မဝတီအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရွှေထူး၊ Oasix၊ Y-ZET၊ ပိုပိုတို့ ပါဝင်သီဆိုဖျော်ဖြေကြမည် ဖြစ်သည်။

မေတ္တာသွေးကျန်းမာရေးဖေးမကူညီမှုအဖွဲ့သည် သွေးလိုအပ်သော လူနာရှင်များနှင့် အောက်ဆီဂျင်လိုအပ်သော လူနာရှင်များအား သွေးနှင့် အောက်ဆီဂျင်အိုးများကို အခမဲ့လှူဒါန်းပေးပြီး အခြားဒေသသို့ ဆေးကုသမှုခံယူရန်လိုအပ်သည့် လူနာများကိုလည်း အသင်းကားများဖြင့် အခမဲ့ပို့ဆောင်ပေးလျက်ရှိသည်။ ဂီတပွဲမှရရှိသည့်ရန်ပုံငွေများကို သဘာဝဘေးကျရောက်သည့် ဒေသများ၊ နွေရာသီသောက်သုံးရေရှားပါးသည့်ဒေသများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

**လှမင်းထွန်း**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်(ရွှေဈေး) ၉၁၁၅၀၀ - ၉၁၁၅၀၀ မန္တလေး(ရွှေဈေး) ၉၁၁၅၀၀ - ၉၁၁၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၁၀/၇၅၀ ကျပ်၊ | ၇၆၅/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၇၉၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၅/၇၅၀ ကျပ်၊ | ၇၉၅/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၇၈၅/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၈၅/၆၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၁၀/၇၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၈၅/၆၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၈.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၅.၅၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၁၁၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၇၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၃၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၆.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၃၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၁.၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၄.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဥရောပသမဂ္ဂသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Kristian Schmidt အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး၊ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသော ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၅)ကြိမ်မြောက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၉**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွှန်ပရာဘွန်မြို့တွင် အောက်တိုဘာ ၁၉ ရက်တွင် ကျင်းပသည့် (၅)ကြိမ်မြောက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အစည်းအဝေးဖွင့်ပွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လူမှုဝန်ထမ်းနှင့် အလုပ်သမားဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်က အမှာစကားပြောကြားရာ အာဆီယံနိုင်ငံများတွင် သဘာဝဘေးဖြစ်ပေါ်ပါက အာဆီယံနိုင်ငံများ စုပေါင်း၍ အတူတကွကူညီဆောင်ရွက်သော ONE ASEAN ONE RESPONE အစီအစဉ်ဖြင့် ကူညီဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးစင်တာ (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management - AHA Centre) က အဓိကဆောင်ရွက်ပေးနေကြောင်း၊ ယခုအခါ သဘာဝဘေးအန္တရာယ်များသာမက လူကြောင့်ဖြစ်သောဘေးများတွင်လည်း ကူညီဆောင်ရွက်လျက်ရှိရာ ဖိလစ်ပိုင်နိုင်ငံနှင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တို့တွင် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး အစည်းအဝေးအား ဖွင့်လှစ်ပေးသည်။

ထို့နောက် အာဆီယံနိုင်ငံများမှဝန်ကြီးများနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့သည် အမှတ်တရဓာတ်ပုံ ရိုက်ကူးကြသည်။



ထို့နောက် ASEAN Day for Disaster Management ကို ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ်အဖြစ် မဲခေါင်မြစ်အတွင်းသို့ ငါးများလွှတ်ကြသည်။

နေ့လယ်ပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ အာဆီယံနိုင်ငံများမှ တစ်နိုင်ငံချင်းအလိုက် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြကြသည်။

မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဆွေးနွေးရာ AHA Centre မှတစ်ဆင့် အာဆီယံနိုင်ငံများမှ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ပြည်သူများအတွက် အမေရိကန်ဒေါ်လာ လေးသိန်းကျော်တန်ဖိုးရှိသော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပစ္စည်းများ ထောက်ပံ့ပေးခြင်းအတွက် ကျေးဇူးတင်ပါကြောင်း၊ အာဆီယံနိုင်ငံများသည် တူညီသော ရေမြေသဘာဝနှင့် ရာသီဥတုများရှိခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ၏ စိန်ခေါ်မှုများကိုလည်း တူညီစွာခံစားရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များကို အရင်ကထက် ပိုမိုစွာ ခံစားနေရပါကြောင်း၊ အစိုးရအနေဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန်နှင့် လျော့နည်းစေရန် အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယသမ္မတ(၂) ဦးဆောင်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ကြိုတင်ကာကွယ်ရေးနှင့်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြိုတင်သတိပေးစနစ်များ ဖော်ဆောင်ခြင်း၊ ကျေးလက်လမ်းများအဆင့်မြှင့်တင်ခြင်း၊ ဘက်စုံသုံး Cyclone Shelter များ ဆောက်လုပ်ခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ပုံငွေများလည်း တိုးမြှင့်ချထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လူသားအရင်းအမြစ်များ စွမ်းရည်မြှင့်မားရေးအတွက်လည်း သင်တန်းကျောင်းများ ဖွင့်လှစ်၍ ဆောင်ရွက်နေပါကြောင်း၊ Myanmar Action Plan for Disaster Risk Reduction (MAPDRR) ကိုလည်း ရေးဆွဲ၍ ဦးစားပေးလုပ်ငန်း ၃၂ ခုဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ခံနိုင်သော အာဆီယံဒေသဖြစ်စေရန်နှင့် ONE ASEAN ONE RESPONSE လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် AHA Centre မှ သဘာဝဘေးအန္တရာယ်များတွင်သာမက လူကြောင့်ဖြစ်သောဘေးဒုက္ခများတွင်ပါ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးနေမှုကိုလည်း အလေးထား ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တွင် ကျင်းပသော (၃၁)ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး၏ အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိများ ပါဝင်တက်ရောက်ခဲ့ပြီး အဆိုပါ အစည်းအဝေးများမှ ဆွေးနွေးရရှိချက်များကို အာဆီယံဝန်ကြီးများက ဆွေးနွေးဆုံးဖြတ် အတည်ပြုပေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လူမှုဝန်ထမ်းနှင့်အလုပ်သမားဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ရုရှား၊ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂတို့၏ ဆက်စပ်အစည်းအဝေးများကို ယနေ့ နံနက်ပိုင်းမှ စတင်၍ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အမှတ်(၂)ရှိ သတ်မှတ်နေရာအသီးသီးတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးများ၌ အာဆီယံသိပ္ပံနှင့် နည်းပညာကော်မတီနှင့် ပူးပေါင်းဆောင်ရွက်မည့် သိပ္ပံနည်းပညာဆိုင်ရာ စီမံကိန်းများကို အတည်ပြုခြင်း၊ တိုးချဲ့ဆောင်ရွက်သွားမည့် အခန်းကဏ္ဍများကို ဆွေးနွေးခြင်း၊ လာမည့်အစည်းအဝေးများတွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။



အစည်းအဝေးများသို့ ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့် ဦးဆောင်သော အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ရုရှားနိုင်ငံ International Centre for Innovations in Science, Technology and Education မှ Executive Director Ms.Irina Kuklina ၊ U.S Mission to ASEAN မှ Deputy Permanent Representative Ms.Jane Bocklage ၊ European Commission မှ Head of Unit Mr.Kostas Glinos တို့ တက်ရောက်ခဲ့သည်။

(၁၇)ကြိမ်မြောက် အာဆီယံသိပ္ပံနှင့် နည်းပညာဝန်ကြီးအဆင့် အစည်းအဝေးကို အောက်တိုဘာ ၂၀ ရက်တွင် ကျင်းပသွားမည် ဖြစ်သည်။

**သူရဇော်(သတင်းစဉ်)**
**ဓာတ်ပုံ - ထိန်နန်နော်**

**✳ ဖားကန့်မှ**

ပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် ရဲအရာရှိတစ်ဦးအား ဓားဖြင့် ဝင်ခုတ်သဖြင့် ရဲတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့ဝင် ငါးဦး ဖူးရောင်ပေါက်ပြဲ၊ နာကျင်ဒဏ်ရာများ ရရှိခဲ့ပြီး ရေမဆေးကျောက်ရှာဖွေသူ ငါးဦး သေဆုံးကာ ၂၀ ဒဏ်ရာရရှိသွားကြောင်း၊ ဒဏ်ရာရရှိသူများအား မှော်ပုံကျေးရွာ လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်များဖြင့် လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအနက် ဒဏ်ရာပြင်းထန်သူ ကိုးဦးအား မြစ်ကြီးနားဆေးရုံသို့ ဆက်လက်ပို့ဆောင်ကုသပေးသွားမည်ဖြစ်ကြောင်းနှင့် သေဆုံးမှု၊ ဒဏ်ရာရရှိမှုများနှင့် စပ်လျဉ်း၍ ရဲတပ်ဖွဲ့တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငါးနှစ်တာကာလအတွင်း တရုတ်ကွန်မြူနစ်ပါတီဝင် တစ်သန်းခွဲကျော် အကျင့်ပျက်ခြစားကြောင်း တွေ့ရှိ

**ပေကျင်း အောက်တိုဘာ ၁၉**

တရုတ်ကွန်မြူနစ်ပါတီ၏အကျင့်ပျက်ခြစားမှုများ စောင့်ကြည့်ရေးအဖွဲ့က ပါတီဝင် တစ်သန်းခွဲကျော်သည် လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း အကျင့်ပျက်ခြစားမှု၊ ကတိဖောက်ဖျက်မှု စသည့် အမျိုးမျိုးသောစွပ်စွဲမှုများဖြင့် ရင်ဆိုင်လျက်ရှိကြောင်း ယနေ့အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ကြေညာသည်။

ပေကျင်းမြို့တွင်ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် တရုတ်အမျိုးသားကွန်ဂရက်၏ သတင်းစာရှင်းလင်းပွဲတစ်ခု၌ တရုတ်ကွန်မြူနစ်ပါတီ၏ အကျင့်ပျက်ခြစားမှုများ စောင့်ကြည့်ရေးအဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဗဟိုကော်မရှင်က အထက်ပါအစီရင်ခံစာနှင့် အခြားသောမှတ်တမ်းများကို မီဒီယာများအား အသိပေးပြောကြားခဲ့သည်။

လွန်ခဲ့သောငါးနှစ်တာကာလ သမ္မတရှီကျင့်ဖျင်ရာထူးတာဝန်များစတင်ထမ်းရွက်ခဲ့သည့်အချိန်ကစပြီး နိုင်ငံအတွင်း အကျင့်ပျက်ခြစားမှုများကို အမြစ်ပြတ်ချေမှုန်းလျက်ရှိသည်။

ပါတီ၏ အကျင့်ပျက်ခြစားမှုများ စောင့်ကြည့်ရေးအဖွဲ့က ပါတီဝင် တစ်သန်းကျော်သည် အကျင့်ပျက်ခြစားမှု၊ စည်းကမ်းဖောက်ဖျက်မှုများစသည့် စွပ်စွဲမှုအမျိုးမျိုးဖြင့် ရင်ဆိုင်နေရသည်။ ၎င်းတို့အနက် ၅၈၀၀၀ ခန့်သည် ပြစ်မှုကျူးလွန်မှုများကြောင့် ဥပဒေနှင့်အညီ စီရင်ချက်များချမှတ်ခြင်းခံခဲ့ရကြောင်း သိရသည်။

အကျင့်ပျက်ခြစားမှုများ စောင့်ကြည့်ရေးအဖွဲ့ ဒုတိယအတွင်းရေးမှူး ယန်ရှိုဒူက သမ္မတရှီကျင့်ဖျင်၏ ဒုတိယအကြိမ်မြောက် သမ္မတသက်တမ်းအတွင်းမှာလည်း ပါတီဝင်များနှင့် အစိုးရအဖွဲ့ဝင်များအကြား အကျင့်ပျက်ခြစားမှုများမရှိစေရန် ဆက်လက်စောင့်ကြည့်ကာ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများကို ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# အမြန်လမ်းမပေါ် အရေးပေါ်ဆင်းသက်မှု အိန္ဒိယလေတပ်မှ ဂျက်တိုက်လေယာဉ် ၂၀ လေ့ကျင့်မည်

**နယူးဒေလီ အောက်တိုဘာ ၁၉**

အရေးပေါ်အခြေအနေတွင် အမြန်လမ်းမများပေါ်သို့ လေယာဉ်ဆင်းသက်သည့် လေ့ကျင့်မှု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်ရှိ အမြန်လမ်းမပေါ်သို့ အိန္ဒိယလေတပ်မှ ဂျက်တိုက်လေယာဉ်အစင်း ၂၀ အထိ ဆင်းသက်သွားမည်ဖြစ်ကြောင်း ယနေ့ ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ် မြို့တော်လပ်ခနောင်းနှင့် အဂ္ဂရာမြို့အကြား ၃၀၂ ကီလိုမီတာ ရှည်လျားသည့် အမြန်လမ်းမပေါ်တွင် အိန္ဒိယလေတပ် ဂျက်တိုက်လေယာဉ်အစင်း ၂၀ အထိ မြေပြင်ဆင်းသက်ခြင်းနှင့် ပျံတက်ခြင်း လေ့ကျင့်မှုများကို အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါလေ့ကျင့်မှုတွင် အိန္ဒိယလေတပ်မှ ပြင်သစ်နိုင်ငံလုပ် ဒက်ဆော့မီရပ်ချ်-၂၀၀၀ ဂျက်ဂွါ တိုက်လေယာဉ်များ၊ ရုရှားနိုင်ငံလုပ် ဆူခွိုင်း ၃၀ အမ်ကေအိုင် တိုက်လေယာဉ်များနှင့် အေအင်န်-၃၂ အမျိုးအစားသယ်ယူပို့ဆောင်ရေးလေယာဉ်များပါဝင်မည်ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးအရာရှိ ဂါဂီမာလစ်က သတင်းမီဒီယာများသို့ အောက်တိုဘာ ၁၈ ရက် ညနေပိုင်းတွင် ပြောကြားသည်။

အိန္ဒိယလေတပ်မှ ဂျက်တိုက်လေယာဉ် ရှစ်စင်းတို့သည် ယမန်နှစ်ကလည်း လပ်ခနောင်း-အဂ္ဂရာ အမြန်လမ်းမပေါ်ရှိ ၃ ဒသမ ၃ ကီလိုမီတာ ရှည်လျားသည့် လမ်းပိုင်းတွင် ဆင်းသက်မှုများ ပြုလုပ်ခဲ့သေးသည်။

အိန္ဒိယလေတပ်မှ လေယာဉ်များသည် ဒေလီနှင့် အဂ္ဂရာသွား ယမုံနာ အမြန်လမ်းမပေါ်တွင် ၂၀၁၅ ခုနှစ်အတွင်းက ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ ဆင်းသက်ခဲ့သည်။

အဂ္ဂရာ-လပ်ခနောင်းအမြန်လမ်းမနှင့် ယမုံနာအမြန်လမ်းမတို့သည် အိန္ဒိယနိုင်ငံတွင် ခေတ်အမီဆုံး အဝေးပြေးလမ်းမများဖြစ်ပြီး ၎င်းလမ်းနှစ်လမ်းမှာ တစ်လမ်းနှင့် တစ်လမ်း ချိတ်ဆက်ထားကြသည်။ **ဆင်ဟွာ။**



# ကာတာလိုနီးယားဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်အတန်းကို စပိန်ဗဟိုအစိုးရက ဆိုင်းငံ့လိုက်ပြီ

**ဘာစီလိုနာ အောက်တိုဘာ ၁၉**

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ထားခဲ့သည့် ကာတာလိုနီးယားဒေသ၏ ယင်းအဆင့်အတန်းသတ်မှတ်ချက်ကို ဆိုင်းငံ့ထားမည်ဟု စပိန်ဗဟိုအစိုးရအဖွဲ့က ဆုံးဖြတ်လိုက်ကြောင်း၊ကာတာလိုနီးယားဒေသ ခေါင်းဆောင်များက လွတ်လပ်ရေးကြေညာရန် ဦးတည်သော လှုပ်ရှားမှုနှင့် ပတ်သက်၍ စပိန်အစိုးရက ဆွေးနွေးရန် ငြင်းဆိုပါက လွတ်လပ်ရေး ကြေညာမှုကို တစ်ဖက်သတ် ပြုလုပ်ရလိမ့်မည်ဟု ပြောကြားခဲ့ပြီးနောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်အတန်းကို ဆိုင်းငံ့ထားမည်ဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၉ ရက်တွင် ရေးသားဖော်ပြသည်။

စပိန်နိုင်ငံသည် ၁၉၇၀ ပြည့်လွန်နှစ် နှောင်းပိုင်းကာလများက ဒီမိုကရေစီစနစ်ကို ပြန်လည်ကျင့်သုံးခဲ့ပြီးချိန်နောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခု၏ အဆင့်အတန်း သတ်မှတ်ချက်ကို ပြန်လည်ရုပ်သိမ်းပြီး ယင်းဒေသအား ဗဟိုအစိုးရအဖွဲ့က တိုက်ရိုက်အုပ်ချုပ်ရန် စီစဉ်ခြင်းမှာ အစဉ်အလာမရှိခဲ့သော လုပ်ဆောင်ချက်ဖြစ်သည်။ ခွဲထွက်ရေးလှုပ်ရှားမှုကို အောက်တိုဘာ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ အဆုံးသတ်ရန် ဗဟိုအစိုးရအဖွဲ့က သတိပေးခဲ့သော်လည်း ကာတာလိုနီးယား ခေါင်းဆောင်ကားလ်စ် ပစ်ဒီမောင့်က ယင်းသတိပေးချက်ကို မသိကျိုးကျွန်ပြုခဲ့ကာ ဒေသဆိုင်ရာ ပါလီမန်၌ လွတ်လပ်ရေးကြေညာမှုကို တရားဝင်ပြုလုပ်မည်ဟု စပိန်ဝန်ကြီးချုပ် ရေဂျိုင်းအား ခြိမ်းခြောက်ခဲ့သည်။

စပိန်နိုင်ငံအတွင်း ခွဲထွက်ရေးလှုပ်ရှားမှုကြောင့် နိုင်ငံရေး အကျပ်အတည်းဖြစ်ပေါ်ခဲ့ရသည်မှာ တစ်လကျော် ကြာမြင့်ခဲ့ပြီး ဖြစ်သည်။ အကျိုးဆက်အနေဖြင့် လူမှုရေး မငြိမ်သက်မှု ဖြစ်ပေါ်လာနိုင်ကြောင်း နိုင်ငံရေး လေ့လာသူများက ပြောကြားကြသည်။ နိုင်ငံရေးအကျပ်အတည်း၏ လတ်တလော အကျိုးဆက်မှာ စတော့ရှယ်ယာ ဈေးနှုန်းများ ကျဆင်းသွားပြီး ငွေကြေးလဲလှယ်နှုန်းကိုလည်း ထိခိုက်စေကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

# ကန်ဒါဟာပြည်နယ်ရှိ အာဖဂန်တပ်ဖွဲ့စခန်းတစ်ခုကို တာလီဘန်စစ်သွေးကြွများတိုက်ခိုက်၊ တပ်ဖွဲ့ဝင် ၄၃ ဦးသေဆုံး



**ကန်ဒါဟာ အောက်တိုဘာ ၁၉**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ် မေဝန်ခရိုင်တွင် အာဖဂန်နစ္စတန် ကြည်းတပ်စခန်းတစ်ခုကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် တာလီဘန်သောင်းကျန်းသူများက တိုက်ခိုက်ခဲ့ရာ စစ်သည် ၄၃ ဦး သေဆုံးကာ ကိုးဦးဒဏ်ရာရခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားသည်။

အောက်တိုဘာ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၅၀ တွင် တိုက်ခိုက်ရေးအုပ်စုတစ်စုက မေဝန်ခရိုင်တွင်းရှိ အာဖဂန်အမျိုးသားကြည်းတပ်ဖွဲ့၏ ချစ်မိုစခန်းကို တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုတွင် နှစ်ဖက်စလုံး သေကျေထိခိုက်မှုများ ရှိခဲ့ကြောင်း အာဖဂန်နစ္စတန် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြသည်။

တိုက်ခိုက်မှုအတွင်း အာဖဂန်နစ္စတန် ကြည်းတပ်ဖွဲ့မှ စစ်သည် ၄၃ ဦး သေဆုံးပြီး ကိုးဦးမှာ ထိခိုက်ဒဏ်ရာများရရှိကာ တပ်သားခြောက်ဦး ပျောက်ဆုံးနေကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန် ကြည်းတပ်ဖွဲ့စခန်းတွင် တာလီဘန်တို့ တိုက်ခိုက်မှု မဖြစ်ပွားမီက တပ်ဖွဲ့ဝင်ဦးရေ ၆၀ ရှိကြောင်း၊ တိုက်ပွဲအပြီးတွင် အဆိုပါစခန်း၌ ထိခိုက်ဒဏ်ရာ မရရှိဘဲ အသက်ရှင်ကျန်ရစ်သူ တပ်ဖွဲ့ဝင် နှစ်ဦးရှိကြောင်း၊ လာရောက်တိုက်ခိုက်သည့် စစ်သွေးကြွများလည်း အလားတူသေဆုံးမှုရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

တာလီဘန်စစ်သွေးကြွ အသေခံဗုံးဖောက်ခွဲရေးသမားများက အာဖဂန်ကြည်းတပ်ဖွဲ့များထံမှ အပိုင်စီးထားသည့် စစ်သည်တင်သံချပ်ကာယာဉ်နှစ်စီးကို အသုံးပြုကာ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်၍ တိုက်ခိုက်ကြကြောင်း ဒေသတွင်း သတင်းများအရ သိရသည်။

တိုက်ခိုက်မှုများအပြီးတွင် အခင်းဖြစ်ဒေသသို့ အာဖဂန် ကြည်းတပ်မှ အမှတ်-၂၀၅ တပ်မှူးရောက်ရှိလာပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ အများပြည်သူတို့အား အသေးစိတ်အချက်အလက်များကို နောက်ပိုင်းတွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

တာလီဘန်လက်နက်ကိုင် သောင်းကျန်းသူများက မေဝန်ခရိုင်အတွင်းရှိ အာဖဂန်ကြည်းတပ်စခန်းကို တိုက်ခိုက်ခဲ့ရာ အာဖဂန်တပ်ဖွဲ့ဝင် ၆၀ သေဆုံးကြောင်း၊ သောင်းကျန်းသူ တိုက်ခိုက်ရေးသမားများက အာဖဂန် ကြည်းတပ်ဖွဲ့ထံမှ လက်နက်များနှင့် ခဲယမ်းမီးကျောက်များကို သိမ်းဆည်းခဲ့ကြောင်း တာလီဘန်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဇူဘီလာ မူဂျာဟစ်က ၎င်း၏ အင်တာနက် တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။ **ဆင်ဟွာ။**

### ✪ သဘာဝသယံဇာတမှ

ထို့ပြင် ကုမ္ပဏီများမှ ပေးသွင်းထားသော အာမခံစပေါ်ငွေများကို သိမ်းဆည်းပြီး ပေးသွင်းရန် ရွှေစာရင်းမှ ခုနှိမ်ခြင်း၊ ဌာနမှ တာဝန်ရှိသူများအနီးကပ်ကြီးကြပ်၍ လစဉ်ရွှေပေးသွင်းစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစီအမံအတိုင်း အပြည့်အဝပေးသွင်းခြင်းမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ **ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း** က ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ **ပေါင်မြို့နယ် ဥက္ကံတားကျေးရွာရှိ Long life Aggregate Mining Co.,ltd. သည် ဒေသခံပြည်သူများ၏ အသက်၊ အိုးအိမ်လုပ်ငန်းများ ထိခိုက်နေသောကြောင့် ဖျက်သိမ်းပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ **Long life Aggregate Mining Co.,ltd.** ၏ ပေါင်မြို့နယ် ကုလားမတောင် သစ်တောကြိုးဝိုင်းအတွင်း လမ်းခင်းကျောက်ထုတ်လုပ်သည့်စီမံကိန်းကို ရပ်ဆိုင်းဖျက်သိမ်းပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ကြောင်း တွေ့ရှိရပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် **ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်** ၏ ညောင်လေးပင်မြို့ တောရကြီးကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒဝံသ သာသနဓဇ ဓမ္မာစရိယ(မဟာဂန္ထဝါစကပဏ္ဍိတ) သည် ၁၉၇၅ ခုနှစ်က ပဲခူးမြို့ သာသနာမဏ္ဍိုင်ကျောင်းတိုက်တွင် ဓမ္မာစရိယစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ရာ အောင်လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် အောင်လက်မှတ်မိတ္တူပြန်လည်ရရှိရေးဆောင်ရွက်ပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း၊ **ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော**၏ ရွှေကျင်မြို့နယ်မဒမချောင်းအတွင်း တည်ဆောက်ထားသည့်စက်ယန္တရားကြီးများတပ်ဆင်ဆောက်လုပ်သည့် ရေယာဉ်ကြီးများသည် မည်သည့်ဌာနက မည်သည့်ခွင့်ပြုချက် အမျိုးအစားဖြင့် ခွင့်ပြုထားသနည်း၊ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိသေးမီ ယခုကဲ့သို့ ထုထည်ကြီးမားသည့် စက်ယန္တရားကြီးများ တပ်ဆင်တည်ဆောက်ခွင့်ရှိပါသလား၊ ဆောက်လုပ်ခွင့်မရှိဟုဆိုပါက ခွင့်ပြုချက်မရှိဘဲဆောက်လုပ်မှုအပေါ် မည်သို့အရေးယူမည်ကိုသိလိုခြင်းမေးခွန်း၊ **ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး**၏ သစ်တောမြေများအတွင်း အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေသော လယ်မြေများကို ဌာနမှ စွန့်လွှတ်ပေးရန်နှင့် သစ်တောဌာန၏ သီးနှံ၊ သစ်တောရောနှောစိုက်ခင်းများအောင်မြင်ရေး စီမံဆောင်ရွက်ထားသည့် အစီအစဉ်များ ရှိ/မရှိ မေးခွန်းနှင့် **စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏** နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာများပိုမိုရရှိစေရန် ကျောက်မျက်ရတနာရောင်းချပွဲများကို နှစ်လလျှင် (၁)ကြိမ်၊ (၁)နှစ်လျှင် (၆) ကြိမ် ကျင်းပပြုလုပ်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဦးအုန်းဝင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်က **မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် အကြိုအဖွဲ့ဝင် (Candidate) အနေဖြင့်ဝင်ရောက်ခဲ့သည့် ( Extractive Industries Transparency Initiative– EITI ) သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး ဆောင်ရွက်သည့်အဖွဲ့ကြီး၏ တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍမှရရှိသည့် နိုင်ငံတော်၏ ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**တင်သွင်းရာ နိုင်ငံသားများအနေဖြင့် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းမှရရှိလာသည့် အကျိုးကျေးဇူးများကိုခံစားခွင့်အနည်းဆုံး ၁၃ နိုင်ငံတွင် ပါဝင်နေပါကြောင်း၊ နိုင်ငံသားအားလုံး အကျိုးခံစားခွင့်ရှိပြီး တည့်မတ်မှန်ကန်သည့် သယံဇာတဆိုင်ရာစီမံခန့်ခွဲခြင်းကို ပြည်ထောင်စုအစိုးရအနေဖြင့် ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် အားလုံးပါဝင်သည့် ဖွံ့ဖြိုးမှုအခြေအနေတစ်ခုသို့ရောက်ရှိရန် တွန်းအားပေးလိုသည့်အတွက် အဆိုကို တင်သွင်းရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် **EITI** ၏ စံချိန်စံညွှန်း၊ လမ်းညွှန်ချက်၊ တိုက်တွန်းချက်များဖြင့် လုပ်ရန်တာဝန်ရှိသည်များကို တတ်နိုင်သမျှကိုက်ညီအောင် ဆောင်ရွက်ခြင်းသည် သဘာဝသယံဇာတ တူးဖော်လုပ်ကိုင်ခြင်း ကဏ္ဍကြီးတစ်ခုလုံးကို ရေရှည်တိုးတက်စေမည်ဖြစ်ပြီး အဆိုပါကဏ္ဍမှရရှိသည့် တိုင်းပြည်ဝင်ငွေများကို နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းမှရရှိသည့်ဝင်ငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်အောင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကို တိုင်းပြည်နှင့် လူမျိုးအမှန်တကယ်အကျိုးရှိအောင် ပွင့်လင်းမြင်သာစွာ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရှိဖြင့် သုံးစွဲရမည်ဖြစ်ကြောင်း၊ **EITI** စံချိန်စံညွှန်းများအရ ပုဂ္ဂလိကကုမ္ပဏီများကို လိုင်စင်ချထားဆောင်ရွက်စေခြင်းသည် လူမှုရေးအရတာဝန်ယူမှုရှိသည့်၊ ပြည်တွင်း၌သာမက နိုင်ငံတကာကပါ လေးစားရသည့်၊ ဂုဏ်သိက္ခာရှိသည့်၊ ရေရှည်တည်တံ့အောင်မြင်သည့် ကုမ္ပဏီများဖြစ်လာစေရန် ပြုစုပျိုးထောင်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာဖြည့်ဆည်းခြင်း အကျပ်အတည်းကို ဖြေရှင်းရာလည်းရောက်ပါကြောင်း၊ **EITI** အဖွဲ့ကြီး၏ တိုက်တွန်းချက်နှင့်အညီ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းမှရရှိသည့် နိုင်ငံတော်၏ဝင်ငွေများကို နိုင်ငံသားများသို့ ပွင့်လင်းမြင်သာစွာချပြပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ အလုံးစုံဝင်ရောက်နိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းပါကြောင်းဖြင့် လွှတ်တော်သို့ အဆိုတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ဆန္ဒကိုရယူပြီး အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန **ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကို ပြင်ဆင်ရေးဆွဲသည့် ဥပဒေကြမ်းကို တင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကို ပြင်ဆင်ရေးဆွဲသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကို ပြင်ဆင်ရေးဆွဲသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာများကို တိကျစွာဖော်ပြ၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# အခွန်ယဉ်ကျေးမှုစနစ်ကို တည်ထောင်နေချိန် ရေလုပ်ငန်းတွင် အစဉ်အဆက်လျော့ရဲခဲ့သည်များကို ထိန်းချုပ်ရန် အမြန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၁၉**

ရန်ကုန်နည်းပညာတက္ကသိုလ်တွင် Mining ဘာသာရပ်၌ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အထူးပြုဖြင့် ဘွဲ့လွန်ဒီပလိုမာ အချိန်ပြည့် တစ်နှစ်သင်တန်းကို ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆွေးနွေးပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးဒုတိယနေ့တွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၏ **နည်းပညာတက္ကသိုလ်များတွင် သတ္တုတူးဖော်ရေး အင်ဂျင်နီယာဒီပလိုမာ [A.G.T.I (Mining)] ဘာသာရပ်သင်တန်းများ ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ A.G.T.I (Mining) ဒီပလိုမာအောင်လက်မှတ် ပေးအပ်သည့် သင်တန်းများကို နည်းပညာတက္ကသိုလ်များအနက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အထိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)နှင့် နည်းပညာတက္ကသိုလ် (တောင်ကြီး)တို့တွင်လည်းကောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)တွင်လည်းကောင်း ဖွင့်လှစ်သင်ကြားခဲ့ပါကြောင်း။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်၍ နည်းပညာတက္ကသိုလ်များတွင် A.G.T.I ဒီပလိုမာအောင်လက်မှတ်များပေးအပ်သည့် သင်တန်းစနစ်မရှိတော့ဘဲ B.Tech ဘွဲ့ ၄ နှစ်၊ တိုက်ရိုက်သင်တန်းမှ B.E ဘွဲ့အတွက် သင်တန်းကာလ ၂ နှစ် ဆက်လက်တက်ရောက်စေသည့်စနစ်ကို ပြောင်းလဲဆောင်ရွက်ခဲ့ပြီး နည်းပညာတက္ကသိုလ်(တောင်ကြီး) တွင် A.G.T.I (Mining) ဘွဲ့သင်တန်းနှင့် B.E(Mining) ဘွဲ့သင်တန်းများကိုသာ ဖွင့်လှစ်သင်ကြားခဲ့ပါကြောင်း၊ A.G.T.I(Mining) ဒီပလိုမာသင်တန်းအနေဖြင့် ဖွင့်လှစ်သင်ကြားခြင်း မရှိတော့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် B.E ဘွဲ့အတွက် သင်တန်းကာလ ခြောက်နှစ် တိုက်ရိုက်တက်ရောက်ရသည့် သင်တန်းစနစ်ကို ထပ်မံပြောင်းလဲဆောင်ရွက်ခဲ့ပြီး B.E(Mining)ဘွဲ့သင်တန်းကို နည်းပညာတက္ကသိုလ်(တောင်ကြီး) တစ်ခုတည်း၌သာ ဆက်လက်ဖွင့်လှစ်ခဲ့ပါကြောင်း။

၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့၌ B.E(Mining) ဘွဲ့သင်တန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အင်ဂျင်နီယာပညာရေးနှင့် သက်မွေးပညာရေးကို သီးခြားစီခွဲထုတ်၍ နည်းပညာဆိုင်ရာ ပညာရှင်အင်ဂျင်နီယာမွေးထုတ်ခြင်းနှင့် ကျွမ်းကျင်သူများမွေးထုတ်ခြင်းကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသဖြင့် သတ္တုတူးဖော်ရေး အင်ဂျင်နီယာဒီပလိုမာ A.G.T.I (Mining) ဘာသာရပ်သင်တန်းများကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုးနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှငွေး(ခ) ဒေါ်အုန်းကြည်တို့၏ ပညာရေးဆိုင်ရာမေးခွန်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည်ဖြေကြားသည်။



ပညာရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး



ကရင်ပြည်နယ်
မဲဆန္ဒနယ် အမှတ်(၁)မှ
ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၏ **မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့် ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊ မြန်မာ့ရေသယံဇာတများထိန်းသိမ်းနိုင်ရန်၊ မြန်မာ့ပင်လယ်ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့် ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်၊ ငါးချဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာ စိစစ်ကြပ်မတ်စစ်ဆေးမှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB,CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုးနိုင်က ပြည်တွင်းငါးဖမ်းလှေများအနေဖြင့် ကမ်းနီးကမ်းဝေးငါးဖမ်းလှေများ လိုက်နာရမည့်သတ်မှတ်စည်းမျဉ်းများမလိုက်နာခြင်း၊ ငါးကဲ့လှေများဖြင့် တရားမဝင်ဝယ်ယူ၍ ပြည်ပသို့တိုက်ရိုက်တင်ပို့နေခြင်း၊ တရားဝင်ငါးဖမ်းလှေများနှင့် သဏ္ဌာန်တူပြုလုပ်ထားသည့် ငါးဖမ်းလှေများဖြင့် ဖမ်းဆီးနေခြင်းကြောင့် နိုင်ငံအတွက် ရသင့်သောအခွန်များ ဆုံးရှုံးနေခြင်းဖြစ်ပါကြောင်း၊ မိမိတို့တပ်မတော်(ရေ) အနေနှင့်လည်း စည်းကမ်းပျက် ငါးဖမ်းလှေများကိုအရေးယူမှုများ ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း ငါးဖမ်းလှေများ၏ အခက်အခဲများကို အကူအညီပေး ဆောင်ရွက်ပေးလျက်ရှိရာ ရလဒ်အဖြစ် Y-8 လေယာဉ်ပျက်ကျမှု ရှာဖွေရာတွင် ငါးဖမ်းလှေများဖြင့် ပူးပေါင်း၍ အောင်မြင်စွာ ရှာဖွေနိုင်ခဲ့ပါကြောင်း။

ငါးလုပ်ငန်းနှင့်ရေလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာဝအတိုင်းထုတ်လုပ်ခြင်းအပြင် မျိုးပွားခြင်း၊ မွေးမြူခြင်းလုပ်ငန်းများကိုလည်း ထိရောက်စွာ အားပေးဆောင်ရွက်သင့်ပါကြောင်း၊ သုတေသနလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ရမည်ဖြစ်ပြီး နည်းပညာနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရမည့်အပြင် Fishery University ကဲ့သို့ တက္ကသိုလ်များဖွင့်လှစ်နိုင်ရေးကို ရေရှည်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲသင့်ကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများရရှိရေးအတွက် Check Point များမှ စစ်ဆေးအတည်ပြုပြီး FOB,CIF ကဲ့သို့ ငါးသယ်လှေများဖြင့် တင်ပို့နိုင်ရေးကို ရေတိုစီမံကိန်းထားရှိ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်သည့်အဆင့်ထိ ရောက်ရှိရေးကို ပြည်ထောင်စုအစိုးရမှ ရေရှည်စီမံကိန်းများရေးဆွဲချမှတ်၍ နိုင်ငံခြားငွေတိုးတက်ရရှိရေးကို အလေးထားဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်က မြန်မာနိုင်ငံတက္ကသိုလ်များ၌ အဏ္ဏဝါသိပ္ပံဘာသာရပ်များ သင်ကြားနေသော်လည်း မြန်မာ့ပင်လယ်ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရမိသော ငါးနှင့်ရေထွက်ပစ္စည်းများကို သတ်မှတ်ထားသော ငါးတင်၊ ငါးချဆိပ်ကမ်းများတွင် တင်ဆောင်စစ်ဆေးခြင်းမရှိသည့်အတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် သုတေသနလုပ်ငန်းများပြုလုပ်ရန် အခက်အခဲများရှိပါကြောင်း၊ ငါးတင်၊ ငါးချဆိပ်ကမ်းများတွင် မတင်ချသည့်အတွက် မည်သည့်ငါးဖမ်းကွက်တွင် မည်သည့်ငါးအမျိုးအစားများ ဖမ်းဆီးရမိလာသည်ကို မသိရှိနိုင်ပါကြောင်း၊ မည်သည့်ငါးအမျိုးအစားများပျောက်ကွယ်ပြီး မည်သည့်ငါးအမျိုးအစားများ လျော့နည်းလာသည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်ကို မသိရှိရသည့်အတွက် သုတေသနလုပ်ငန်းများတွင် တိကျသည့်အချက်အလက်များ မရရှိနိုင်ပါကြောင်း။

ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရမိလာသော ငါးနှင့် ရေထွက်ပစ္စည်းများကို ငါးတင်၊ ငါးချ ဆိပ်ကမ်းများတွင် မျက်မြင်စစ်ဆေးပြီးမှသာ ဖမ်းဆီးရမိသည့် ငါးဖမ်းကွက်အမျိုးအစား ငါးကုန်ချိန်များကို အတိအကျမှတ်တမ်းတင်ပြီး နိုင်ငံတော်မှ တားမြစ်ထားသည့် ရေထွက်ကုန်ပစ္စည်းများနှင့် နိုင်ငံတကာမှ တားမြစ်ပိတ်ပင်ထားသည့် ရေထွက်ပစ္စည်းများ မဖမ်းဆီးရေးကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပ ဝယ်ယူသူများအတွက် ပြဋ္ဌာန်းသော ဥပဒေ၏ အကာအကွယ်အောက်တွင် မျှတစွာယှဉ်ပြိုင်မှုများကို ဖြစ်ပေါ်ရုံမျှမက ဈေးကွက်အနေဖြင့်လည်း နိုင်ငံတကာတွင် အသုံးပြုနေသည့်အတိုင်း စံချိန်ဝင်ရန် ငါးဖမ်းလုပ်သား၊ လုပ်ငန်းရှင်နှင့် နိုင်ငံတော်အတွက် ဝင်ငွေပိုရမည်ဖြစ်ပါကြောင်း၊ စာရွက်ပေါ်တွင်ချပြသည့်စာရင်းကိုသာ အတည်ပြုနေရသဖြင့် တိုင်းပြည်၏ အခွန်နစ်နာခဲ့သည်များကို ပြုပြင်သင့်ပါကြောင်း၊ နိုင်ငံတကာတွင် အခွန်နှင့်သာ တိုင်းပြည်၏ တိုးတက်မှုကို ရပ်တည်နေရသောကြောင့် ယနေ့ အခွန်ယဉ်ကျေးမှုစနစ်ကို တည်ထောင်နေချိန်တွင် ရေလုပ်ငန်းတွင်အစဉ်အဆက်လျော့ရဲခဲ့သည်များကို ထိန်းချုပ်ရန် အမြန်လိုအပ်နေပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့က ဆွေးနွေးကြသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ကုသိုလ်ဟောင်းကို အောက်မေ့ကြပါ

**စံလွင်(ငါးဦးစီး)**



ကုသိုလ်ဟောင်းကို အောက်မေ့ပါဆိုတဲ့ ခေါင်းစီးလေးက စာရေးဆရာကြီး မနုဿကျော်ဝင်းရဲ့ ဆောင်းပါးခေါင်းစီးလေး ဖြစ်ပါတယ်။ ဇာတ်လမ်းအသွားက ဒီလိုပါ။ တစ်နေ့မှာ သူဟာ ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာစားနေပါသတဲ့။ ဆာဆာနဲ့ ထမင်းကိုကုန်းစားနေတာမို့ ဘေးပတ်ဝန်းကျင်ကိုတောင် သတိမပြုမိလောက်အောင်ပါပဲတဲ့။ သူ့ခြေထောက်နားက အသံကြားလိုက်လို့ ငုံ့ကြည့်လိုက်စဉ်မှာတော့ ခွေးပိန်လေးတစ်ကောင်က အမြီးလေးနှန့်ပြီး မော့ကြည့်နေတာ တွေ့ရပါသတဲ့။

သူလည်း ကြည့်လိုက်ရော အဲသည် ခွေးပိန်လေးက ကပျာကယာထကာ တစ်ကိုယ်လုံးလှုပ်ခါပြီး အမူအရာနဲ့ ကျွေးပါဦးလို့ အစာတောင်းနေဟန်ပြပါသတဲ့။ ခွေးကလည်းပိန် အမူအရာကလည်း အလွန်တရာဆာလောင်နေဟန်ရှိတာမို့ ပန်းကန်ထဲက ထမင်းကျန်ကို ချကျွေးလိုက်ရကောင်းမလားလို့ စဉ်းစားမိပါသတဲ့။ ဒါပေမယ့်ထမင်းကလည်း စားကောင်းနေ၊ ဗိုက်ကလည်း မဝသေးတာမို့ မကျွေးတော့ပါဘူးလို့ ပထမတော့ ချီတုံချတုံ ဖြစ်နေပါသေးသတဲ့။

နောက်တော့ အို ငါဆာလည်း တစ်ခုခုဝယ်စားလို့ရတာပဲဆိုတဲ့ အသိနဲ့ ထမင်းကို ဆက်မစားတော့ဘဲ ခွေးပိန်လေးကို ချကျွေးဖြစ်ပါသတဲ့။ သူကျွေးတဲ့ ထမင်းကို အငမ်းမရစားနေတဲ့ ခွေးပိန်လေးကိုကြည့်ပြီး သူ့စေတနာကို သူ့ဘာသာသူအားရပြီး သဒ္ဓါပေါက်သွားကာ ဝမ်းသာအားရဖြစ်မိတယ်လို့ ဆိုပါတယ်။ ဆာလောင်နေတဲ့ သတ္တဝါတစ်ကောင်ကို ကျွေးလိုက်ရတဲ့ပီတိကို သူမကြာမကြာ သတိရနေတယ်လို့ ဆိုပါတယ်။ သည်လိုနဲ့ တစ်ကြိမ်မှာ ချင်းတွင်းမြစ်ကိုဆန်ပြီး သွားရမယ့်ခရီးစဉ်တစ်ခုကိုကြုံပါတယ်တဲ့။ နွေအခါဖြစ်လို့ အချို့နေရာတွေမှာ ရေနည်းပြီး သူစီးသွားတဲ့သင်္ဘောဟာ မကြာခဏ သောင်တင်ပါသတဲ့။

သည်လိုပုံဆို အရောက်နောက်ကျပြီး သွားရမယ့်နေရာကို ရောက်ဖို့ မိုးချုပ်သွားနိုင်တာမို့ စိတ်မရှည်တော့ဘဲ ဆင်းပြီး မြစ်ကမ်းနံဘေးအတိုင်း လမ်းလျှောက်သွားဖို့ စိတ်ကူးရပါသတဲ့။ နဂိုကလည်း တစ်ခေါက်ရောက်ဖူးပြီး သွားရမယ့်ရွာကလည်း မဝေးတော့တာမို့ အထုပ်ဆွဲပြီး တောလမ်းလေးအတိုင်း လမ်းဆင်းလျှောက်ဖြစ်တယ်လို့ ဆိုပါတယ်။ နွေနေကလည်း ပူလှတာမို့ တဖြည်းဖြည်း သစ်ရိပ်ခိုရင်းက လျှောက်လာလိုက်တာ မူလလမ်းဟောင်းက သွေဖည်သွားပြီး တောထဲမှာ မျက်စိလည်သွားပါသတဲ့။ ဦးတည့်ရာ ဆက်လျှောက်နေရင်းက အချိန်တွေလင့်ပြီး မွန်းလွဲသွားတာကြောင့် အူထဲကလှိုက်ပြီး တကြုတ်ကြုတ်မြည်အောင် ဆာလောင်လာပါသတဲ့။

အဲသည်အချိန်မှာ ဖျတ်ခနဲ သတိသွားရလိုက်တာက ဆာလောင်နေတဲ့ ခွေးပိန်လေးကို သူထမင်းကျွေးလိုက်ရတဲ့ အဖြစ်အပျက်ပါတဲ့။ သူ့အဖြစ်ကို အားရလွန်းလို့ ကြက်သီးများတောင် ဖြန်းခနဲထသွားပါသတဲ့။ သည်လိုနဲ့ စိုးရိမ်တကြီးဖြစ်လာတဲ့ စိတ်ကို အားတင်းလျှောက်နေရင်းက နားထဲမှာ အသံတွေကြားလာတယ်လို့ ထင်မိပါတယ်တဲ့။ ခဏချင်းမှာပဲ သူကြားတဲ့ ဆူဆူညံညံအသံတွေက သူ့လိုပဲ သင်္ဘောကဆင်းပြီး လမ်းလျှောက်လာကြတဲ့ ခရီးသည်တစ်စုဖြစ်ပါသတဲ့။

အဲသည်အုပ်စုနဲ့ ပေါင်းမိပြီး သူတို့ပါလာတဲ့ စားအိုးစားခွက်တွေနဲ့ အတူ အတင်းခေါ်ပြီး ထမင်းကျွေးတာကြောင့် ဆာလောင်တာတွေလည်း ပျောက် လိုရာခရီးလည်း ချောချောမောမောရောက်လို့သွားပါသတဲ့။

အဲသည် ဆောင်းပါးအကြောင်းကို လုံးစေ့ပတ်စေ့ပြောပြသူက မိမိရဲ့ သူငယ်ချင်းဖြစ်သူပါ။ သူဖတ်ခဲ့တဲ့ ဇာတ်ကြောင်းကို မျက်စိထဲကို ကွက်ကွက်ကွင်းကွင်း မြင်လာအောင် ပြောတတ်သူမို့ ယခုတိုင် မှတ်မိနေခြင်းပါ။ ကိုယ်အမှတ်မထင် ပြုခဲ့တဲ့ကုသိုလ် သေးသေးလေးအပေါ် ကျေနပ်အားရမှု အပြည့်ရပြီး ပီတိစိတ်နဲ့ အဖန်တလဲလဲ အောက်မေ့မိတဲ့ ကုသိုလ်ရဲ့ အကျိုးဆက်ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ မြန်မာတွေဟာ အလှူဒါနပြုကြတဲ့အခါ စေတနာသုံးတန်ပြဋ္ဌာန်းပြီး လှူဒါန်းတယ်လို့ ဆိုလေ့ရှိကြပါတယ်။ တစ်နည်းအားဖြင့် ကုသိုလ်မပြုမီ၊ ပြုဆဲနှင့် ပြုပြီးသည့်နောက်ဖြစ်ပေါ်နေတဲ့ တစိမ့်စိမ့် နှစ်သက်ကျေနပ်အားရနေတဲ့ ပီတိစိတ်ပါ။

စေတနာသုံးတန်ရဲ့ အဓိပ္ပာယ်ကတော့ ကုသိုလ်မပြုမီ (မလှူမီ) ကြံစည်သည့်အခါ ဖြစ်ပေါ်သော ပုဗ္ဗစေတနာ၊ ကုသိုလ်ပြုစဉ် ဖြစ်ပေါ်နေသော မုဉ္စစေတနာနှင့် ကုသိုလ်ပြုပြီးသည့်နောက် ဖြစ်ပေါ်သော ပရစေတနာတို့ဟူ၍ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ကုသိုလ်ကောင်းမှုပြုပြီးအခါမှာ အမှုမဲ့အမှတ်မဲ့ မေ့မေ့လျော့လျော့မဖြစ်စေဘဲ အဲသည် ကောင်းမှုအပေါ် အဖန်တလဲလဲ အောက်မေ့နေခြင်းဖြင့် လက်ရှိပစ္စုပ္ပန်အချိန်မှာပင် ကုသိုလ်အကျိုးဆက်များ တိုးပွားနေတယ်ဆိုတာကို အသိပေးလိုခြင်းပါ။

**စေတနာသုံးတန်ရဲ့ အဓိပ္ပာယ်ကတော့ ကုသိုလ်မပြုမီ (မလှူမီ) ကြံစည်သည့်အခါ ဖြစ်ပေါ်သော ပုဗ္ဗစေတနာ၊ ကုသိုလ်ပြုစဉ် ဖြစ်ပေါ်နေသော မုဉ္စစေတနာနှင့် ကုသိုလ်ပြုပြီးသည့်နောက် ဖြစ်ပေါ်သော ပရစေတနာတို့ဟူ၍ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ကုသိုလ်ကောင်းမှုပြုပြီးအခါမှာ အမှုမဲ့အမှတ်မဲ့ မေ့မေ့လျော့လျော့မဖြစ်စေဘဲ အဲသည်ကောင်းမှုအပေါ် အဖန်တလဲလဲ အောက်မေ့နေခြင်းဖြင့် လက်ရှိပစ္စုပ္ပန်အချိန်မှာပင် ကုသိုလ်အကျိုးဆက်များ တိုးပွားနေတယ်ဆိုတာကို အသိပေးလိုခြင်းပါ။**

အဲသည် အကြောင်းခြင်းရာနဲ့ ဆက်နွယ်ပြီး မိမိရဲ့ကိုယ်တွေ့ဖြစ်စဉ်လေးတစ်ခုကိုလည်း ပြောပြချင်ပါတယ်။ မိမိလုပ်ငန်းခွင်အတွင်းရှိစဉ် ပဲခူးကနေ ရန်ကုန်ကို ကိစ္စတစ်ခုနဲ့ နံနက် ၄ နာရီလောက် လိုင်းကားစီးပြီး လာခဲ့ပါတယ်။ လက်မှတ်ကြိုဖြတ်ထားတာကြောင့် ခုံနေရာရပါတယ်။ ဝေလီဝေလင်းအချိန်မို့ အတူစီးခရီးသည်တွေကို သတိမထားမိပေမယ့် သဲသဲကွဲကွဲမြင်ရချိန်မှာတော့ ရဟန်းတစ်ပါးက နေရာမရလို့ မတ်တတ်ရပ်ပြီး စီးလာတာကိုတွေ့ရပါတယ်။ နေရာကထပြီး ဖယ်ပေးချင်ပေမယ့် ကိုယ်ကလည်းဂိတ်ဆုံး ရန်ကုန်အထိသွားမှာမို့ ချီတုံချတုံဖြစ်နေမိတယ်။

နောက်တော့ အို ကိုယ်လည်း ကျန်းမာရေးကောင်းတာပဲ။ အခန့်မသင့်ရင် ပဲခူး-ရန်ကုန်ခရီးကို အရင်တုန်းကလည်း မတ်တတ်တွယ်စီးဖူးတာမို့ စိတ်တုံးတုံးချပြီး နေရာဖယ်ပေးလိုက်ပါတယ်။ အဲသည် ခရီးသွားရဟန်းက ဒကာကြီးက ဘယ်သွားမှာတုန်းလို့ မေးတော့ တပည့်တော် ရန်ကုန်သွားမှာပါဘုရားလို့ လျှောက်တဲ့အခါ ကျေးဇူးကို အသိအမှတ်ပြုတဲ့အကြည့်နဲ့ကြည့်ပြီး ဖယ်ပေးထားတဲ့နေရာမှာ အသာဝင်ထိုင်ကာ ပုတီးစိပ်နေတာကို တွေ့ရပါတယ်။ အမှတ်မထင်ပြုမိတဲ့ကုသိုလ်လေးကို အားရပြီး အဲသည် အခိုက်အတန့်လေးမှာလည်း ကိုယ့်ကိုယ်ကိုယ် ပီတိများစွာ ဖြစ်မိသွားပါတယ်။ အံ့သြစရာတစ်ခုက အဲဒီခရီးစဉ်မှာပဲ ခဏအကြာမှာ မိမိကို လူငယ်လေးတစ်ယောက်က သူထိုင်နေတဲ့ နေရာကထပြီး အတင်းဖယ်ပေးတာကြောင့် ထိုင်ခုံနေရာပြန်ရပြီး လိုရာခရီးရောက်ခဲ့ပါတယ်။

အဲသည် နောက်ပိုင်းကစပြီး ပြည်တွင်း ပြည်ပခရီးတွေမှာ နေရာ၊ ထိုင်ခုံ၊ အချိန်တွေနဲ့ ပတ်သက်ပြီး အခက်အခဲတစ်စုံတစ်ရာမရှိဘဲ ခရီးစဉ်တွေ ချောချောမောမောဖြစ်တာကို သတိထားမိပါတယ်။ အခုလို ပင်စင်စားအရွယ်မှာလည်း ဟိုနားသည်နား ခရီးသွားလို့ ကားစီးဖြစ်သည့်အခါ လူငယ် လူရွယ်များသာမက ရဟန်းပျိုလေးများကပင် နေရာမှထကာ မိမိကို အတင်းပင် ခုံမှာထိုင်စေပြီး နေရာဖယ်ပေးတာမျိုးတွေ ကြုံနေရပါတယ်။

အဲသည်လို အမှတ်မထင်ဘဲ လွယ်လင့်တကူနဲ့ ကောင်းမှုအသေးလေးတစ်ခုပြုရုံနဲ့တင် မျှော်လင့်မထားဘဲ ရရှိလာတဲ့ ကုသိုလ်အကျိုးဆက်က မနည်းမနောပါလားလို့ စိတ်အသိမှာ ဖြစ်တည်လာတာမို့ စာဖတ်သူများကို ဝေမျှလိုက်ရတာပါ။ အဲသည် အကြောင်းအရာနဲ့ပတ်သက်ပြီး မိမိရဲ့ မိတ်ဆွေများကို ပြောပြဖြစ်တဲ့အခါ အဲသည်အလှူမျိုးက ကာလဒါနထဲမှာ ပါတဲ့ အလှူငါးမျိုးထဲမှာ ပါဝင်ပြီး အခါမလင့်(ချက်ချင်း)ဘဲ အကျိုးပေးတတ်ကြောင်းကို ရှင်းပြပါတယ်။ ဆက်လက်ပြီး အကျယ်ရှင်းပြပေးလို့လည်း ဧည့်သည်ရဟန်းများကို လှူဒါန်းခြင်းက အာဂန္တုကဒါန၊ ခရီးသွားရဟန်းများကို လှူဒါန်းခြင်းက ဂမိကဒါန၊ နာဖျားသော ရဟန်းတို့ကို လှူဒါန်းခြင်းက ဂိလာနဒါန၊ ငတ်မွတ်ရှားပါးသောကာလ၌ လှူဒါန်းခြင်းက ဒုဗ္ဘိက္ခဒါန၊ သစ်သီးဦး၊ ပန်းဦးနှင့် ကောက်ဦးတို့ကို လှူဒါန်းခြင်းက နဝသဿနဝဖလဒါနတို့ ဖြစ်ကြောင်းကို သိရှိမှတ်သားရပါတယ်။

မိမိတို့ဘဝမှာ ပြုခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်တွေ အများအပြားရှိကြမှာပါ။ အဲသည်ကောင်းမှုတွေကို ပြုခဲ့စဉ်က ဖြစ်ပေါ်ခဲ့တဲ့ ကျေနပ်အားရမှု၊ ခံစားရတဲ့ ပျော်ရွှင်မှုပီတိနဲ့ သဒ္ဓါတရားထက်သန်မှုတွေကို ပြန်လည်သတိတရဖြစ်နေခြင်းဟာ ပြုခဲ့ဖူးတဲ့ ကုသိုလ်အဟောင်းတွေကို ပြန်ပြောင်းအောက်မေ့နေခြင်း မည်ပါတယ်။ အဲသည် ကုသိုလ်ဟောင်းတွေကို အောက်မေ့ရခြင်းရဲ့ အကျိုးဆက်ဟာ လွန်စွာပင် ကြီးမားလှပါကြောင်းကို စာတွေ့ရော ငါတွေ့အနေနဲ့ပါ တင်ပြလိုက်ရကြောင်းပါဗျာ။ ။

## ဖတ်စရာ မှတ်စရာ

### မြင်စိုင်းနန်းဦးစေတီရှိ ရှေးဟောင်းဇာတ်တော် စဉ့်ကွင်းများနှင့် စဉ့်ကွင်းစာများ



**မြင်စိုင်းနန်းဦးစေတီသည် မြေစိုက်စေတီဖြစ်ပြီး ပုဂံရွှေစည်းခုံစေတီကဲ့သို့ပင် လေးထောင့်ပစ္စယံများခံပြီး တည်ဆောက်ထားသော စေတီတစ်ဆူ ဖြစ်သည်။**

မြန်မာနိုင်ငံတွင် သမိုင်းဝင်မြို့ဟောင်းများစွာရှိနေခြင်းကိုက မြန်မာဆိုသည် ရာဇဝင်သမိုင်း ခိုင်မာခဲ့သော လူမျိုးအဖြစ်ဂုဏ်ယူဖွယ်ပြသနေသလိုဖြစ်နေသည်။ လက်ရှိကာလတွင်လည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်မြို့ဟောင်းများက နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်နေခဲ့သည်။ မန္တလေးမြို့နှင့် အနီးတွင် လက်ရှိခံ့ထည်စွာတည်ရှိနေသော နန်းတော်၊ မြို့ရိုး၊ ပြအိုး၊ ကျုံးများနှင့်အတူ လေ့လာစရာမြို့ဟောင်းများစွာ ရှိနေခဲ့သည်။ အင်းဝမြို့ဟောင်းနေရာ၊ ပင်းယမြို့ဟောင်းနေရာ၊ မက္ခရာမြို့ဟောင်းနေရာနှင့် မြင်စိုင်းမြို့ဟောင်းနေရာများပင်ဖြစ်သည်။ မြင်စိုင်းမြို့ဟောင်းရှိ မြင်စိုင်းနန်းဦးစေတီတွင် ရှေးဟောင်းဇာတ်တော်စဉ့်ကွင်းများနှင့် စဉ့်ကွင်းစာများကို ယနေ့တိုင်လေ့လာနိုင်သည်။

မြို့ဟောင်းနေရာကို တိကျစွာညွှန်းဆိုပေးနေသည့် နန်းဦးစေတီများသည် လက်ရှိကာလအထိရှိနေခြင်းမှာ ဂုဏ်ယူစရာပင်ဖြစ်သည်။ ပင်းယမြို့ဟောင်းနေရာတွင်လည်း နန်းဦးစေတီရှိနေသည်။ ယခုအခါ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့အရှေ့ဘက် လေးမိုင်အကွာ ကျောက်ဆည်မြို့နှင့် ဖျောက်ဆိပ်ပင်ရွာသွား ကားလမ်းမတောင်ဘက်ဘေးရှိ မြင်စိုင်းနန်းဦးစေတီကို ကြည်ညိုဖွယ်ဖူးတွေ့နိုင်သည်။ ရှေးမြင်စိုင်းမြို့ဟောင်းတွင်ရှိသော မြို့ရိုးသုံးခုအနက် အလယ်မြို့ရိုးအတွင်းတွင် တည်ရှိပြီး တူးဖော်တွေ့ရှိသော မြင်စိုင်းနန်းတော်အုတ်ခုံ၏ တောင်ဘက်ပေ ၅၀ အကွာတွင် တည်ရှိသည်။

မြင်စိုင်းနန်းဦးစေတီသည် မြေစိုက်စေတီဖြစ်ပြီး ပုဂံရွှေစည်းခုံစေတီကဲ့သို့ပင် လေးထောင့်ပစ္စယံများခံပြီး တည်ဆောက်ထားသော စေတီတစ်ဆူဖြစ်သည်။ လေးဖက်လေးတန်ပစ္စယံများပေါ်တက်ရန် လမ်းလှေကားများပါရှိပြီး ပစ္စယံပတ်လည်တွင် ဇာတ်တော်စဉ့်ခွက်များပါရှိသည်။ ပစ္စယံသုံးဆင့်ပါရှိပြီး အောက်ခြေပစ္စယံအခြေမှာ တစ်ဖက်လျှင် ၁၇၄ ပေ ပတ်လည်ရှိကာ စေတီဉာဏ်တော်မှာ ၁၇၄ ပေကျော်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။

ကျောက်စာအထောက်အထားများအရ မြင်စိုင်းနန်းဦးစေတီတော်ကို သက္ကရာဇ် ၆၆၂ ခုနှစ် (ခရစ်သက္ကရာဇ် ၁၃၀၁ ခုနှစ်)တွင် အသင်္ခယာမင်းသည် နန်းတော်နှင့်တစ်ပြိုင်တည်း တည်ထားခဲ့ပြီး သက္ကရာဇ် ၆၉၁ (ခရစ်သက္ကရာဇ် ၁၃၃၀) ခုနှစ်တွင် ဥဇနာမင်းက မူလစေတီကိုငုံပြီး ဉာဏ်တော်မြှင့်တင်တည်ခဲ့ကြောင်း သိရသည်။

ယခုအခါ မြင်စိုင်းနန်းဦးစေတီတော်ပေါ်မှအနီးအနားရှိ မြင်စိုင်းခေတ်တောင်ထိပ်စေတီဟောင်းများ မြင်စိုင်းနန်းမြို့ရိုးများကို ကြည့်ရှုနိုင်သည်။ အဖိုးမဖြတ်နိုင်သော သမိုင်းတန်ဖိုး မြင့်မားသည့်နေရာများဖြစ်ပြီး ပြဋ္ဌာန်းစာအုပ်များတွင် ပြဋ္ဌာန်းထားသည့် မြင်စိုင်းရွှေပြည်ကဗျာများတွင် ဖော်ပြထားသော မြင်စိုင်းသားတို့၏ရှေးဟောင်းမြို့တော်ကို မှန်းဆလေ့လာနိုင်သည်။ မြင်စိုင်းနန်းဦးစေတီက မြင်စိုင်းမြို့ဟောင်းကို သက်သေထူလျက်ရှိပြီး မြင်စိုင်းရွှေပြည်ခေတ်က ဇာတ်တော်စဉ့်ကွင်းများနှင့် စဉ့်ကွင်းစာများကို ယနေ့တိုင်လေ့လာနိုင်သည်။

**နွေနဒီ(မြစ်ငယ်)**

# ရောင်းကုန်ဖြစ်ဆဲ

## နန်းဆိုင်နွမ်

"မူဆယ် တရုတ်ပြည်ဘက်က စားသောက်ဆိုင်မှာ အလုပ်လုပ်ရမယ်။ လစာကတော့ လက်ရှိဝင်ငွေထက်ပိုရမယ်" ဆိုတာကြောင့် နန်းအိမ်(အမည်လွှဲ) အတွက် တော်တော်ဝမ်းသာခဲ့ရပါတယ်။

နန်းအိမ်ဟာ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်မှာနေထိုင်တဲ့ ရှမ်းတိုင်းရင်းသူတစ်ဦးပါ။

နန်းအိမ်တို့နေထိုင်တဲ့ ဒေသဘက်မှာတော့ တောင်ယာအလုပ်သာ လုပ်ကိုင်ကြပါတယ်။

လက်ရှိမှာ စစ်ပွဲတွေ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတွေကြောင့် တောင်ယာလုပ်ဖို့ ခက်ခဲလာတဲ့အတွက် သူ့အနေနဲ့ တရုတ်ပြည်က စားသောက်ဆိုင်အလုပ်ကို ရွေးချယ်ရခြင်း ဖြစ်ပါတယ်။

"ကျွန်မကို တရုတ်ပြည်ဘက်က စားသောက်ဆိုင်မှာ အလုပ်ရမယ်လို့ပြောခဲ့တာကလည်း ကျွန်မတို့အသိထဲက ပါပဲ"လို့ နန်းအိမ်က ပြောပြပါတယ်။

တရုတ်နယ်စပ် မူဆယ်ဘက်ကို ကျောက်မဲမြို့ကနေ သွားရင် ၇ နာရီခန့်ကြာပြီး ကားခမှာလည်း ငွေကျပ်ထောင်ဂဏန်းဝန်းကျင်သာ ကုန်ကျပါတယ်။ နန်းအိမ်တစ်ယောက် တရုတ်ပြည်က စားသောက်ဆိုင်မှာ အလုပ်လုပ်ရဖို့ မူဆယ်တရုတ်နယ်စပ်ဂိတ်မှာခုနစ်ရက် ဝင်ခွင့်ဗီဇာနဲ့ဝင်ခဲ့ရတာပါ။

"တရုတ်ပြည်ရောက်တော့ ကျွန်မထင်ထားတဲ့ စားသောက်ဆိုင်မဟုတ်ဘူး။ ကျွန်မတို့မေးတော့လည်း ခဏနေရင် တရုတ်သူဌေးလာခေါ်မယ်လို့ပဲ ပြောပါတယ်"

အဲဒီနောက်မှာတော့ နန်းအိမ်ကို တရုတ်ပြည်ကျယ်ဂေါင်ဟိုတယ်ရဲ့ သုံးထပ်မှာ လှောင်ပိတ်ထားခဲ့ကြတယ်လို့ သူက ဝမ်းနည်းစွာ ပြောပြပါတယ်။

ဟိုတယ်ရောက်တဲ့အချိန်မှာ သူထင်ထားတဲ့ ပတ်ဝန်းကျင်မဟုတ်တဲ့အတွက် စိုးရိမ်စိတ်တွေ၊ ကြောက်လန့်စိတ်တွေ အများကြီးဖြစ်ရတယ်လို့လည်း ကြုံခဲ့ရတာတွေပြန်ပြောပြပါတယ်။

"ပြည့်တန်ဆာ လုပ်ရတော့မယ်ဆိုတော့ ကျွန်မကြောက်ကြောက်နဲ့ ဟိုတယ်ကနေမှန်ရိုက်ခွဲပြီး ထွက်ပြေးခဲ့ပါတယ်"လို့ တရုတ်နိုင်ငံကို ပြည့်တန်ဆာအဖြစ် လူကုန်ကူးခံရတဲ့ နန်းအိမ်က ဆိုပါတယ်။

ထွက်ပြေးလာချိန်မှာ တရုတ်စကားမပြောတတ်တဲ့အတွက် စိုးရိမ်မှုတွေရှိခဲ့ပေမယ့် ကံကောင်းပြီး ရှမ်းစကားပြောတတ်တဲ့ သူနဲ့တွေ့ဆုံခဲ့ကာ လွတ်မြောက်လာကြောင်း သူ့ရဲ့အတွေ့အကြုံကို ပြောပြပါတယ်။

နန်းအိမ်လို တရုတ်ပြည်မှာ မြန်မာအမျိုးသမီးတွေကို ပြည့်တန်ဆာလုပ်ခိုင်းတာတွေ၊ တရုတ်ယောကျ်ားတွေနဲ့ လက်ထပ်ရတာတွေလည်းရှိတယ်လို့ လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့က ပြောပြပါတယ်။

အခုနောက်ပိုင်းမှာ အမျိုးသမီးတွေကို တရုတ်နယ်စပ် မူဆယ်မြို့ဘက်ကို လူကုန်ကူးမှုတွေ ပိုပြီးလုပ်ဆောင်လာကြပါတယ်။

အဓိကကတော့ မူဆယ်လမ်းက ငွေကျပ် ၁၀၀၀၀ ရှိရုံနဲ့ အလွယ်တကူ သွားလာနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်လို့လည်း လူကုန်ကူးမှု တားဆီးကာကွယ်တဲ့အဖွဲ့တွေက ဆိုကြပါတယ်။

ရှမ်းပြည်နယ်မှာ ယခုနှစ်အတွင်း လက်ရှိအချိန်ထိ လူကုန်ကူးမှု ၄၈ မှုဖြစ်ပွားခဲ့ပြီး မူဆယ်မှ တရုတ်နိုင်ငံသို့ ရောင်းချခံရမှုက အများဆုံးဖြစ်တယ်လို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)မှ ရဲမှူးဦးလှဦးက ပြောပါတယ်။

"အဓိကကတော့ မူဆယ်မြို့ဘက်မှာ အများဆုံးပါ။ တရုတ်နိုင်ငံကို အဓမ္မထိမ်းမြားစေမှုတွေ အများဆုံးပါ"

၂၀၁၇ -၂၀၂၁ ခုနှစ် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယငါးနှစ်စီမံကိန်း၏ လုပ်ငန်းစီမံချက်များမှာ ရှမ်းပြည်နယ်က လူကုန်ကူးမှုအများဆုံး ပြည်နယ်စာရင်းမှာ ပါဝင်နေပါတယ်လို့ ပြောပါတယ်။

လူကုန်ကူးခံရသူတွေမှာ အမျိုးသမီး ၅၇ ရာခိုင်နှုန်းနဲ့ ကလေးသူငယ်ပါဝင်မှု ၁၄ ဒသမ ၇ ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။

"မူဆယ်ဘက်က သွားရလာရတာ လွယ်ကူတယ်။ လမ်းစရိတ်လည်း စျေးသက်သာတဲ့အတွက် မူဆယ်လမ်းကြောင်းကို လူကုန်ကူးမှုတွေ များလာတာဖြစ်တယ်"လို့ လူကုန်ကူးမှုတားဆီးရေးအဖွဲ့တစ်ခုဖြစ်တဲ့ ကချင်အမျိုးသမီးအဖွဲ့မှ ဒေါ်ဘောက်အောန်က ဆိုပါတယ်။

မြန်မာပြည်မှာ အလုပ်အကိုင် ရှားပါးလာတဲ့အတွက် ဝင်ငွေများတဲ့ တရုတ်ပြည်မှာ သွားလုပ်ဖို့ ပွဲစားတွေကို ဆက်သွယ်ပြီးသွားကြတာလည်းရှိတယ်လို့ ဒေါ်ဘောက်အောန်က ပြောပါတယ်။

"ကျွန်မတို့အဖွဲ့က ကယ်တင်ပေးပြီး လွတ်မြောက်လာတဲ့သူတွေမှာဆိုရင် တရုတ်အမျိုးသားနဲ့ အဓမ္မလက်ထပ်ပေးခံခဲ့ရပြီး ကလေးနှစ်ယောက်မွေးခဲ့ရတာတွေ၊ ပြည့်တန်ဆာလုပ်ပြီး လွတ်မြောက်လာတာတွေလည်း ရှိပါတယ်"လို့ ဒေါ်ဘောက်အောန်က ဆိုပြန်ပါတယ်။

"တချို့တရုတ်ပြည်မှာ ရောင်းခံရ၊ လူကုန်ကူးခံရပြီး ပြန်လွတ်လာတော့ သူတို့ဒေသပြန်ရောက်သွားပြီး လုပ်စရာအလုပ်ကလည်း မရှိဆိုတော့ လူကုန်ကူးတဲ့ အလုပ်တွေ ပြန်လုပ်ကြတယ်"လို့ သူက ပြောပါတယ်။

"ကျွန်မတို့ကူညီပြီး လွတ်မြောက်လာတဲ့သူတွေ တချို့အမျိုးသမီးတွေကိုယ်တိုင်က လူကုန်ကူးတဲ့ပွဲစားပြန်ဖြစ်သွားတယ်"လို့ ဒေါ်ဘောက်အောန်က ဆိုပါတယ်။

နယ်စပ်ဒေသတစ်လျှောက်မှာ နေထိုင်တဲ့သူတွေဟာ စစ်ဖြစ်ပွားမှုတွေကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရပြီး စားဝတ်နေရေး အဆင်မပြေမှုတွေကြောင့် နယ်စပ်မှာ ရရာအလုပ်ကို လုပ်ကိုင်နေကြရပါတယ်လို့လည်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့တွေက ဆိုကြပါတယ်။

ဒီအချက်တွေအပြင် အသိပညာ၊ ဗဟုသုတနည်းပါးတဲ့အတွက် ငွေရရင်ပြီးရောဆိုတဲ့စိတ်နဲ့ အယုံလွယ်တာ၊ စည်းရုံးရလွယ်တာတွေကြောင့်လည်း လူကုန်ကူးခံနေကြရတာလို့လည်း ပြောပါတယ်။

ပြည်ပကို ပို့တာမဟုတ်ဘဲ ပြည်တွင်းမှာပဲ အခုလို လိမ်လည်ခံရတာတွေလည်းရှိပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ လက်ဖက်ရည်ဆိုင်မှာ အလုပ်ရမယ်ဆိုတဲ့ ပွဲစားရဲ့လိမ်လည်မှုနဲ့ ပြည့်တန်ဆာ အခန်းရောက်သွားတဲ့ တောင်ကြီးမြို့က အမျိုးသမီးတွေဟာ ပြည်တွင်းမှာ ရောင်းစားခံခဲ့ရတာပါ။

"ကျွန်မတို့ကို တာချီလိတ်လက်ဖက်ရည်ဆိုင်မှာ အလုပ်ရမယ်ဆိုပြီး ခေါ်လာတာ။ တာချီလိတ်ရောက်တော့ ပြည့်တန်ဆာ အခန်းရောက်သွားတယ်။ ကျွန်မ ယောကျ်ားတွေနဲ့အတူမနေချင်ဘူး။ အလုပ်မလုပ်ချင်ဘူးလို့ပြောတော့ ပိုက်ဆံပေးခိုင်းထားတာဆိုပြီးလုပ်ရပါတယ်"လို့ တောင်ကြီးမြို့က မပပ(အမည်လွှဲ)က အတိတ်ကဖြစ်ရပ်ကို ပြန်ပြောပြပါတယ်။

မပပနဲ့အဖော်တစ်ဦးဟာ ပြည့်တန်ဆာအိမ်မှာ လေးရက်နေခဲ့ရပြီး တာချီလိတ်က ဆိုင်ကယ်တက္ကစီသမားတစ်ဦးအကူအညီနဲ့ လွတ်မြောက်လာခဲ့ပါတယ်လို့ သူက ပြောပြပါတယ်။

မြန်မာပြည်အနှံ့ မြို့၊ ရွာ၊ ဒေသတွေမှာ အထူးသဖြင့် နယ်စပ်ဒေသတွေမှာတော့ လူကုန်ကူးခံရမှုတားဆီးကာကွယ်ဖို့အတွက် ဆိုင်းဘုတ်ကြီးတွေ ကပ်ထားပေမယ့် လူကုန်ကူးမှုတွေကတော့ ပုံစံမျိုးစုံနဲ့ကြုံတွေ့နေရဆဲပါ။

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့နယ်မြေမှာ ၂၀၀၇-၂၀၁၁ ခုနှစ် ပထမငါးနှစ်အတွင်း လူကုန်ကူးမှု ၂၉၁ မှု၊ ၂၀၁၂-၂၀၁၆ ခုနှစ် ဒုတိယငါးနှစ်မှာ အမှု ၂၁၈ မှုရှိခဲ့ပြီး ၂၀၁၇ ခုနှစ် လက်ရှိအချိန်မှာတော့ ၄၈ မှု ဖြစ်ပွားခဲ့ပါတယ်။

လူကုန်ကူးရောင်းချခံရတဲ့နိုင်ငံတွေအနေနဲ့ တရုတ်နိုင်ငံကို အဓိကပစ်မှတ်ထားသလို ပြည်တွင်းလူကုန်ကူးမှုက ဒုတိယနေရာယူကာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား စတဲ့နိုင်ငံတွေကတော့ တတိယနေရာမှာ လူကုန်ကူးခံနေရတယ်လို့ နေပြည်တော် လူကုန်ကူးမှုတားဆီးရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

လူကုန်ကူးမှုအမျိုးအစားတွေကတော့ အဓမ္မလက်ထပ်ထိမ်းမြားစေမှု၊ ပြည့်တန်ဆာအဖြစ်ခိုင်းစေမှု၊ လုပ်အားခေါင်းပုံဖြတ်မှုတို့ ဖြစ်တယ်လို့ သိရပါတယ်။

ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တွေမှာ လူကုန်ကူးမှုအများဆုံးဖြစ်ကြောင်း သိရပါတယ်။

ရှမ်းပြည်အရှေ့ပိုင်းမှာတော့ လူကုန်ကူးမှုအများဆုံးက ပြည့်တန်ဆာလုပ်ငန်းနဲ့ အပျိုစင်ဘဝကိုရောင်းစားတဲ့ အလုပ်ဖြစ်တယ်လို့ တာချီလိတ်ခရိုင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးဒေါ်ရင်ရင်အေးက ပြောပါတယ်။

လူကုန်ကူးမှုနဲ့ပတ်သက်ပြီးတော့ ပြစ်ဒဏ်အနေနဲ့ ထောင်ဒဏ် ၁၀ နှစ်ကနေ ၁၅ နှစ်အကြား ဖြစ်ပေမယ့် တချို့ကတော့ တရားခံအပေါ်မူတည်ကာ တရားသူကြီးက ပြစ်ဒဏ်ချတယ်လို့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က ပြောပါတယ်။

"နယ်စပ်ဒေသတွေမှာ အလုပ်ရမယ်၊ ဝင်ငွေကောင်းမယ်ဆိုပြီးခေါ်ရင် မယုံကြည်ဖို့၊ အယုံမလွယ်ဖို့ပြောချင်ပါတယ်"လို့ နန်းအိမ်ကတော့ ပြောပါတယ်။ ။

***မှုရင်း-http://hiburma.net/2017***

# နှစ်ဆင့်ချေးငွေစီမံကိန်းချေးငွေဖြင့် ဝယ်ယူသည့်စက်ကိရိယာများအား တောင်သူလယ်သမားများထံ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၉**

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း (JICA, Two Step Loan)ချေးငွေဖြင့် ဝယ်ယူသည့် စက်ကိရိယာများအား နေပြည်တော်အတွင်းရှိ တောင်သူလယ်သမားများထံသို့ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်လယ်ဝေးမြို့နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၌ ကျင်းပသည်။



အခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ယခုထုတ်ချေးသည့် နှစ်ဆင့်ချေးငွေစီမံကိန်းချေးငွေသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဆောင်ရွက်ချက်များကိုဖြည့်ဆည်းပေးသည့်ချေးငွေဖြစ်ပြီး တောင်သူလယ်သမားများအတွက်လည်း မြေယာပြုပြင်သည်မှ ရိတ်သိမ်းခြွေလှေ့ ကြိတ်ခွဲထုပ်ပိုးရောင်းချသည်အထိ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် လိုအပ်သည့် လယ်ယာသုံးစက်ကိရိယာများ၊ စိုက်ပျိုးမွေးမြူရေးအခြေခံစီးပွားရေး လုပ်ငန်းများဖြစ်သည့် ဆန်စက်၊ ဆီစက်၊ ကြိတ်ခွဲစက်၊ သန့်စင်စက်၊ သိုလှောင်ရုံ၊ ဂိုဒေါင်စသည့် စက်ပစ္စည်းများကို ဝယ်ယူနိုင်သည်အထိ ပမာဏအားဖြင့်များပြားသည့်ငွေကြေးများကို နှစ်တို၊ နှစ်ရှည်ချေးငွေအဖြစ်ချေးယူပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို ပိုမိုအကျိုးရှိထိရောက်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်မှုကအမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဦးမင်းသူက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေစီမံကိန်း (JICA, Two Step Loan) ချေးငွေ၏ ရည်ရွယ်ချက်၊ မူဝါဒနှင့်ချေးငွေဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် JICA Myanmar Office ဒုတိယတာဝန်ခံ Mr. Sakai တို့က တောင်သူများထံသို့ ဝယ်ယူသည့်စက်ပစ္စည်းများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ရောင်းချထားသည့် လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများကို လိုက်လံကြည့်ရှုသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်း (JICA, Two Step Loan) ချေးငွေရယူရန်ကိစ္စကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပြည်မြို့နယ်၌ Pilot Project အဖြစ် စတင်ဆောင်ရွက်နိုင်ခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# LMCE ကုန်စည်ပြပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှု မြှင့်တင်ရေးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နိုင်ငံတကာကုန်စည်ပြပွဲများကို သွားရောက်ပြသနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိသည်။

Lancang-Mekong Sub Regional Commodity Exposition (LMCE) ကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Dianchi International Convention and Exhibition Center တွင် နိုဝင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ နေပြည်တော် ဖုန်း ၀၆၇-၄၃၀၄၄၆/၄၃၀၄၄၇ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ Email:moctradefair@gmail.com နှင့် မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်)ဖုန်း ၀၁-၂၅၄၀၂၄၊ Email: itpic.moc@gmail. com၊ website: www.trade.gov. mm သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအတွက် တိုင်းရင်းဆေးများနှင့် အလှူငွေများ လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအတွက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း(ယာယီ)မှ တိုင်းရင်းဆေးများနှင့် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဒေါက်တာမြင့်ထွေး၊ အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (ယာယီ)ဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်း ဆေးဝါးထုတ်လုပ်ရေး)က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တိုင်းရင်းဆေးများနှင့် အလှူငွေများ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင် စကားပြောကြားရာတွင် ယခုအခါ ရခိုင်ဒေသဖြစ်စဉ်များကို တစ်ကမ္ဘာလုံးက အာရုံစိုက်လျက်ရှိကြောင်း၊ မြန်မာ နိုင်ငံတွင် ဆင်းရဲချမ်းသာမရွေး၊ လူမျိုး၊ ဘာသာမရွေး၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း ရှိသည့် အချိန်အခါလည်း ဖြစ်ကြောင်း။

ယခုကဲ့သို့ လိုအပ်သည့်အချိန်အခါတွင် လိုအပ်သည့် တိုင်းရင်းဆေးဝါးများနှင့် အလှူငွေများ ပေးအပ်သည့် အတွက် အထူးကျေးဇူးတင်ကြောင်း၊ ဆေးတစ်မျိုးချင်းစီ ၏ အာနိသင်များအား ရှင်းလင်းဖော်ပြသည့် ဆေးအညွှန်းများ ကိုလည်း ပူးတွဲပေးပို့ပေးစေလိုကြောင်း၊ ယခုလှူဒါန်း သည့် တိုင်းရင်းဆေးများနှင့် အလှူငွေများကို ရခိုင်ဒေသ၌ နေထိုင်သူများထံသို့ အမြန်ဆုံး ပေးပို့သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် တိုင်းရင်းဆေးဝါးကဏ္ဍတိုးတက်ရေးနှင့်ပတ်သက် ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လက်တွေ့ ဆောင်ရွက်နေသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြား သည်။

ယနေ့ လှူဒါန်းသည့် တိုင်းရင်းဆေးဝါးများမှာ တိုင်းရင်း ဆေး အမျိုးပေါင်း ၂၆ မျိုး၏ ဆေးဘူး၊ ဆေးထုပ်အရေ အတွက်ပေါင်း သုံးသိန်းကျော်၊ တန်ဖိုးငွေကျပ် ၆၈၁ သိန်း ကျော်နှင့် ငွေသားအလှူငွေကျပ် ၂၃ သိန်း စုစုပေါင်း ငွေကျပ် ၇၀၄ သိန်းဖိုးခန့်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောဒေသအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**မောင်တော အောက်တိုဘာ ၁၉**

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေးကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိရာ မောင်တောဒေသကိုလည်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

"မောင်တောမြို့ပေါ် အတွက် နိုင်ငံတော်ဓာတ်အားစနစ်ကနေ ဓာတ်အား အရန်သင့်ပို့လွှတ်နိုင်ဖို့အတွက် အခုနှစ်မှာ ထရန်စဖော်မာ တည်ဆောက်ရေး လုပ်ငန်းတွေ ဆောင်ရွက်သွားမှာပါ။ မောင်တောဒေသအတွက် ထရန် စဖော်မာလေးငါးလုံးလောက် တည်ဆောက်မယ်လို့ ရည်ရွယ်ထားပါတယ်။ မောင်တောမြို့ပေါ် လျှပ်စစ်မီးရောက်တာနဲ့ မြို့နားနီးတဲ့ကျေးရွာ ၁၅ ရွာကို လည်း လျှပ်စစ်မီးရောက်ရှိဖို့ ဆောင်ရွက်သွားမှာပါ"ဟု မောင်တောခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထွန်းက ပြောသည်။

လက်ရှိတွင် မောင်တောခရိုင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပုဏ္ဏား ကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော စသည်ဖြင့် နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပို့လွှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် မရှိမဖြစ်အရေးပါလျက်ရှိနေပြီး မောင်တော ဒေသလျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်လျက်ရှိရာတွင် မောင်တောမြို့နယ်အား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် လျှပ်စစ်မီးပေးနိုင်ရေးနှင့် ရသေ့တောင်မြို့နယ်အား ၂၀၁၈ ခုနှစ် မတ်လတွင် လျှပ်စစ်မီးပေးနိုင်ရေး တည်ဆောက်ရေးပိုင်းမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက်မှုဖြစ်စဉ်မတိုင်မီက မောင်တောဒေသ လျှပ်စစ်မီးရရှိရေးအတွက် ဒီဇယ်ဂျင်နရေတာများကို အသုံး ပြုကာ တစ်ရက်လျှင် ငါးနာရီနှုန်း မီးပေးနိုင်ခဲ့ကြောင်း သိရသည်။ လျှပ်စစ်ဓာတ် အားရောက်ရှိပါက မောင်တောမြို့နယ်တွင် ကျေးရွာ ၁၅ ရွာနှင့် ဘူးသီးတောင် မြို့နယ်တွင် ကျေးရွာ ၁၁ ရွာတို့အား လျှပ်စစ်မီးရရှိရေး ဆောင်ရွက်သွား မည်ဖြစ်ကြောင်းလည်း သိရသည်။

**(နိုင်လင်းကြည်၊ သန့်ဇင်ဝင်း)**

■



# စစ်တွေမြို့ ဓညဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေးစခန်းရှိ ဟိန္ဒူဘာသာဝင်များအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**စစ်တွေ အောက်တိုဘာ ၁၉**

စစ်တွေမြို့ ဓညဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေး စခန်းတွင် ခေတ္တခိုလှုံနေထိုင်နေကြသည့် ဟိန္ဒူဘာသာဝင် များအား ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် တိုင်းရင်း ဆေးပညာဦးစီးဌာနက တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ဟိန္ဒူဘာသာဝင်များအား ကျန်းမာရေးစောင့်ရှောက် ရာတွင် ရင်ကျပ်၊ အနာပေါက်၊ ချောင်းဆိုးခြင်းနှင့် အရေ ပြားရောဂါများ အများဆုံးကုသပေးခဲ့ရကြောင်း စစ်တွေမြို့ တိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးမှူး ဦးသိန်းငွေ အောင်က ပြောသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရာတွင် စစ်တွေမြို့တိုင်းရင်းဆေးရုံမှ ဒုတိယတိုင်းရင်းဆေးမှူး ဦးသိန်းငွေအောင်၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းငါးဦး တို့က ဓညဝတီအားကစားကွင်း ယာယီကယ်ဆယ်ရေး စခန်းတွင် ခေတ္တခိုလှုံနေထိုင်ကြသည့် ဟိန္ဒူဘာသာဝင် ၁၅၆ ဦးတို့အား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် သတင်းထုတ်ပြန်ရေးကော်မတီအဖွဲ့ဝင်များနှင့် စစ်တွေမြို့အခြေစိုက် သတင်းမီဒီယာများ တွေ့ဆုံ

**စစ်တွေ အောက်တိုဘာ ၁၉**

ရခိုင်ပြည်နယ် သတင်းထုတ်ပြန်ရေးကော်မတီအဖွဲ့ဝင် များနှင့် စစ်တွေမြို့အခြေစိုက်သတင်းမီဒီယာများ တွေ့ဆုံ ပွဲကို ယနေ့ ညနေ ၃ နာရီတွင် စစ်တွေခရိုင် ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်သတင်းထုတ်ပြန်ရေး ကော်မတီအတွင်း ရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်က ရခိုင်ပြည်နယ်အတွင်း သတင်းရယူနေကြသည့် သတင်းမီဒီယာများအနေဖြင့် လိုက်နာရမည့် စည်းကမ်းချက်များနှင့် လုပ်ထုံးလုပ်နည်း များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် သတင်းမီဒီ ယာများက မိမိတို့သတင်းဌာနအလိုက် သတင်းရယူနေမှုနှင့် သတင်းရယူရာတွင် တွေ့ကြုံကြရသည်များကို ဆွေးနွေး တင်ပြကြရာ သတင်းရဲတပ်ဖွဲ့(စစ်တွေ) ဒုတိယရဲမှူး ကြည်စန်းလွင်နှင့် တာဝန်ရှိသူများက ယုံကြည်မှုတည် ဆောက်ပြီး ပူးပေါင်းကာ ရခိုင်ပြည်နယ်သတင်းမှန်ထုတ်ပြန် နိုင်ရေး ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး၊ သတင်းရဲတပ်ဖွဲ့(စစ်တွေ) ဒုတိယရဲမှူး၊ စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးမှူး၊ စစ်တွေမြို့အခြေစိုက် Eleven၊ RFA၊ SkyNet၊ News Watch၊ DVB၊ MCN၊ Irrawaddy၊ Narinjara၊ Rakhine Gazette စသည့်သတင်းဌာနများမှ သတင်းသမား ၁၁ ဦး တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**



# နယ်သာလန်နိုင်ငံမှ အရည်အသွေးမြင့် ပန်းမျိုးစိတ်များ မြန်မာနိုင်ငံတွင် စိုက်ပျိုး၍ တင်ပို့သွားမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ကမ္ဘာပေါ်တွင် ပန်းစိုက်ပျိုးထုတ်လုပ် တင်သွင်း/တင်ပို့မှု အများဆုံးနိုင်ငံတစ်ခုဖြစ်သော နယ်သာလန်နိုင်ငံမှ အရည်အသွေးမြင့် ပန်းမျိုးစိတ်များကို မြန်မာနိုင်ငံသို့ တင်သွင်းလာပြီး ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့သွားမည်ဖြစ်ကြောင်း ယင်းနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အရည်အသွေးကောင်း ပန်းမျိုးစိတ်များ ပြည်တွင်းတွင် စိုက်ပျိုးပြီး ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့နိုင်ရန်အတွက် နယ်သာလန်နိုင်ငံမှ ပန်းမျိုးစိတ် ၄၈ မျိုးကို ကနဦးတင်သွင်းလာခဲ့ခြင်းဖြစ်ကြောင်း အဆိုပါနိုင်ငံမှ တိုက်ရိုက်တင်သွင်းလာသည့် FMK Business Support မှ CEO ဒေါ်မြသွေးက ပြောသည်။

"လီလီပန်း ကိုးမျိုးနဲ့ သစ္စာပန်းဆိုရင်လည်း အရောင်အမျိုးအစား ၃၉ ရောင် တင်သွင်းလာတာပါ။ လီလီပန်းကတော့ အပူချိန် ၂၇ ဒီဂရီနဲ့အောက်မှာ စိုက်ပျိုးဖို့ အသင့်တော်ဆုံးပါ။ သစ္စာပန်းကတော့ နေရာမရွေး စိုက်ပျိုးလို့ရပါတယ်။ အဓိကကတော့ မြန်မာနိုင်ငံဟာ ပန်းကို အမြတ်တနိုးနဲ့ ဘုရားပန်းတင်တယ်။ ဈေးကွက်လည်းရှိတဲ့အတွက် ပြည်တွင်း ပန်းစိုက်တောင်သူတွေအတွက် အထောက်အကူပြုနိုင်စေဖို့အတွက်လည်း ဖြစ်ပါတယ်။ ရှမ်းပြည်တောင်ပိုင်းနဲ့ ပြင်ဦးလွင်မှာလည်းပဲ စိုက်ပျိုးသွားပါမယ်။ ပန်းမျိုးဥတွေလည်း ရောင်းချသွားပါမယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံသို့ နယ်စပ်မှတစ်ဆင့် တရုတ်ပြည်မှ ပန်းများ ရောင်းချလာမှုမြင့်တက်လာသည့်အတွက် ပြည်တွင်း ပန်းစိုက်တောင်သူများ အခက်အခဲဖြစ်လာသည့်အပြင် တဖြည်းဖြည်း ပန်းစိုက်တောင်သူ လျော့နည်းလာကြောင်း၊ ယင်းအတွက် ပြည်တွင်းတောင်သူများကို အထောက်အကူပြုရန်နှင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပသို့လည်း ပြန်လည်တင်ပို့နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

နယ်သာလန်နိုင်ငံသည် ကမ္ဘာကျော် ပန်းတို့တိုင်းပြည်ဟုပင် တင်စားခံရသည့်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ဈေးကွက်၏ ၆၀ ရာခိုင်နှုန်းကျော်မှာ အဆိုပါနိုင်ငံမှ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။ ပန်းမျိုးထုတ်လုပ်ရာနေရာများ၊ ပန်းစိုက်တောင်သူများသာမက ပန်းနှင့်ပတ်သက်သော ပြည်ပတင်ပို့နေသည့် ကုမ္ပဏီပေါင်း ၆၅၀ ခန့်အထိရှိကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်၏ စစ်တမ်းများအရ ပန်းအပါအဝင် ပန်းမျိုးဥများ တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံအထိရှိခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်သာလန်နိုင်ငံမှ ပန်းမျိုးဥများ စတင်တင်သွင်းလာခြင်း မိတ်ဆက်ပွဲနှင့် သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအား အရည်အသွေးမြင့် ပန်းများစိုက်ပျိုးထုတ်လုပ်အောင်မြင်သောနိုင်ငံအဖြစ် တွေ့မြင်လိုကြောင်း အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ **(၀၀၁)**





## ရေတာရှည်မြို့နယ်တွင် ဂျပန်နိုင်ငံထုတ် OSEKI စက်ဖြင့် မိုးစပါးရိတ်သိမ်းခြင်း သရုပ်ပြ

**ရေတာရှည် အောက်တိုဘာ ၁၉**

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြရသည့် တောင်သူများအနေဖြင့် လုပ်သားရှားပါးမှု၊ လုပ်အားခကုန်ကျစရိတ်ကြီးမြင့်မှုနှင့် ကြုံတွေ့နေချိန်တွင် ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို ပြောင်းလဲအားထားအသုံးပြုလာကြသည်ကို တွေ့ရှိရသည်။ ထိုသို့ လယ်ယာသုံးစက်ပစ္စည်းများ တောင်သူများလက်ဝယ်သို့ ရောက်ရှိပိုင်ဆိုင်နိုင်ရေးတွင် စက်မှုလယ်ယာဦးစီးဌာနများနှင့် ချိတ်ဆက်၍လည်းကောင်း၊ ဘဏ်များနှင့် ချိတ်ဆက်၍လည်းကောင်း အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

လယ်ယာသုံးစက်ပစ္စည်းများကို ကုမ္ပဏီများက အပြိုင်အဆိုင်တင်သွင်း၍ ရောင်းချရာတွင် တောင်သူများအနေဖြင့် မိမိတို့၏ ရေမြေအနေအထားပေါ် မူတည်ကာ ရွေးချယ်ဝယ်ယူနိုင်ရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ထွန်ယက်ခြင်း၊ စပါးရိတ်သိမ်းခြင်း၊ မြေယာပြုပြင်ခြင်းတို့ကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈) ထွန်စက်စခန်းမှ ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက ကုန်ကြီးကျေးရွာအုပ်စု ကုန်းကြီးလမ်းဆုံနှင့် ပြီစုတ်ကျေးရွာအကြားရှိ တောင်သူ ဒေါ်နီ၏ စပါးခင်း၌ ဂျပန်နိုင်ငံထုတ် OSEKI စပါးရိတ်သိမ်းခြွေလှေ့စက် ဖြင့် ဂျပန်နိုင်ငံသားပညာရှင်များကိုယ်တိုင် သရုပ်ပြသခဲ့သည်။

အဆိုပါသရုပ်ပြပွဲသို့ တောင်ငူခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် ဌာနဆိုင်ရာများ၊ ကုန်းကြီး၊ ကွင်းကြီး၊ ဆွာမင်းလမ်း၊ ဇလုပ်ကြီးကျေးရွာအုပ်စုများမှ တောင်သူ ၁၅၀ ကျော် တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# (၆၄)နှစ်ပြည့် ဆင်မကြီးမိုမိုမွေးနေ့ မျက်လှည့်ပြကွက်ဆန်းများနှင့်အတူ ဟာသဆပ်ကပ်ပြကွက်များ ပါဝင်မည်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ကျင်းပမည့် (၆၄) နှစ်ပြည့် ဆင်မကြီးမိုမိုမွေးနေ့သို့ လာရောက်ဆင်နွှဲကြမည့် ပရိသတ်များ ပျော်ရွှင်စေရန်ရည်ရွယ်၍ ယခုနှစ်တွင် မျက်လှည့်ပြကွက်ဆန်းများနှင့်အတူ တစ်မူထူးခြားသည့် ဟာသဆပ်ကပ်ပြကွက်များကိုပါ ထည့်သွင်းဖျော်ဖြေသွားမည်ဖြစ်ကြောင်း မျက်လှည့်ပညာရှင် ကိုခိုင်က ပြောသည်။

"ကျွန်တော်ဖွဲ့ထားတဲ့ mini ဆပ်ကပ်အဖွဲ့က ဆပ်ကပ်မယ်လေးတွေဖြစ်တဲ့ ဇီးကွက်မတို့ ဘာလချောင်တို့ ဟာသအဖွဲ့က စင်ပေါ်မှာ ပြမှာမဟုတ်ဘဲ ပရိသတ်ကြားထဲမှာ ပရိသတ်နဲ့အတူ ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ ကုလားမခြေထောက် လမ်းလျှောက်တဲ့ ပြကွက်၊ မီးအလှပြမယ်လေးတွေပါမယ်။ စက်ဘီးစီးမယ့် ပြကွက်တွေပါမယ်။ ကျွန်တော့်ရဲ့ မျက်လှည့်က သတ်သတ်၊ mini ဆပ်ကပ်အဖွဲ့လေးက သတ်သတ် ဒီနှစ်မှာ ထူးထူးခြားခြားဖြစ်အောင် ဖျော်ဖြေသွားမှာပါ"ဟု ၎င်းက ပြောသည်။

ဆင်မကြီးမိုမို၏ မွေးနေ့ကို အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး မိုမိုမွေးနေ့ဖြစ်သည့် အောက်တိုဘာ ၂၂ ရက်တွင် မျက်လှည့်ပညာရှင် ကိုခိုင်၏ ပြကွက်ဆန်းဖျော်ဖြေမှုများနှင့်အတူ မိုမိုအတွက် အရုဏ်ဆွမ်းကပ်လှူခြင်း၊ မိုမို၏ မွေးနေ့ကိတ်အား ပရိသတ်နှင့်အတူ မိုမိုကိုယ်တိုင်ခွဲခြင်း၊ တိရစ္ဆာန်ငယ်လေးများ၏ လိမ္မာကျွမ်းကျင်မှု ပြကွက်များ၊ ချစ်စရာကလေးငယ်များ၏ ဖျော်ဖြေမှု၊ ပျော်ရွှင်စရာ အစီအစဉ်များအပြင် ဧည့်သည်အဆိုတော် ဘရိတ်ကီနှင့် Life & Dance အဖွဲ့၏ ဖျော်ဖြေမှုနှင့်အတူ Unplugged Band ၏ အကောင်းဆုံးဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သီသီမင်း၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



(၆၃) နှစ်မြောက်မွေးနေ့တွင် ဆင်လိမ္မာကြီး မိုမိုအား တွေ့ရစဉ်။



## တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား စက်ဘီးစီးပြိုင်ပွဲ ဆုများချီးမြှင့်

**ရန်ကုန် အောက်တိုဘာ ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် CB-Bank တို့ ပူးပေါင်းကျင်းပသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို သဃ်န်းကျွန်းမြို့နယ် စက်ဘီးလေ့ကျင့်ရေး အားကစားကွင်း၌ အောက်တိုဘာ ၁၅ ရက်က ကျင်းပရာ အမျိုးသား မီတာ ၄၈၀၀ အုပ်စုတစ်ဦးချင်းပြိုင်ပွဲ၊ မီတာ ၁၀၀၀ အုပ်စု တစ်ဦးချင်းစံချိန်ပြပြိုင်ပွဲ၊ မီတာ ၄၀၀၀ အုပ်စု တစ်ဦးချင်း စံချိန်ပြပြိုင်ပွဲ၊ မီတာ ၈၀၀ အုပ်စုတစ်ဦးချင်း စံချိန်ပြပြိုင်ပွဲနှင့် မီတာ ၄၀၀၀ အုပ်စု အသင်းလိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲအပြီးတွင် ဆုများ ဆက်လက်ချီးမြှင့်ပြီး ပြိုင်ပွဲတစ်လျှောက်လုံး CB-Bank က ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

## မုန်တိုင်းငယ်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၉။** ။ ယနေ့ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် အိန္ဒိယနိုင်ငံ ပူရီမြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၁၅၀ ခန့်၊ ချန့်ဘာလီမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၂၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး ပိုမိုအားကောင်းလာကာ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ပူရီမြို့နှင့် ချန့်ဘာလီမြို့တို့အနီးမှ နောက် ၁၈ နာရီအတွင်း ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။ မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၉**
ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများ၊ ပညာရေးမိသားစုများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် အခြေခံပညာကဏ္ဍတွင် ကျောင်းသား ကျောင်းသူများ သိသိသာသာ တိုးတက်မှုရှိလာကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေမြဲရေးနှင့် ကျောင်းထွက်နှုန်း ပပျောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မူလတန်းပညာရေးသည် အလွန်အရေးကြီးပြီး Grade 3 (တတိယတန်း) ရောက်သည့် ကျောင်းသား ကျောင်းသူတိုင်း ရေးတတ်၊ ဖတ်တတ်၊ တွက်ချက်တတ်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ စာဖတ်ပြိုင်ပွဲများကို မိဘဆရာအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက ကျောင်းများတွင် အားကစားပြိုင်ပွဲများ၊ ပန်းချီ၊ ဂီတအနုပညာပွဲများ ကျင်းပပြုလုပ်ရန်နှင့် မိဘဆရာအသင်း၊ ပြည်သူလူထုများနှင့် ပူးပေါင်းကာ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန်လိုကြောင်း၊ မိဘများနှင့် ပြည်သူလူထုတစ်ရပ်လုံးပါဝင်သည့် (School Family Day) ကို စည်ကားသိုက်မြိုက်စွာ ကျင်းပစေလိုကြောင်း၊ သို့မှသာ ကလေးများကျောင်းနေပျော်၍ ကျောင်းထွက်နှုန်းလျော့နည်းပြီး သင်ယူတတ်မြောက်မှုနှုန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ကျောင်းထောက်ပံ့ကြေးများကို စနစ်တကျသုံးစွဲဆောင်ရွက်ရန်နှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ အကျိုးရှိ ထိရောက်ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စာရင်းဇယားများ ပြုစုရေးဆွဲရာတွင် စာရင်းအချက်အလက်များ မှန်ကန်တိကျရန် လိုအပ်ကြောင်း အကြံပြုပြောကြားခဲ့သည်။

ကျောင်းအလိုက်၊ ဌာနအလိုက် ဖြည့်ဆည်းရမည့် လိုအပ်ချက်များကို တန်းစီစာရင်းဇယားများ ပြုလုပ်ကာ ဦးစားပေးဆောင်ရွက်နိုင်ရေး အဆင့်သတ်မှတ်ဆောင်ရွက်ထားရန်လိုကြောင်း၊ သင်ကြားရေး၊ စီမံဘဏ္ဍာ စသောဌာနအားလုံးတွင် အရည်အသွေး တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရေးနှင့် အခက်အခဲပြဿနာများနှင့် တွေ့ကြုံလာသည့်အခါ တည်ငြိမ်စွာဖြေရှင်းဆောင်ရွက်ကြရေး၊ ပညာရေးအရည်အသွေးမြင့်မားအောင် ဆောင်ရွက်ရာတွင် ကျောင်းနေနှုန်းမြင့်မားရေး၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားဘဲ ပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းထွက်နှုန်းလျော့နည်းရေးနှင့် သင်ယူတတ်မြောက်မှုအရည်အသွေးများ အားကောင်းအောင် အားလုံးပူးပေါင်းကာ ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြား၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းအဖွဲ့မှ ကွင်းဆင်းကုသဆောင်ရွက်ပေး



**မိုးညှင်း အောက်တိုဘာ ၁၉**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ်နှင့် မော်ဟန်ကျေးရွာ ရွာမရပ်ကွက် ဘုန်းတော်ကြီးကျောင်းတွင် အောက်တိုဘာ ၁၇ ရက် နံနက် ၈ နာရီက ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးခက်ထိန်နန် ဦးစီးသည့်အဖွဲ့မှ အဖွဲ့ဝင် ၂၄ ဦး ပါဝင်သောအဖွဲ့က အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် နံနက်ပိုင်းတွင် ကျေးရွာနေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးဟောပြောပြီး ဆေးဝါးကုသမှုကို ညနေ ၅ နာရီအထိ ဒေါက်တာခင်ကျော်ညို(လက်ထောက်ဆရာဝန်)နှင့်အဖွဲ့၊ ဒေါက်တာမောင်မောင်အေး (သွားဆရာဝန်)အဖွဲ့က အမျိုးသား ၂၁၆ ဦး၊ အမျိုးသမီး ၄၆၀ စုစုပေါင်း ၆၇၆ ဦးတို့အား အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

“ဒီကနေ့ ကျွန်တော့်အနေနဲ့ အဓိကထားကုသပေးတာကတော့ သွေးစစ်ပြီး ရောဂါရှာဖွေကုသမှု၊ မျက်စိရောဂါ အသေးစားခွဲစိတ်ကုသမှုနဲ့ အထွေထွေရောဂါတွေကို ကုသဆောင်ရွက်ပေးပါတယ်။ ကချင်ပြည်နယ်မှာ မြို့နယ် ၁၂ မြို့နယ်နဲ့ တရုတ်ပြည်နယ်စပ် မိုင်(၁၆) မိုင်တန်း(၄)နယ်မြေအထိကို သွားရောက်ပြီး အခမဲ့ဆေးဝါးကုသပေးနိုင်ခဲ့ပါတယ်။ အရေးပေါ်ဆေးရုံ တက်ရောက်ကုသရမယ့် လူနာ ၁၅၀ ခန့်ကို ဗန်းမော်၊ မြစ်ကြီးနား၊ ရန်ကုန် စတဲ့ မြို့ကြီးတွေမှာ ပျောက်ကင်းတဲ့အထိ ကုသပေးနိုင်ခဲ့ပါတယ်”ဟု ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြောကြားသည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် အောက်တိုဘာ ၁၈ ရက်တွင် မိုးညှင်းမြို့နယ် ပင်းဟဲကျေးရွာ၊ အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာနှင့် မိုးညှင်းမြို့ စစ်ရှောင်စခန်း (IDPs) တို့တွင် လိုအပ်သော ဆေးဝါးကုသလှူဒါန်းမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(နီတိုး)**

■

# ဂန့်ဂေါ်ကျွန်း အမကကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**စစ်တွေ အောက်တိုဘာ ၁၉**
စစ်တွေမြို့နယ် ဂန့်ဂေါ်ကျွန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်အား ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးစိန်ထွန်းလှနှင့် ကျောင်းဆောင်သစ် မတည်အလှူရှင် ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခ(ငြိမ်း) ဦးသာအောင်ကျော်တို့က ဖွင့်လှစ်ကြပြီး ကျောင်းဆောင်သစ်ခန်းမ၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။

၎င်းတိုးချဲ့ကျောင်းဆောင်သစ်မှာ ပေ ၆၀× ပေ ၃၀ အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ဦးသာအောင်ကျော်မိသားစုက ကျပ်သိန်း ၁၀၀ မတည်ကာ အလှူရှင်များက စုပေါင်းဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ဒေသအကြမ်းဖက်မှုကြောင့် တိမ်းရှောင်ပြည်သူများအတွက် သိန်း ၈၀ လှူဒါန်း

**မုံရွာ အောက်တိုဘာ ၁၉**
ရခိုင်ဒေသအကြမ်းဖက်မှုကြောင့် တိမ်းရှောင်နေရသည့် ပြည်သူများအတွက် မုံရွာမြို့ အာရုဏ်ဦးဘုံဆွမ်းလောင်းအသင်းက ငွေကျပ် ၆၅ သိန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး သဘင်လူမှုစောင့်ရှောက်ရေးကော်မတီက ငွေကျပ် ၁၅ သိန်း စုစုပေါင်း ကျပ်သိန်း ၈၀ ကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲပိုင်းက လှူဒါန်းခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရမှတစ်ဆင့် ရခိုင်ဒေသသို့ အလှူငွေသိန်း ၈၀ လှူဒါန်းပွဲကို မုံရွာမြို့ တိလောကာရာမကျောင်းတိုက်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ တက်ရောက်၍ အလှူငွေများ လက်ခံခဲ့ကြသည်။

မုံရွာမြို့ သလ္လာရပ်ကွက် မဟာဗန္ဓုလလမ်းရှိ အာရုဏ်ဦးဘုံဆွမ်းလောင်းအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး သဘင်လူမှုစောင့်ရှောက်ရေးကော်မတီတို့ပူးပေါင်း၍ ရခိုင်ဒေသအကြမ်းဖက်မှုကြောင့် တိမ်းရှောင်နေရသော ပြည်သူများအတွက် အလှူငွေများကို တိုင်းဒေသကြီးအစိုးရမှတစ်ဆင့် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



သန်လျင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင် ဘာသာစုံဂုဏ်ထူးရှင်ခြောက်ဦးနှင့် ဘက်စုံထူးချွန် လူရည်ချွန် တစ်ဦးတို့သည် ကျောင်းအကျိုး တော်ဆောင်အဖွဲ့နှင့် စင်ကာပူရောက် ကျောင်းသားဟောင်းများ၏ ပံ့ပိုးကူညီမှုဖြင့် စင်ကာပူနိုင်ငံတွင် လေးညအိပ်ငါးရက်ခရီး လေ့လာခဲ့ပြီးနောက် အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြစဉ်။ **သန်းဝင်း(သန်လျင်)**

# ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒေသတွင်းရှိ သတင်းထောက်များနှင့်တွေ့ဆုံ

**လားရှိုး အောက်တိုဘာ ၁၉**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ဒုတိယရဲတပ်ဖွဲ့မှူးရုံး၌ အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး) ရဲမှူးကြီးဝင်းခိုင်က လားရှိုးမြို့ရှိ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအသီးသီးမှ သတင်းထောက်များနှင့် တွေ့ဆုံခဲ့သည်။

ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး (လားရှိုး)က သတင်းမီဒီယာကဏ္ဍမှာ လွန်စွာအရေးပါသော မဏ္ဍိုင်တစ်ခုဖြစ်သကဲ့သို့ ပြည်သူများအပေါ် သတင်းမှန်များကို ရေးသားထုတ်ပြန်ရေးမှာလည်း လွန်စွာအရေးကြီးသည့် လုပ်ဆောင်မှုပင်ဖြစ်ကြောင်း၊ ယနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သတင်းမီဒီယာသမားများမှာ လုပ်ငန်းအချို့အား ဆောင်ရွက်ရာ၌ လုပ်ငန်းသဘောချင်း ဆက်စပ်လျက်ရှိသည့်အတွက်ကြောင့် သတင်းမီဒီယာသမားများနှင့် ရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ကာ မိမိတို့၏ ဒေသနှင့် ပြည်နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အေးချမ်းလုံခြုံစွာ နေထိုင်သွားနိုင်သော လူမှုဘဝများကို ရရှိပိုင်ဆိုင်ကြစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် သတင်းမီဒီယာအသီးသီးမှ တက်ရောက်လာကြသည့် သတင်းထောက်များက မိတ်ဆက်စကားပြောကြားခဲ့သည်။

**လင်းလင်း(လားရှိုး)**

# MMA ချန်ပီယံ အောင်လအန်ဆန် အောက်တိုဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိမည်

**ရန်ကုန် အောက်တိုဘာ ၁၉**။ ။ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားရုံ၌ နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီတွင် ကျင်းပမည့် One Championship ပြိုင်ပွဲတွင် ကင်မရွန်နွယ်ဖွား အလိန်းနာဂါလန်နီနှင့် အထူးစိန်ခေါ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ရန် MMAချန်ပီယံ အောင်လအန်ဆန်မှာ အောက်တိုဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံသို့ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော့်ကို အားပေးဝန်းရံတဲ့ မွေးရပ်မြေက ချစ်ရတဲ့ပရိသတ်တွေဆီကို အောက်တိုဘာ ၂၁ ရက်မှာ ပြန်လာခဲ့မယ်ဗျာ။ နွေးထွေးစွာ ကြိုဆိုကြမယ်ဆိုတာ ကျွန်တော့်ရင်ထဲက ယုံကြည်နေတယ်ဗျာ။ နိုဝင်ဘာ ၃ ရက်မှာ အလိန်းနာဂါလန်နီနဲ့ ကျွန်တော်ယှဉ်ပြိုင်ထိုးသတ်ဖို့အတွက် ပရိသတ်တွေရဲ့ အားပေးမှုတွေနဲ့အတူ ကျွန်တော် အကောင်းဆုံး ယှဉ်ပြိုင်နိုင်မယ်လို့ ယုံကြည်ပါတယ်ဗျာ”ဟု အောင်လအန်ဆန်က ၎င်း၏လူမှုကွန်ရက်ပေါ်တွင် ရေးထားသည်။ လက်ရှိတွင် အဆိုပါပြိုင်ပွဲအတွက် အပြင်းအထန်လေ့ကျင့်နေကြောင်း အောင်လအန်ဆန်က ပြောသည်။ “ကျွန်တော်ကတော့ အလိန်းနာဂါလန်နီနဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့ အပြင်းအထန်လေ့ကျင့်နေပါတယ်ဗျာ။ ကြိုးစားမှုရှိမှ အောင်မြင်မှုဆိုတာ ထိုက်တန်တာပါ။ ကြိုးစားမှုမရှိရင် အဓိပ္ပာယ်မရှိတော့ဘူးလေ”ဟု အောင်လအန်ဆန်က ပြောသည်။ **(ဇာနည်မောင်)**




## မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ပြည်သူ့စကားဝိုင်းပြုလုပ်မည်

**နေပြည်တော် အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့် လူမှုအခြေပြုဗဟိုဌာန (Community Centre)၌ "လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးအန္တရာယ်"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း Public Talk ကို အောက်တိုဘာ ၂၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။

ယင်းပြည်သူ့စကားဝိုင်းတွင် ပြည်ကြီးတံခွန် မဲဆန္ဒနယ်အမှတ်(၂) မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မောင်မောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးစွဲရောဂါကုဆေးရုံမှ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာထင်ကျော်ဦးနှင့် စာပေပညာရှင် စာရေးဆရာ ဆူးငှက်၊ ယုံကြည်ရာစာကြည့်တိုက်မှ ဦးဇော်ထက်အောင်တို့ ပါဝင် ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိတ္ထီလာတောင်ကန် ကန်ပတ်လမ်း ရေကျော်ပြီး ရေဝင်ရောက်လျက်ရှိ



**မိတ္ထီလာ အောက်တိုဘာ ၁၉**
မိတ္ထီလာတွင် အောက်တိုဘာ ၁၈ ရက် ညပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် မိတ္ထီလာကန်ရေပြည့်မှတ် ၇၆၆ ဒသမ ၁ ပေထက် တစ်ပေခန့် ကျော်လွန်နေပြီး တောင်ကန် ကန်ပတ်လမ်းတွင် ကန်ရေအနည်းငယ်ဝင်ရောက်ကာ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ရုံးနှင့် ပေါက်ချောင်းဈေးပတ်လမ်းတို့တွင်လည်း ရေများဝင်ရောက်နေကြောင်း သိရသည်။

မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ရုံးဝင်းအတွင်း ရေများဝင်ရောက်နေပြီး ပေါက်ချောင်းဈေး၏ တောင်ဘက်လမ်းနှင့် မြောက်ဘက်လမ်းများအပြင် မြန်မာ့ဆက်သွယ်ရေးဧည့်ရိပ်သာအနီး တောင်ကန်ပတ်လမ်းတွင် ကန်ရေများဝင်ရောက်နေသဖြင့် ဈေးရောင်း ဈေးဝယ်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများမှာ မဖြစ်မနေရေထဲမှပင် ဖြတ်သန်းသွားလာနေရသည်။

မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ရုံး၏ အနောက်ဘက်ကပ်လျက် မြန်မာ့စီးပွားရေးဘဏ်လမ်းကြားတွင် မိုးရေများဝင်ရောက်နေခြင်းကြောင့် ပေါက်ချောင်းရပ်ကွက်ဒေသခံများနှင့် ယင်းရပ်ကွက်ရှိ ဌာနများမှ ဝန်ထမ်းများ၊ ရုံးကိစ္စဖြင့် သွားလာကြရသည့် ဒေသခံများမှာ သွားလာရေး အခက်တွေ့လျက်ရှိသည်။

မိုးအဆက်မပြတ် ရွာသွန်းသည့်အချိန်တိုင်းတွင် အဆိုပါလမ်းများနှင့် နေရာများမှာ ရေဝင်ရောက်လေ့ရှိသော်လည်း ယခုအခါ ကန်ရေပြည့်မှတ်ကျော်လွန်သည်အထိ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ရေဝင်ရောက်မှုမှာ ယခင်ထက် ပိုမိုများပြားကြောင်း သိရသည်။

မိတ္ထီလာကန်ရေပြည့်မှတ်ထက် တစ်ပေခန့်ကျော်လွန်နေခြင်းကြောင့် ကန်၏ ရေလွှတ်တံခါးများဖြစ်သည့် ဝန်ဇင်းရပ်ကွက်အနီးရှိ ကန်နတ်စင်မြောင်း ရေလွှတ်တံခါး၊ ကန်တော်မင်ရပ်အနီးရှိ ရေကျော်ခုနစ်ပေါက် ရေလွှတ်တံခါးများမှ အတတ်နိုင်ဆုံး လျှော့ချလွှတ်ပေးနေကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်ကျော်က ပြောသည်။

မိတ္ထီလာကန် ရေပြည့်မှတ်ထက်ကျော်လွန်ပြီး ကန်အနီးတစ်ဝိုက်ရှိ ကျေးရွာတချို့တွင် ကန်ရေဝင်ရောက်မှုဒဏ်ကိုခံနေရပြီး ကန်ရေဝင်ရောက်သည့်ကျေးရွာများမှ ကျေးရွာဒေသခံများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## နာဂဒေသတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၏ ခရီးစရိတ်များကို စည်းမျဉ်းများနှင့်အညီသာ ထုတ်ယူသုံးစွဲခွင့်ရှိ

**မုံရွာ အောက်တိုဘာ ၁၉**
နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များအတွင်း တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် ခရီးစရိတ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီသာ ထုတ်ယူသုံးစွဲခွင့်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးထံမှ သိရသည်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် လဟယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကယ်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူ့ဝန်ထမ်းများ နယ်လှည့်ကွင်းဆင်းရာတွင် အမှန်တကယ် ကုန်ကျစရိတ်ကို ခွဲဝေချထားပေးရန် အစီအစဉ်ရှိ၊ မရှိ ကြယ်ပွင့်ပြမေးခွန်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ဝေထားသည့် ဘတ်ဂျက်ခေါင်းစဉ်အမှတ်အသားများစာအုပ်တွင် သာမန်အသုံးစရိတ်စာရင်း၊ ပြည်တွင်းစခရီးစရိတ်၊ မြန်မာပြည် ခရီးစရိတ်လက်စွဲဥပဒေအရ ရပိုင်ခွင့်ရှိသော ယာဉ်စရိတ်နှင့် ပုံသေခရီးစရိတ်များ အပါအဝင် နိုင်ငံ့ဝန်ထမ်းများအတွက် ခရီးစရိတ်အားလုံးကျခံရန်ဟု ဖော်ပြပါရှိသည်။

"စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၀၈၆/၂၀၁၅)မှာ တာဝန်နဲ့ ခရီးသွားတဲ့ဝန်ထမ်းတွေအတွက် ခရီးသွားနေ့တွက်စရိတ်နှုန်းကို ကျပ် ၁၇၀၀ က ကျပ် ၃၀၀၀ ကို ပြင်ဆင်သတ်မှတ်ထားပြီး ခရီးသွားနေ့တွက်စရိတ်နှုန်းကို ခရီးသွားလာခွင့်အမိန့်နဲ့ တာဝန်နဲ့ ခရီးသွားတဲ့ဝန်ထမ်းကိုသာ ခွင့်ပြုဖို့ဖြစ်ပြီး ကိုယ်ရေးကိုယ်တာခရီးသွားတာကို တာဝန်လို့သတ်မှတ်မဖော်ပြဖို့ ဝန်ကြီးဌာနအဖွဲ့အစည်းတွေအနေနဲ့ ကြပ်မတ်ဆောင်ရွက်ဖို့ထုတ်ပြန်ထားပါတယ်။ အဲလိုထုတ်ပြန်ထားပြီးဖြစ်တဲ့အတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ရဲ့ သာမန်အသုံးစရိတ်ငွေစာရင်းခေါင်းစဉ် ၀၂၀၁၊ ပြည်တွင်းခရီးစရိတ်ခေါင်းစဉ်ကနေ ကျခံသုံးစွဲခွင့်ရှိပါတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်တွင် ရှင်းလင်းဖြေကြားသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ငါ့သရောက်တွင် မိုးအဆက်မပြတ် ရွာသွန်းနေမှုကြောင့် တောင်သူများအခက်ကြုံ

**ငါ့သရောက် အောက်တိုဘာ ၁၉**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ တောင်သူများ မိုးဦးမိုးဖြင့် စိုက်ပျိုးထားသည့် မိုးဦးပင်ပြန့်မြေပဲစိုက်ခင်းများမှာ ယခုအခါ သိမ်းဆည်းရမည့်အချိန်သို့ ရောက်ရှိလာပြီဖြစ်သော်လည်း ယခုရက်ပိုင်းအတွင်း မိုးများ အဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် မြေပဲခင်းများကို သိမ်းဆည်းရန် အခက်ကြုံနေကြပြီး မြေပဲစိုက်ခင်းများ ပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်လျက်ရှိနေသည်။

"ကျွန်တော်တို့ ငါ့သရောက်မြို့မှာ အခုအချိန်က တောင်သူတွေ မိုးဦးမိုးနဲ့ စိုက်ပျိုးထားတဲ့ ပင်ပြန့်မြေပဲစိုက်ခင်းတွေ သိမ်းဆည်းရမယ့်အချိန်ရောက်ရှိနေပါပြီ။ ဒါပေမယ့် အခုရက်ပိုင်း မိုးကအဆက်မပြတ်ရွာသွန်းနေတာကြောင့် သိမ်းဆည်းလို့မရဖြစ်နေကြပါတယ်။ မိုးဦးပင်ပြန့် မြေပဲစိုက်ခင်းတွေက ဒီလို မိုးရွာသွန်းမှုများရင် မကောင်းပါဘူး"ဟု ငါ့သရောက်မြို့ ဖြူကြီးကျေးရွာမှ မိုးဦးပင်ပြန့်မြေပဲစိုက်ပျိုးတောင်သူ ဦးအောင်ဝင်းက ပြောသည်။

မိုးရွာသွန်းမှုများချိန် မြေပဲဥများသည် အပင်တွင် မပါတော့ဘဲ မြေကြီးထဲတွင်သာ ကျန်ခဲ့သည့်အတွက် နေ့စားအငှားလိုက်သူများကို ငှားရမ်းကာ မြေပဲဥများကို ပြန်ကောက်ရခြင်းကြောင့် ကုန်ကျစရိတ် များပြားတတ်သည်။ တစ်ဦးလျှင် ငှားရမ်းခငွေကျပ် ၃၀၀၀ အထိ ပေးချေရခြင်းကြောင့် မိုးဦးပင်ပြန့်မြေပဲစိုက်ခင်းများ သိမ်းဆည်းရမည့်အချိန် မိုးရွာသွန်းမှုများခြင်းသည် တောင်သူများအတွက် အကျိုးအမြတ် နည်းပါးသွားစေခြင်းဖြစ်သည်။ ယခုနှစ်တွင် မိုးလေဝသ ကောင်းမွန်ခြင်းကြောင့် မြေပဲစိုက်ခင်းများ မြေပဲဥနှုန်းကောင်းသော်လည်း နုတ်သိမ်းချိန် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပဲခင်းများ အစိုဓာတ်များကာ ဓားခုတ်မရ၊ မြေပဲပုတ်မရဖြစ်နေခြင်းကြောင့် တောင်သူများ အခက်ကြုံလာရခြင်းဖြစ်သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ပြည်သူပါဝင်သော မြို့နယ်စီမံကိန်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ သထုံတွင် ဒုတိယအကြိမ်ပြုလုပ်



**သထုံ အောက်တိုဘာ ၁၉**
မွန်ပြည်နယ်အစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)အဖွဲ့တို့ ပူးပေါင်းကာ ပြည်သူပါဝင်သော မြို့နယ်စီမံကိန်းရေးဆွဲခြင်းသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက သထုံမြို့ သုဝဏ္ဏခန်းမ၌ ဒုတိယအကြိမ် ကျင်းပသည်။

UNDP သည် သထုံခရိုင်အတွင်း ပြည်သူလိုအပ်ချက်ကို ပြည်သူပါဝင်ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်နှင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သထုံခရိုင်အတွင်းရှိ ကျိုက်ထို၊ သထုံ၊ ပေါင်မြို့နယ်တို့တွင်ပါ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ မြို့နယ်စီမံကိန်းရေးဆွဲခြင်းသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ စုစုပေါင်းအင်အား ၁၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။
**သက်ဦး(သထုံ)**

○ ကျောဖုံးမှ

"ရေပူတွေထားတဲ့ ငါးလွှာကနေစတင်ပြီး လောင်တာပါ။ အဲဒီအခန်းမှာ လူမနေပါဘူး။ မီးခိုးထွက်နေတာကို တွေ့လို့ အပေါ်တက်ကြည့်တော့ မီးညွန့်တွေ့တယ်။ အပြင်ဘက်က နံရံဖြစ်နေတဲ့အတွက်ကြောင့် ရေတွေနဲ့လှမ်းပက်ဖို့ကြိုးစားတာ၊ ဒါပေမယ့်မမီပါဘူး။ အဲဒါနဲ့ အပေါ်ထပ်တက်ကြည့်ပြီး မီးသတ်ဆေးဘူးတွေနဲ့ ဝိုင်းငြိမ်းကြတယ်။ နောက်ပိုင်းမှာမနိုင်တော့လို့ သက်ဆိုင်ရာကို အကြောင်းကြားခဲ့တယ်။ အဲဒီနောက်မှာ ဧည့်သည်တွေကို အကုန်လိုက်နှိုးပြီး မီးလွတ်ရာနေရာကိုရွှေ့ပြောင်းပေးဖို့ အကြောင်းကြားခဲ့ပါတယ်။ တည်းခိုသူအများစုကတော့ နိုင်ငံခြားသားတွေဖြစ်ပါတယ်"ဟု အဆိုပါဟိုတယ်မှ တာဝန်ကျမန်နေဂျာ ဦးသီဟက မီဒီယာများကိုပြောသည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်အား Level-4 အဆင့်သတ်မှတ်ပြီး မီးငြိမ်းသတ်ယာဉ် အစီး ၇၀ ခန့်စေလွှတ်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ မိနစ် ၂၀ တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၈ နာရီ ၂၄ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

"ကျွန်တော်တို့ရောက်တဲ့အချိန်မှာ မီးကတော်တော်လောင်အားကောင်းနေပြီ။ တရုတ်နိုင်ငံသူတစ်ဦးနဲ့ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိလို့ ဆေးရုံပို့လိုက်ရပါတယ်။ ကျန်တာကတော့ နည်းနည်းပါးပါး ထိခိုက်ဒဏ်ရာရတာလောက်ပဲရှိပါတယ်"ဟု အရှေ့ပိုင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ဇောက မီးငြိမ်းသတ်မှုအပြီး နံနက်ပိုင်းတွင် မီဒီယာများကို ပြောသည်။

မီးလောင်နေစဉ်အတွင်း အဆိုပါဟိုတယ်၌ တည်းခိုနေထိုင်သူ တရုတ်နိုင်ငံ မကာအိုမြို့နေ အသက်(၄၇)နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ကြောက်လန့်၍ ဟိုတယ်



ကန်တော်ကြီး ပဲလေ့စ်ဟိုတယ် မီးလောင်မှုဖြစ်စဉ်တွင် သေဆုံးသွားသူအား သယ်ဆောင်လာစဉ်။ *ဓာတ်ပုံ-ဇာဏီ။*

အဆောက်အအုံ လေးလွှာမှခုန်ချခဲ့ရာ ယာဘက်ပါး ပွန်း၊ ခါးနာခြင်းဒဏ်ရာရရှိခဲ့ကြောင်း၊ မီးငြိမ်းသတ်နေသည့် အသက် (၃၄)နှစ်အရွယ် မီးသတ်ဦးစီးမှူး တစ်ဦးသည်လည်း ဦးခေါင်းထိပ်နာကျင်ဒဏ်ရာ(စိုးရိမ်ရ) ရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးကြွင်းမီးကျန်များကို ဆက်လက်ငြိမ်းသတ်နေစဉ် နံနက် ၉ နာရီခန့်တွင် အဆိုပါဟိုတယ်အဆောက်အအုံလေးလွှာ၌ မီးလောင်မှုကြောင့် သေဆုံးနေသော ဂျပန်နိုင်ငံသားတစ်ဦးကို တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးမြို့တော်ဝန်ရုံးရှိ သဘာဝသမိုင်းပြတိုက်ခန်းမ၌ သတင်းစာရှင်းလင်းပွဲကို ပြုလုပ်ရာ ထူးကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူ ဦးငွေးလွင်က မီးစတင်လောင်ကျွမ်းချိန်တွင် တည်းခိုနေသည့် ဧည့်သည်များကို ဘေးကင်းစေရန် ကနဦးစီစဉ်ပေးခဲ့ကြောင်း၊ ဧည့်သည်များ ဘေးလွတ်ရာသို့ အမြန်ဆုံးထွက်နိုင်ရန် ဟိုတယ်အခန်းအားလုံးကို Fire Alarm ပေးခဲ့ကြောင်း၊ ထို့နောက် ဧည့်သည်များ အမြန်ဆုံးထွက်နိုင်ရန် စိစစ်နေစဉ် ဧည့်သည်တစ်ဦး လိုနေသည်ကို တွေ့ရှိကြောင်း၊ ထိုသို့စိစစ်နေစဉ် မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိလာကြောင်း၊ ထို့နောက် ဟိုတယ်အခန်းများအားလိုက်လံစစ်ဆေးစဉ် Dead Body တစ်ခုကို တွေ့ရှိရကြောင်း၊ သေဆုံးသူကို သိရှိနိုင်ရန် စိစစ်မှုများပြုလုပ်နေကြောင်း၊ နိုင်ငံခြားသားများ အများဆုံးတည်းခိုသည့်အတွက် သံရုံးများကိုလည်း အကြောင်းကြားထားကြောင်း၊ သေဆုံးသွားသူအတွက် သူ၏မိသားစုဝင်များ ဆန္ဒအတိုင်းကျေနပ်သည်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လူနှင့်ဟိုတယ်အတွက် အာမခံထားရှိကြောင်း၊ ဒဏ်ရာရရှိခဲ့သည့် တရုတ်နိုင်ငံသူကိုလည်း လူနာရှင် ကျေနပ်အောင်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ရွှေ့ပြောင်းပေးထားသည့် ဧည့်သည်များအတွက် လိုအပ်ချက်များရှိပါက အဆင်ပြေအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မီးလောင်ကျွမ်းရသည့် အကြောင်းအရင်းကိုလည်း စိစစ်ဆဲဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲပြီးနောက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် မီးလောင်ကျွမ်းခံရသော ဟိုတယ်ပင်မအဆောက်အအုံအား ရှင်းလင်းရေးဆောင်ရွက်နေသည့်အဖွဲ့က ဟိုတယ်အတွင်းမှ မီးလောင်ကျွမ်းခံထားရသည့် ဦးခေါင်းခွံတစ်ခု (ကျန်အစိတ်အပိုင်း မီးလောင်ကျွမ်း)ကို တွေ့ရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်လိုက်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဟိုတယ်ပင်မအဆောက်အအုံနှင့် အတွင်းပစ္စည်းများ မီးလောင်ကျွမ်းခဲ့သည့်အပြင် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သဖြင့် မီးလောင်မှုအကြောင်းအရင်း၊ သေဆုံးသူနှင့် မီးလောင်ဆုံးရှုံးမှုတန်ဖိုးတို့ကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် အခန်းပေါင်း ၁၈၅ ခန်းရှိသည်။ မီးလောင်မှုဖြစ်ပွားသည့်နေ့တွင် အခန်း ၉၆ ခန်း၌ ပြည်တွင်း ပြည်ပ ဧည့်သည် ၁၄၀ ဦးရှိပြီး အများစုမှာ နိုင်ငံခြားသားများဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

# ဟွန်ဒါဖစ်ယာဉ်ငယ်အတွင်း တရားမဝင်သစ်လုံးများ သယ်ဆောင်လာမှု သိမ်းဆည်းရမိ

**ရန်ကုန် အောက်တိုဘာ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၈ ရက်က ဟွန်ဒါဖစ်ယာဉ်ငယ်အတွင်း တရားမဝင်သစ်လုံးများ သယ်ဆောင်လာမှုအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေး အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဟွန်ဒါဖစ်ယာဉ်ငယ်အတွင်း တရားဝင်



စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား ကိုးချောင်း (သုည ဒသမ ၁၆၃၂ တန်)၊ တမလန်းခားရွေ ၁၈ တုံး (သုည ဒသမ ၃၄၇၈ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၀၃၃ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၈၇၈ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၀၁၀ သန်းခန့်)စုစုပေါင်း တားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၈၈၈ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဝ၁)**

# ပဲခူးတိုင်းဒေသကြီး၌ ပိုင်ရှင်မဲ့သစ်ခွဲသား ၁၃ တန်ကျော်အား သိမ်းဆည်းရမိ

**ပဲခူး အောက်တိုဘာ ၁၉**

"စီမံချက်ရေးဆွဲထားပြီး ဖမ်းဆီးဆောင်ရွက်နေပါတယ်။ ပဲခူးရိုးမ သစ်ခိုးမှု လုံးဝပပျောက်သွားအောင် လုပ်နေပါတယ်။ ဒေသခံတွေနဲ့ ပြည်သူတွေသတင်းပေးလို့ အရင်နှစ်တွေထက် သစ်ခိုးထုတ်သူတွေကို မိတယ်။ ကား၊ ဆိုင်ကယ်နဲ့ လူတွေကိုပါ အမိဖမ်းနိုင်ခဲ့တယ်" ဟု ပြည်နယ် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းစံက ပြောသည်။

သာယာဝတီခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် တာဝန်ရှိသူများ စုစုပေါင်း ၄၅ ဦးဖြင့် မင်းလှ-စိန်ကန့် လန့်-မြို့ချောင်းလမ်းနှင့် မြောက်ဇာမရိကြိုးဝိုင်းအတွင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများကို အောက်တိုဘာ ၁၇ ရက်မှ စတင်ရှာဖွေဖော်ထုတ် ဖမ်းဆီးလျက်ရှိရာ အောက်တိုဘာ ၁၈ ရက် နံနက် ၁၁ နာရီတွင် မြောက်ဇာမရိကြိုးဝိုင်း အကွက်အမှတ်(၆၇)အတွင်းမှ ကျွန်းခွဲသား ၄၅ ချောင်း (၃ ဒသမ ၂၃၂၂ တန်)နှင့် ဆိုင်ကယ်သုံးစီး ရှာဖွေသိမ်းဆည်းရမိပြီး ပိုင်ရှင်များကို ရှာဖွေစုံစမ်းလျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၁၇ ရက်တွင် ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သော သစ်တောဝန်ထမ်း ခြောက်ဦးသည် ပြည်-တောင်ကုတ် ကားလမ်း တစ်လျှောက် တရားမဝင်သစ် ရှာဖွေဖော်ထုတ်ဖမ်းဆီးရာ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပြည်-တောင်ကုတ် ကားလမ်း မိုင်တိုင်အမှတ် (၂၃/၂) အနီး ရပ်တန့်ထားသော Nissan အမျိုးအစား (၁၂)ဘီးယာဉ်ခေါင်းဖြူ တစ်စီးပေါ်မှ တရားမဝင် ကျွန်းခွဲသား ၉၉ ချောင်း (၅ ဒသမ ၈၀၇၀ တန်)၊ တရားမဝင် စကားဝါခွဲသား ၄၆ ချောင်း (၄ ဒသမ ၆၂၉၈ တန်) စုစုပေါင်း ၁၀ ဒသမ ၄၃၆၈ တန်အား သိမ်းဆည်းရမိကြောင်း သိရသည်။

**(ကိုရွှေမိုး)**



# နေပြည်တော် MICC – II ရွှေ့လမ်းမကြီးတွင် မော်တော်ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၉**

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC–II) တွင် နေ့စဉ်နှင့်အမျှ နိုင်ငံတော်အခမ်းအနားများ၊ ဝန်ကြီးဌာနအခမ်းအနားများ ကျင်းပလျက်ရှိရာ အဆိုပါ MICC – II ရွှေ့လမ်းမကြီးတွင် ဌာနဆိုင်ရာလူကြီးများ၏ မော်တော်ယာဉ်များ၊ အရေးကြီးပုဂ္ဂိုလ်များ၏ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ယာဉ်မတော်တဆမှု မရှိစေရေးအတွက် နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိစေရေးအတွက် အခါအားလျော်စွာ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက် ၉ နာရီခွဲက MICC – II ရွှေ့လမ်းမကြီးတွင် မောင်းနှင်နေသည့် မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိ၊ မရှိ စစ်ဆေးခြင်း၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ ဆိုင်ကယ်စီးဦးထုပ် မဆောင်းခြင်း၊ နှစ်ဦးထက်ပို၍ တင်ဆောင်မောင်းနှင်ခြင်း၊ ယာဉ်မောင်းလိုင်စင်၊ ဘီးတက်စသည်တို့အား စစ်ဆေးခြင်းများကို နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ် ဇင်အောင်လင်းနှင့်အဖွဲ့က ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

**သန်းဦး(လေးမျက်နှာ)**

■

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# ချန်ပီယံလိဂ်သတင်းများ

မေလွဲသင်း ရေးသားသည်

**ယနေ့တွင် ချန်ပီယံလိဂ် ပွဲစဉ်(၃) ယှဉ်ပြိုင်ဖြစ်တဲ့အချိန် ယင်းပွဲစဉ်များကို ရုပ်သံမှ တိုက်ရိုက်ကြည့်ရှုမှုမျိုးရှိသလို အွန်လိုင်းကလည်း ကြည့်ပြီးဖြစ်တာကြောင့် ရလဒ်များထက် ထူးခြားမှုဖြစ်ခဲ့မှုအချို့ကို ကောက်နုတ်ဖော်ပြပေးသွားမည်ဖြစ်သည်။**



### စံချိန်ရှင် မက်ပီ

ပီအက်စ်ဂျီ လူငယ်တိုက်စစ်မှူးလေး မက်ပီသည် အန်းဒါလက်ချ်ကို လေးဂိုးပြတ်အနိုင်ရရှိသည့် ပွဲစဉ်တွင် တစ်ဂိုးသွင်းယူခဲ့ပြီးနောက် ဆယ်ကျော်သက်ကစားသမားများထဲတွင် ဂိုးသွင်းအများဆုံး စံချိန်ရှင် ဖြစ်လာခဲ့သည်။ မက်ပီသည် ပွဲအစ သုံးမိနစ်မှာပင် ဂိုးသွင်းယူပြီးနောက် သူ၏ ချန်ပီယံလိဂ်သွင်းဂိုး ရှစ်ဂိုးအထိ ရောက်ရှိလာခြင်းနှင့်အတူ ကလွိုက်ဗက်၏ စံချိန်ကိုပါ ချိုးဖျက်နိုင်ခဲ့သည်။ ယင်းပွဲတွင် ပီအက်စ်ဂျီအသင်း ကစားပုံကောင်းမွန်မှုမရှိသလို နိုင်ပွဲဆာလောင်စိတ် လျော့နည်းခဲ့သော်လည်း လေးဂိုးပြတ် အနိုင်ရခဲ့သလို မက်ပီလည်း စံချိန်တစ်ရပ် စိုက်ထူနိုင်ခဲ့ခြင်းဖြစ်သည်။

### အလုပ်ရှုပ်ခဲ့ရသည့် နီကိုလူ

ဘာစီလိုနာနှင့် အိုလံပီယာကော့စ်အသင်းတို့၏ ပွဲစဉ်မှာ အိုလံပီယာ နောက်ခံလူ နီကိုလူအတွက် အတော်ပင်အလုပ်ရှုပ်ခဲ့သည့် ပွဲစဉ်အဖြစ် မီဒီယာများက ဖော်ပြနေကြသည်။ နီကိုလူသည် ပွဲကစားချိန် ၁၈ မိနစ်တွင် ကိုယ့်ဂိုးကိုယ်ပြန်သွင်းယူခဲ့မိသဖြင့် ဘာကာတို့ အဖွင့်ဂိုးရရှိခဲ့သည်။ ဆွာရက်ဇ်နှင့် မက်ဆီတို့လို ထိပ်တန်းတိုက်စစ်မှူးများ ပါဝင်သည့် ဘာကာတိုက်စစ်ကြောင့် နီကိုလူမှာ ပြစ်ဒဏ်များမကြာခဏ ကျူးလွန်ခဲ့ပြီး အဝါကတ်ပြသခံခဲ့ရသည်။ သို့သော် ပွဲပြီးခါနီးတွင် အိုလံပီယာကော့စ်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပြန်လည်သွင်းယူနိုင်ခဲ့ရာ အဆိုပါပွဲတွင် အလုပ်ရှုပ်ဆုံးမှာ နီကိုလူဖြစ်ကြောင်း ဖော်ပြခံနေရခြင်းဖြစ်သည်။





### မက်ဆီအတွက် ရာပြည့်

ဘာကာတိုက်စစ်မှူး လီယွန်နယ်မက်ဆီက အိုလံပီယာကော့စ်နှင့် ပွဲစဉ်တွင် ဘာကာအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းကြောင့် ချန်ပီယံလိဂ်သွင်းဂိုး(၁၀၀)ပြည့် သွင်းယူနိုင်ခဲ့ပြီဖြစ်သည်။ မက်ဆီ၏ အလွတ်တည်ကန်ဘော ကန်သွင်းယူမှုကို အိုလံပီယာကော့စ် ဂိုးသမား ပရိုတို မကာကွယ်နိုင်ဘဲ ဘာကာကို ဒုတိယမြောက်ဂိုးခွင့်ပြုခဲ့ရခြင်းဖြစ်သည်။ ဘာစီလိုနာအသင်းသည် နောက်ခံလူ ဂျာရတ်ပီကေး နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံရခြင်းကြောင့် ဒုတိယပိုင်းတစ်ပိုင်းလုံးတွင် ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသော်လည်း မက်ဆီ၏ သွင်းဂိုးကြောင့် အသက်ရှုချောင်ခဲ့ရသည်။ ယခုလို ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် မက်ဆီမှာ ချန်ပီယံလိဂ် ၁၂၂ ပွဲတွင် ဂိုး ၁၀၀ ပြည့် သွင်းယူနိုင်ခဲ့သည့်အတွက် ၁၅၁ ပွဲတွင် ၁၁၂ ဂိုး သွင်းယူနိုင်သည့် စီရိုနယ်လ်ဒိုပြီးနောက် ချန်ပီယံလိဂ်သွင်းဂိုး ၁၀၀ ပြည့် သွင်းယူနိုင်သည့် ဒုတိယမြောက် ကစားသမားလည်း ဖြစ်လာခဲ့သည်။

### ဂရစ်ဇ်မန်းမကယ်နိုင်တဲ့ အက်သလက်

အက်သလက်တီကိုအသင်းသည် ၁၀ ယောက်ကျန် ကာရာဘတ်အသင်းကို ဂိုးမရှိ သရေသာကစားနိုင်ခဲ့သဖြင့် ချန်ပီယံလိဂ်တွင် တစ်ပွဲမျှ အနိုင်ရရှိခြင်းမရှိဘဲ ရမှတ် နှစ်မှတ်သာ ရရှိထားရာ အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ရဖွယ်အနေအထားဆိုက်လာပြီဖြစ်သည်။ အက်သလက်မှာ ပွဲစဉ်(၁)တွင် ရိုးမားနှင့်သရေကျခဲ့ပြီးနောက် ဒုတိယပွဲစဉ်တွင် ချယ်လ်ဆီးကို အိမ်ကွင်းမှာပင် ရှုံးနိမ့်ခဲ့သလို ယခုလည်း ကစားသမား တစ်ယောက်အသာဖြင့် ကစားခဲ့ရသည့်အချိန်မှာပင် ကာရာဘတ်ကို ဂိုးမသွင်းနိုင်ခြင်းက စိတ်ပျက်ဖွယ်ပင်ဖြစ်သည်။ အက်သလက်တီကိုသည် ပြီးခဲ့သည့်လေးရာသီအတွင်း ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာတို့ပြီးလျှင် ရလဒ်အတည်ငြိမ်ဆုံးအသင်းဖြစ်ခဲ့သော်လည်း ယခုနှစ်တွင်မူ နိုင်ပွဲ တစ်ပွဲမျှမရှိသေးဘဲ အုပ်စုအဆင့်ဖြင့်ပင် ကျေနပ်ရဖွယ်ရှိနေရာ ဂရစ်ဇ်မန်း မကယ်နိုင်သည့် အက်သလက်တီကိုအဖြစ် မီဒီယာများက အမည်တပ်နေပြီဖြစ်သည်။





### ကွန်တီ၏ စာရွက်အစွမ်း

ချယ်လ်ဆီနည်းပြ ကွန်တီသည် နည်းဗျူဟာပိုင်းတွင် ဆရာတစ်ဆူအဖြစ် ကျော်ကြားလှသူဖြစ်ပြီး သူ၏ နည်းစနစ်များက ပွဲကို အလှည့်အပြောင်းများစွာ ဖန်တီးနိုင်ခဲ့သည်ဆိုသည်မှာ မည်သူမျှ မငြင်းနိုင်သည့် အချက်ဖြစ်သည်။ ချယ်လ်ဆီးနှင့် ရိုးမားအသင်းတို့ ပွဲစဉ်တွင် ကွန်တီက ပက်ဒရိုကို ထုတ်ကာ ဒေးဗစ်လုဇ်ကို ထည့်သွင်းပြီး နည်းစနစ်ပိုင်းပြောင်းလဲခဲ့သည်။ ကွန်တီက နောက်ခံလူ ဇက်ပါကော်စတာကို သူ၏ နည်းစနစ်ပိုင်းစာရွက်ကမ်းပေးရာ ဇက်ပါကော်စတာက ဖာဘရီဂတ်စ်ကို သွားပေးခဲ့ပြီး ဖာဘရီဂတ်စ်က အသေအချာ ဖတ်ရှုနေခဲ့သည်။ ထိုသို့ ဖတ်ရှုပြီးနောက် ဒိုင်ဖြစ်သူ ဆိုမီနာကို သွားရောက်အပ်နှံခဲ့သော်လည်း ဒိုင်က စိတ်ဝင်စားမှုမရှိဘဲ ပစ်လွှတ်ခဲ့သည်ကို တွေ့ရသည်။ ချယ်လ်ဆီးသည် အိမ်ကွင်းတွင် ကစားခဲ့ရသော်လည်း ရိုးမားအသင်းကို နောက်ကလိုက် ကစားခဲ့ရပြီး ဟာဇက်၏ ချေပဂိုးကြောင့် သုံးဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပွဲစဉ်တွင် ဟာဇက်နှင့် ဇက်ကိုတို့ နှစ်ဂိုးစီသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သော်လည်း ဟာဇက်က ချယ်လ်ဆီး နိုင်သင့်ကြောင်း ဆိုခဲ့သည်။

## ဤမွေးနေ့မှသည် နောင်နှစ်များစွာတိုင်

ညီမငယ် မဆင့်နှင့် သားထွေးလေး
မောင်သုတကျော်စိုး(ခ)ငြိမ်းမြတ်ဟိန်းတို့၏
အောက်တိုဘာ ၂၀ ရက်နေ့တွင် ကျရောက်သော မွေးနေ့မှ
သည် နောင်နှစ်ပေါင်းများစွာတိုင် တိုင်းကျိုး ပြည်ကျိုး၊
ဘာသာ သာသနာအကျိုး၊ မိသားစုအကျိုးသယ်ပိုးထမ်းရွက်
နိုင်သည့် မြင့်မြတ်သူများ ဖြစ်ကြပါစေ-

မြတ်သပြေမိသားစု

# လီဗာပူးအတွက် အောက်တိုဘာ ဒုတိယမြောက်ပွဲကျပ်

## ၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ-၉

ရှိုင်းမင်းမင်း

**ပရီမီယာလိဂ်ပွဲစဉ်(၉)ကို လာမယ့် အောက်တိုဘာ ၂၁၊ ၂၂ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မန်ယူကို အနိုင်မရခဲ့တဲ့ လီဗာပူးအနေနဲ့ အဝေးကွင်းမှာ စပါးနဲ့ ထပ်မံရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ပါ့မလားဆိုတာ ဆက်လက်စောင့်ကြည့်သွားရဖို့ရှိနေပါတယ်။**

**ဝက်စ်ဟမ်း - ဘရိုက်တန် နံနက် ၁း၃၀ (၂၁-၁၀-၁၇)**

ဘန်လေနဲ့ပွဲမှာ သရေကျခဲ့ပေမယ့် ဝက်စ်ဟမ်းကစားပုံကောင်းမွန်ခဲ့ကာ တစ်ယောက်အထုတ်ခံခဲ့ရတာကြောင့်သာ သရေကျခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဝက်စ်ဟမ်းတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းဖြစ်နေပါတယ်။ အထူးသဖြင့် ဘရိုက်တန်က အဝေးကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းကစားပုံအားနည်းမှုတွေရှိတတ်တာကြောင့် ဝက်စ်ဟမ်းကို တုံ့ပြန်နိုင်ဖို့ခက်မယ်။ ဒါကြောင့်လည်း ဝက်စ်ဟမ်းပဲ အနိုင်ရမယ်။

**ချယ်လ်ဆီး - ဝက်ဖို့ဒ် ည ၆း၀၀ (၂၁-၁၀-၁၇)**

ပဲလေ့စ်ကိုမထင်မှတ်ဘဲ အရေးနိမ့်ခဲ့တာကြောင့် ချယ်လ်ဆီးတို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ ချယ်လ်ဆီးဟာ မိုရာတာ၊ ကန်တီ၊ မော့ဆက်တို့ ဒဏ်ရာရနေတာကြောင့် အားနည်းမှုတွေရှိနေသလို ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဝက်ဖို့ဒ်ကတော့ အာဆင်နယ်ကို အနိုင်ရခဲ့တဲ့ပွဲမှာ ကစားပုံကောင်းမွန်ခဲ့သလို ဒီပွဲမှာ ခံစစ်အားပြုကာ တန်ပြန်တိုက်စစ်နဲ့ ရင်ဆိုင်လာရင် ချယ်လ်ဆီး အခက်တွေ့ပြီး နိုင်ရင်တောင် ဂိုးမပြတ်ဘူး။

**ဟက်ဒါဖီးလ် - မန်ယူ ည ၈း၃၀ (၂၁-၁၀-၁၇)**

လီဗာပူးနဲ့ပွဲမှာ မန်ယူအနေနဲ့ ခြေစွမ်းပြနိုင်ခြင်းမရှိခဲ့သလို နိုင်ပွဲလည်း ရယူနိုင်ခြင်းမရှိခဲ့တာကြောင့် ဒီပွဲမှာနိုင်ပွဲပြန်ရဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ မန်ယူဟာ ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းမှုရှိနေနိုင်တာကိုတော့ သတိပြုရပါ့မယ်။ ဒါ့အပြင် ရှုံးပွဲတွေဆက်နေတဲ့ ဟက်ဒါဖီးလ်ကလည်း အိမ်ကွင်းမှာ ရလဒ်ကောင်းဖို့ အားစိုက်လာမှာဖြစ်တာကြောင့် မန်ယူ အခက်တွေ့နိုင်ပါတယ်။ မန်ယူ ကပ်ပြီးသာနိုင်မယ်။

**မန်စီးတီး - ဘန်လေ ည ၈း၃၀ (၂၁-၁၀-၁၇)**

လက်ရှိအချိန်မှာ မန်စီးတီးတိုက်စစ်ပိုင်းကစားပုံ အတော်လေးကောင်းနေတယ်။ စတုတ်ကို ခုနစ်ဂိုးသွင်းယူခဲ့သလို ဒီပွဲကလည်း အိမ်ကွင်းဖြစ်နေပြန်တာကြောင့် မန်ယူနဲ့အမှတ်ကွာဟမှုကိုဆက်ထိန်းနိုင်ဖို့ အားစိုက်ကစားလာမှာသေချာပါတယ်။ ဒါပေမယ့် ဘန်လေကလည်း အဝေးကွင်းပွဲတွေမှာ ခံစစ်ကစားပုံကောင်းမွန်တဲ့အသင်းဖြစ်တာကြောင့် ချန်ပီယံလိဂ်ကြောင့် ပွဲပန်းနိုင်တဲ့ မန်စီးတီး ထင်သလောက်မလွယ်ဘူး။ မန်စီးတီး သွင်းဂိုးနည်းသွားနိုင်တယ်။

**ဆွမ်ဆီး - လက်စတာ ည ၈း၃၀ (၂၁-၁၀-၁၇)**

နှစ်သင်းစလုံးဟာ ဒီရာသီမှာ ရလဒ်ကောင်းတွေရရှိဖို့ ခက်ခဲရုန်းကန်နေရတဲ့အသင်းတွေဖြစ်ပြီး အမှတ်ပေးဇယားအောက်ပိုင်းကို ရောက်ရှိနေခဲ့ပါတယ်။ လက်စတာကတော့ ကစားသမားအင်အားပိုင်း ပိုမိုတောင့်တင်းမှုရှိပြီး တိုက်စစ်ပိုင်းမှာလည်း ဗာဒီဂိုးတွေသွင်းယူနေပါတယ်။ ဆွမ်ဆီးကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းကစားပုံတည်ငြိမ်မှုမရှိပါဘူး။ ဒီပွဲကတော့ သွင်းဂိုးတွေနည်းမယ့်ပွဲသာ ဖြစ်လာနိုင်ပါတယ်။ ခြေစွမ်းပိုင်းအရတော့ လက်စတာကသာ နိုင်ပွဲကပ်ရသွားနိုင်တယ်။

**အဲဗာတန် - အာဆင်နယ် ည ၇း၀၀ (၂၂-၁၀-၁၇)**

ဝက်ဖို့ဒ်ကို အရေးနိမ့်ခဲ့ရတာကြောင့် အာဆင်နယ်တို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်းအာဆင်နယ် ခြေကတည်ငြိမ်မှုမရှိဘဲ ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ အဲဗာတန်ကတော့ အသင်းလိုက်ဟန်ချက် တည်ငြိမ်မှုမရှိပေမယ့် နိုင်ပွဲလိုအပ်နေတာကြောင့်လည်း နောက်ပိုင်းပွဲတွေမှာအားစိုက်ကစားနေသလို အိမ်ကွင်းလည်းဖြစ်တယ်။ အာဆင်နယ် သရေလောက်ပဲရမယ်။

**စပါး - လီဗာပူး ည ၉း၃၀ (၂၂-၁၀-၁၇)**

ပွဲကောင်းတစ်ပွဲပါ။ မန်ယူနဲ့ပွဲမှာ သရေကျခဲ့တယ်ဆိုပေမယ့် လီဗာပူးခြေက မညံ့ခဲ့ပါဘူး။ တိုက်စစ်ပိုင်းက အဆုံးသတ်အားနည်းခဲ့လို့သာ လီဗာပူးတို့ နိုင်ပွဲမရခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လည်း အခုရင်ဆိုင်ရမယ့်အသင်းက တိုက်စစ်ကစားပုံကောင်းတဲ့ စပါးဖြစ်နေတာကြောင့် လီဗာပူးတို့ မန်ယူနဲ့ပွဲကလို တိုက်စစ်ကိုစိတ်ကြိုက်ကစားခွင့်ရဖို့မသေချာပါဘူး။ အဝေးကွင်းလည်းဖြစ်နေတာကြောင့် ဒီပွဲမှာ လီဗာပူး အခက်တွေ့နိုင်ကာ သရေလောက်ပဲ ကစားနိုင်မယ်လို့ ယူဆမိပါတယ်။

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# ဥပဒေဒါန ပြုကြပါလေ

**မောင်စာဂ**

ဥပဒေသစ္စာတည်ကြပါလေ ဆောင်းပါးရေးပြီးတော့ ဥပဒေဒါနပြုကြပါလေ ဆောင်းပါးကို ရေးလိုစိတ်ဖြစ်လာရပြန်သည်။ မိမိ၏ ဥပဒေအမြင် မျှဝေပါရစေ။

**ဒါန**

ဒါနဟူသည် ပေးကမ်းခြင်း၊ စွန့်ကြဲခြင်း၊ လှူဒါန်းခြင်းကိုဆိုသည်။ ၃၈ ဖြာမင်္ဂလာတွင် ဒါနမင်္ဂလာသည် ၁၄ ပါးမြောက် မင်္ဂလာဖြစ်သည်။ ဒါနမင်္ဂလာကို ငယ်ရွယ်စဉ်ကစ၍ ဤသို့ မှတ်သားထားခဲ့သည်။

**ဒါန၌**

သုံးတန်စေတနာ ဖြူစင်လန်းလို့၊
ပေးကမ်းဝေငှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊
သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပြင်ပမထားနဲ့၊
သင်္ဂဟတရားနှင့် ချီးမြှောက်လေ၊
သန့်စင်ပြစ်မျိုး၊ လူထုအကျိုး
သယ်ပိုးရွက်ဆောင်စေ။
အဲ့ဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

**ဒါနစေတနာ**

ဒါနပြုဖို့ရာ ဒါနစေတနာရှိဖို့လိုအပ်သည်။ ဒါနစေတနာမရှိက မိမိပိုင်ဆိုင်သောပစ္စည်းကို မပေးလို၊ မစွန့်လို နှမြောတွန့်တိုတတ်ကြသည်။ ခေတ္တခဏတာမျှ ကိုင်တွယ်သုံးစွဲမှုကိုပင် ခွင့်မပြုနိုင်ကြ။ ဤသို့ဖြစ်ရသည်မှာ ဝန်တိုစိတ်၊ မစ္ဆရိယစိတ်တွေရှိနေ၍သာ ဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုသို့သော ဝန်တိုမှု၊ မစ္ဆရိယစိတ်ကိုဖယ်ရှားနိုင်မှသာလျှင် မိမိပိုင်ပစ္စည်းကို သဘောထားကြီးစွာဖြင့် သူတစ်ပါးကို အသုံးပြုခွင့်ပေးနိုင်သည်။ အပြီးအပိုင် စွန့်လွှတ်ပေးကမ်းခြင်းပြုနိုင်သည်။ ဝန်တိုမှု၊ မစ္ဆရိယ အညစ်အကြေးတို့ကို သန့်ရှင်းစင်ကြယ်အောင် ဒါနစေတနာဖြင့်သာ ဆေးကြောနိုင်သည်။

ဒါနစေတနာသည် သဒ္ဓါတရားထက်သန်သူ မေတ္တာဓာတ်အားကြီးသူတို့၏ သန္တာန်၌သာ ဖြစ်လေ့ရှိသည်။ ဒါနတော ဘောဂဝါ။ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းကြောင့် စည်းစိမ်ဥစ္စာကြွယ်ဝ ချမ်းသာသူ ဖြစ်နိုင်သည်ဟူသော ယုံကြည်မှုသဒ္ဓါတရားထက်သန်မှသာလျှင် ဒါနမှုကို အောင်မြင်စွာ ပြုလုပ်နိုင်သည်။

**အမြတ်ဆုံးဒါန**

ဒါနဟူသည် အာမိသဒါန၊ ဓမ္မဒါနဟူ၍ နှစ်မျိုးရှိသည်။ ပစ္စည်းလေးပါးလှူသော ဒါနသည် အာမိသဒါနမည်သည်။ တရားအလှူသည် ဓမ္မဒါနမည်သည်။ အာမိသဒါနထက် ဓမ္မဒါနက ပိုမိုမြင့်မြတ်သည်။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။ အလှူဒါနအားလုံးကို ဓမ္မဒါန အလှူက လွှမ်းမိုးအောင်နိုင်သည်ဟူ၍ ဗုဒ္ဓမြတ်စွာဟောတော်မူခဲ့သည်။

တရားဟောခြင်း၊ ပိဋကတ်တော်များကို သင်ကြားပို့ချပေးခြင်း၊ ပိဋကတ် စာအုပ်စာတမ်းများ လှူဒါန်းခြင်းသည် ဓမ္မဒါန တရားအလှူဖြစ်သည်။

**ဥပဒေဒါန**

ဥပဒေပညာရပ်ကို ပေးကမ်းစွန့်ကြဲ မျှဝေပြုလုပ်ခြင်းသည် ဥပဒေဒါနဟု ခေါ်ဆိုနိုင်သည်။ ဥပဒေအသိပညာ မျှဝေခြင်း၊ ဖြန့်ဖြူးခြင်း၊ ဟောပြောခြင်း၊ သင်ကြားပို့ချပေးခြင်း၊ ဥပဒေစာအုပ်စာတမ်းများ လှူဒါန်းခြင်းဖြင့် ဥပဒေဒါနများ ပြုနိုင်သည်။ ဥပဒေပညာသည် လောကီပညာရပ်ဖြစ်၍ ဥပဒေဒါနပြုခြင်းသည် လောကီပညာရပ်ကို ပေးကမ်းစွန့်ကြဲမျှဝေသည့်အလှူဒါနတစ်ခုဟုဆိုနိုင်သည်။

**အလိုအပ်ဆုံးသော မြတ်ဒါန**

ဥပဒေဒါနပြုကြခြင်းဖြင့် နီတိ၊ ကျင့်ဝတ်၊ စည်းကမ်းတွေကို ဥပဒေတွေကို သိနားလည်စေသည်။ ကိုယ်ကျင့်တရားတွေ ကောင်းမွန်လာစေသည်။ အသိပညာတွေ မြင့်မားလာစေသည်။ သုစရိုက်တွေကို ဆောင်စေသည်။ ဒုစရိုက်တွေကို ရှောင်စေသည်။ အမှန်နှင့်အမှား၊ တရားမှုနှင့် မတရားမှု ခွဲခြားသိရှိနိုင်သည်။ ယဉ်ကျေးသော လူ့ဘောင်အဖွဲ့အစည်း၊ တည်ငြိမ်အေးချမ်းသော၊ သာယာသော၊ တရားဥပဒေစိုးမိုး၍ ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းကို ဖြစ်ထွန်းစေသည်။

သို့ဖြစ်ရာ လောကီပညာရပ်ဖြစ်သော ပညာဒါနများပြုကြရာတွင် အခြား အခြားပညာရပ်၊ ဒါနများထက် ဥပဒေပညာဒါနသည် ပို၍ အလိုအပ်ဆုံးသော ပညာဒါနတစ်ခုဖြစ်သည်၊ မြတ်သောဒါနတစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။

**ဥပဒေဒါနပြုနေကြပြီ**

ယနေ့တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေကြသည်။ သင်ကြားပို့ချမှုတွေ ပြုနေသည်။ ဆွေးနွေးဖလှယ်နေကြသည်။ ဟောပြောနေကြသည်။ သတင်းစာ၊ စာစောင်၊ ဂျာနယ်အသီးသီးတွင် ရေးသားဖော်ပြနေကြသည်။ ဤသည်မှာ မြတ်သော ဥပဒေဒါန ပြုနေကြခြင်းဖြစ်သည်။ ဝမ်းမြောက်မိသည်။ လိုလိုလားလား အားပေးနေမိသည်။

ရုပ်ရှင်၊ ဂီတ အနုပညာဖြင့် ဥပဒေအသိပညာပေးခြင်းသည်လည်း ထိရောက်မှုရှိလှသည်။ ထူးထူးခြားခြားရုပ်ရှင်ကား နှစ်ကားကို မှတ်မိနေသည်။ ပထမရုပ်ရှင်ကားက "ငို၍ရယ်၍ မရသောမျက်နှာ" ဖြစ်သည်။ အကယ်ဒမီ မြတ်လေးနှစ်ကိုယ်ခွဲဖြင့် သရုပ်ဆောင်ထားသည်။ အစ်ကိုဖြစ်သူ ရဲအရာရှိက ညီဖြစ်သူနှင့်စပ်လျဉ်းပြီး ရာဇဝတ်မှုခင်းကို ဖမ်းဆီးအရေးယူရသည်။ ဒုတိယရုပ်ရှင်ကားက "နှလုံးလှလူမိုက်" ဖြစ်သည်။ အကယ်ဒမီနေအောင် သရုပ်ဆောင်ခဲ့သည်။ အစ်ကိုဖြစ်သူ တရားသူကြီးက ညီအငယ်ဆုံးဖြစ်သူနှင့် စပ်လျဉ်းသည့် ရာဇဝတ်မှုကို စစ်ဆေးအရေးယူဖို့ တာဝန်ရှိလာသည်။

နှစ်ကားစလုံးမှာပင် ညီအစ်ကိုသံယောဇဉ်ဆိုသည်ကို ပဓာနမထား။ ဥပဒေ၏ မျက်နှာတစ်ခုတည်းကိုသာကြည့်ပြီး ပြုမူလှုပ်ရှားပြောကြားခဲ့ပုံများသည်ကား ဥပဒေ၏ ဥပမိရုပ်ကို ပေါ်လွင်မြင်သာစေသည်။ ဥပဒေအသိပညာ တိုးပွားစေသည်။ တရားဥပဒေစိုးမိုးရေး အထောက်အကူပြုစေသည်။ အနုပညာရပ်တစ်ခုကို ဖန်တီးရင်း ဥပဒေဒါနတစ်ခု ပြုလိုက်သည်ဟု ဆိုနိုင်သည်။ ဤသို့သော ရုပ်ရှင်ဇာတ်ကားတွေ ပို၍ ပို၍ ပေါ်လာစေဖို့ တိုက်တွန်းပါရစေ။

**ဥပဒေအသိပညာပေးခြင်းနှင့်**

သူတော်ကောင်းတရား ခုနစ်ပါး

ဥပဒေအသိပညာပေးနေကြသူများသည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ ဟူသော သူတော်ကောင်းတရား ခုနစ်ပါးကို ကျင့်ကြံပွားများရာ ရောက်နေသည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ပါနည်း။ အနှစ်ချုပ်ဆိုရပါသော်-

မိမိသိသောပညာရပ်တစ်ခုကို သူတစ်ပါးအားလည်း သိစေလိုခြင်းကြောင့် စေတနာ၊ သဒ္ဓါ၊ တရား ထက်သန်စေသည်။ တစ်ပါးသူကို အသိပညာပေးခြင်းဖြင့် မိမိကိုယ်တိုင်ကလည်း လိုက်နာပွားများ ကျင့်ကြံကြခြင်းဖြင့် သီလတရားဖြစ်စေသည်။ အကြားအမြင်၊ အသိ၊ ဗဟုသုတများ ရှာဖွေမှီငြမ်းခြင်းဖြင့် သုတတရားရစေသည်။ မိမိ၏ အသိပညာကို ပေးကမ်းစွန့်ကြဲမျှဝေခြင်းဖြင့် စာဂတရားပွားစေသည်။ ဥပဒေအသိပညာများများ ပေးနိုင်ဖို့၊ များများမျှဝေနိုင်ဖို့ လေ့လာ ဆည်းပူးရခြင်းဖြင့် ပညာတရားတိုးစေသည်။ ဥပဒေအသိပညာများများရလေ၊ များများသိလေ၊ မကောင်းတာ၊ မမှန်တာ၊ မတရားတာတွေ ပြုမူပြောဆိုလုပ်ဆောင်ရမှာ ရှက်လာခြင်း၊ ကြောက်တတ်လာခြင်းဖြင့် ဟိရီ၊ ဩတ္တပ္ပတရားများ သိရှိနားလည်စောင့်ထိန်းလာစေသည်။

**ဒါန၏ကောင်းကျိုး**

ဒါနပြုကြခြင်းဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသော ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ ရရှိခံစား၊ စံစားနိုင်ကြသည်ကို အားလုံးသိရှိနားလည်ထားကြပြီးဖြစ်သည်။ ဤတွင် ဒါနပြုခြင်းနှင့်စပ်လျဉ်း၍ လောက၌ လူအမျိုးအစား လေးသွယ် ကွဲပြားခြားနားနေရပုံကို ဗုဒ္ဓမြတ်စွာက ဟောကြားခဲ့သည့် တရားတော် အနှစ်ချုပ်ကို ဖော်ပြပါရစေ။

ပထမတစ်မျိုးမှာ မိမိကိုယ်တိုင်ကလည်း ဒါနပြုသည်။ သူတစ်ပါးကိုလည်း ဒါနပြုဖို့ အမြဲတိုက်တွန်းလေ့ရှိသည်။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာ၍ အဆွေခင်ပွန်းလည်း ပေါများသည်။

ဒုတိယတစ်မျိုးမှာ မိမိကိုယ်တိုင်ကတော့ ဒါနပြုသည်။ သူတစ်ပါးကို ဒါနပြုဖို့ မတိုက်တွန်း။ သူတစ်ပါး ဒါနပြုသည်ကို မလိုလား။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသော်လည်း အဆွေခင်ပွန်းမရှိ၊ ရှားပါးလှသည်။

တတိယတစ်မျိုးမှာ မိမိကိုယ်တိုင်ကတော့ ဒါနမပြု။ သူတစ်ပါးကို ဒါနပြုဖို့ တိုက်တွန်းသည်။ သူတစ်ပါး ဒါနပြုသည်ကိုလိုလားသည်။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်းမရှိ။ အဆွေခင်ပွန်းကတော့ ပေါများသည်။

စတုတ္ထတစ်မျိုးမှာ မိမိကိုယ်တိုင်ကလည်း ဒါနမပြု။ ဒါနပြုဖို့ ဝန်လေးသည်။ သူတစ်ပါးကိုလည်း ဒါနပြုဖို့ မတိုက်တွန်း။ သူတစ်ပါး ဒါနပြုသည်ကိုလည်း မလိုလား။ ပစ္စည်းဥစ္စာလည်းမရှိ။ အဆွေခင်ပွန်းလည်း ကင်းမဲ့သည်။

**ဒါနပြု၍ ဒါနပါရမီဖြည့်ကျင့်ပါလေ**

မိမိတို့သိရှိနားလည်ထားသော ဥပဒေပညာရပ်ကို သူတစ်ပါးတို့အား သိရှိအောင် မျှဝေခြင်းဖြင့် ဥပဒေဒါနပြုကြစေလိုသည်။ မိမိတို့ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများကို ပေးကမ်းစွန့်ကြဲခြင်းဖြင့် ဒါနအထွေထွေပြုကြစေလိုသည်။

ဥပဒေဒါနပြုခြင်းဖြင့် ယဉ်ကျေးသော လူ့ဘောင်အဖွဲ့အစည်း၊ တရားဥပဒေလွှမ်းခြုံထားနိုင်သော ငြိမ်းချမ်းသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ခု တည်ဆောက်နိုင်သည်။ ဒါနအထွေထွေပြုကြခြင်းဖြင့် ကြွယ်ဝချမ်းသာသော လူ့ဘောင်အဖွဲ့အစည်း၊ သာယာပျော်ရွှင်ဖွယ်ကောင်းသော လူ့ဘောင်အဖွဲ့အစည်းတစ်ခု တည်ဆောက်နိုင်သည်။

ဒါနံသမ္မတ္တာ၊ သာဓကံ ဟူသော တရားနှင့်အညီ ဒါနပြုကြခြင်းဖြင့် အလုံးစုံပြီးမြောက်နိုင်သည်။ ဒါနပြုကြခြင်းဖြင့် ဒါနပါရမီ ဖြည့်ကျင့်ရာရောက်ပြီး လောကီ လောကုတ္တရာနှစ်ဖြာသော ကောင်းကျိုးချမ်းသာများ ရရှိမည် ဖြစ်ကြောင်းပါ။

ဥပဒေဒါနပြုကြခြင်းဖြင့် ယဉ်ကျေးသော လူ့ဘောင်အဖွဲ့အစည်း တည်ဆောက်ကြပါလေ။

ဒါနအထွေထွေပြုကြခြင်းဖြင့် ဒါနပါရမီ ဖြည့်ကျင့်ကြပါလေ။ ။

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဂူရှုးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် ဂူရှုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက TC-2 ဂူရှုးလေ့ကျင့်ရေးရုံ လယ်ဝေး၌ကျင်းပရာ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂူရှုးအဖွဲ့ချုပ် အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုပြိုင်ပွဲကို ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန် ဂူရှုးအားကစားနည်းကို Mass Sport အဖြစ် ကျယ်ပြန့်စွာ ကစားလာနိုင်စေရေးတို့အတွက် ရည်ရွယ်ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ် နှစ်ဆု၊ ငွေတံဆိပ် နှစ်ဆုနှင့် ကြေးတံဆိပ် နှစ်ဆုကို ဆွတ်ခူးရရှိကာ နိုင်ငံ့ဂုဏ်ကိုလည်း စွမ်းဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအနေဖြင့် မိမိတို့၏ အရည်အချင်းများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အနိုင်မခံ အရှုံးမပေးဘဲ ဇွဲ၊ စိတ်ဓာတ်ကို အခြေခံကာ ယှဉ်ပြိုင်ကစားကြစေလိုကြောင်း၊ ပြိုင်ပွဲတွင် ကြီးကြပ်သည့် ဒိုင်လူကြီးများအနေဖြင့်လည်း ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများအတိုင်း တရားမျှတစွာ ဆုံးဖြတ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြိုင်ပွဲဝင်ကစားသမားများအနေဖြင့် ယခုပြိုင်ပွဲမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြပါဟု တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ချန်းချွမ် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲနှင့် ဆန်းဆို (၄၅)ကီလို၊ (၄၈)ကီလို (အမျိုးသမီး) ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများအား ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ဂူရှုးပြိုင်ပွဲကို အမျိုးသား ၁၄ သင်း၊ အမျိုးသမီး ၁၂ သင်းတို့မှ အားကစားသမား အမျိုးသား ၇၅ ဦးနှင့် အမျိုးသမီး ၄၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး အောက်တိုဘာ ၁၈ ရက်မှ ၂၁ ရက်အထိ TC-2 ဂူရှုး လေ့ကျင့်ရေးရုံ လယ်ဝေးတွင် နေ့စဉ် နံနက် ၉ နာရီမှစတင်ပြီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကာ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# ဆည်တော်ကြီးရေလှောင်တမံစီမံကိန်းအတွင်း ရေဝင်ရောက်မှုနှင့် ရေထုတ်ပြွန်များမှပိုလျှံရေလွှတ်နေမှုအခြေအနေကြည့်ရှုစစ်ဆေး

**မန္တလေး အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီက မတ္တရာမြို့နယ် ဆည်တော်ကြီး ရေလှောင်တမံစီမံကိန်းအတွင်း ရေဝင်ရောက်မှုနှင့်ရေထုတ်ပြွန်များမှ ပိုလျှံရေများ လွှတ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည်ဆည်တော်ကြီးရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က ဆည်တော်ကြီးရေလှောင်တမံတည်နေရာ၊ တမံအမျိုးအစား၊ ရေဆင်းဧရိယာ၊ ကန်ရေပြည့်ရေလှောင်ပမာဏ၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ၊ ရေထုတ်ပြွန်အမျိုးအစား၊ ရေပိုလွှဲမြောင်းအကျယ်၊ တူးမြောင်းမကြီးနှင့် လက်တံမြောင်းအခြေအနေ၊ ဆည်ရေပေးဝေနိုင်သည့်ဧရိယာနှင့် ပိုလျှံရေလွှတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် သိလိုသည်များမေးမြန်းကာ ဆောင်ရွက်ရမည့်ကိစ္စများကိုပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆည်တော်ကြီးရေလှောင်တမံသည် ချောင်းမကြီးချောင်းကိုအခြေခံ၍တည်ဆောက်ထားသည်။ မြေသားကွန်ကရစ်ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ပြီး ရေဆင်းဧရိယာ ၁၃၂၂ စတုရန်းမိုင် နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၃၄ ဒသမ ၁ လက်မ၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၁၃၃၀၀၀၀ ဖြစ်သည်။ တမံအမြင့် ၁၃၃ ပေ၊ တမံအလျားပေ ၄၁၂၀၊ မြေသားတမံ ၂၇၅၈ ပေ၊ ကွန်ကရစ်တမံ ၇၇၇ ပေ ဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏဧကပေ ၈၄၀၀၀၊ ကန်ရေပြည့်ရေပြင်အကျယ်ဧရိယာဧက ၇၀၉၀၊ ရေထုတ်ပြွန်အမျိုးအစားဖြစ်ပြီး ရေပိုလွှဲအကျယ်မှာပေ ၃၆၀၊ တူးမြောင်းမကြီးမှာ ၄၂ မိုင်၊ လက်တံမြောင်းမှာ ၁၀၂ မိုင်ရှိပြီး ဧက ၁၂၇၀၀၀ ဆည်ရေပေးနိုင်သည်။ **မောင်ပြည်သူ(မန္တလေး)**





# ချမ်းသာရဆုတောင်းပြည့်ဘုရား တတိယအကြိမ် မသိုးသင်္ကန်းရက်လုပ်ပူဇော်

**မန္တလေး အောက်တိုဘာ ၁၉**

မန္တလေး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက်ရပ်ကွက်ရှိ သမိုင်းဝင်ချမ်းသာရဆုတောင်းပြည့်ဘုရား တတိယအကြိမ် မသိုးရွှေကြာသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၈ နာရီက ပြုလုပ်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာစိုးသန်း၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနဝန်ကြီးဦးစိုင်းကျော်ဇော၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးသိန်းတန်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)ဦးပိုမြင့်တို့က မသိုးသင်္ကန်းရက်လုပ်ပွဲဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာကြသူများသည် စေတီတော်ရင်ပြင်တော်ပေါ်တွင် ရေကြည်ပေါက်အသင်း၊ အုန်းတောအသင်းနှင့် ကိုးလုံးတကာအသင်းတို့၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ရန် ဝါဆွတ်ခြင်း၊ ဝါဖန့်ခြင်း၊ ဗိုင်းငင်ခြင်း၊ ရက်ကန်းရက်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးကာ ဘုရားရှင်အား ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

အဆိုပါ မသိုးသင်္ကန်းကို အောက်တိုဘာ ၁၈ ရက်က တစ်နေကုန် နေ့မကူးစေဘဲ ရက်လုပ်၍ အရုဏ်တက်ချိန် နံနက် ၄ နာရီတွင် စေတီတော်ပရိဝုဏ်အတွင်းရှိ ရုပ်ပွားတော်ငါးဆူကို ဆက်ကပ်လှူဒါန်းပူဇော်ပြီး စေတနာရှင်များက စတုဒိသာကျွေးမွေးခြင်း၊ ညပိုင်းတွင် တေးဂီအဖွဲ့ဖျော်ဖြေခြင်းများပါဝင်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ နိုင်ငံတစ်ဝန်းမှ အားကစားကွင်း၊ အားကစားရုံများ၌ ပြည်သူများ အခမဲ့ဝင်ရောက် အားကစားပြုလုပ်ခြင်း၊ လေ့ကျင့်ခန်း ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်တို့ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးပြီး နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ကျန်းမာကြံ့ခိုင်၍ ဉာဏ်ပညာမြင့်မားကာ အရာရာကို စွမ်းဆောင်ရည် မြင့်မားစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန်အတွက် မျှော်မှန်းချက်ထား၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ခြင်းသည် ကျန်းမာရေးကို များစွာ အထောက်အကူပြုခြင်း၊ အားကစားပြုလုပ်ခြင်းဖြင့် လူငယ်လူရွယ်များ ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်လာခြင်း၊ အသက်အရွယ်ရလာသူများအဖို့ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားခြင်း၊ လမ်းလျှောက်ခြင်းဖြင့် အဝလွန်ခြင်း၊ သွေးတိုးခြင်း၊ သွေးတွင်းအဆီဓာတ်ပါဝင်မှုများပြားခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါတို့ကို ကာကွယ်ပေးပြီး ကျန်းမာရေးတွက် ဆေးတစ်ခွက်( Exercise Physical Activity is Medicine) ဖြစ်သည်ကို နိုင်ငံတစ်ဝန်းမှ ပြည်သူများ သိရှိနားလည်ပြီး အားကစားကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်စေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အသီးသီးရှိ အားကစားကွင်း၊ အားကစားရုံအသီးသီး၌ ပြည်သူများအခမဲ့ လွတ်လပ်စွာ ကိုယ်လက်လှုပ်ရှား အားကစားကို ပြုလုပ်နိုင်ကြောင်းနှင့် အားကစားကွင်း၊ အားကစားရုံ အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၌ ကြေညာထားမည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်း မြို့နယ်အသီးသီးရှိ အားကစားကွင်း၊ အားကစားရုံအသီးသီးကို ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့နယ်အသီးသီးရှိ အားကစားဝါသနာရှင်များ အားကစားပြုလုပ်နိုင်အောင် နေရာအသီးသီး၌ Outdoor Fitness များကို ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအနေဖြင့် မြို့နယ်အသီးသီးရှိ အားကစားကွင်း၊ အားကစားရုံအသီးသီး၌ လွတ်လပ်စွာ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်ကြောင်းကိုလည်း ပြည်သူများ သိရှိနိုင်ရန် ရုပ်မြင်သံကြား၊ သတင်းစာနှင့် ဂျာနယ်များတွင် အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ဇော်**

# မိတ္ထီလာမြို့နယ် ရှင်မြို့ကျေးရွာ၌ အောင်ရတနာတံတားတည်ဆောက်ပြီးစီး၍ ဒေသခံများသွားလာရေးအဆင်ပြေ

**မိတ္ထီလာ အောက်တိုဘာ ၁၉**

မိတ္ထီလာမြို့ ရှင်မြို့ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်သည့် အောင်ရတနာတံတား တည်ဆောက်ပီးစီး၍ ကျေးရွာခြောက်ရွာမှ ဒေသခံများ သွားလာရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရှင်မြို့ကျေးရွာမှ ဒေသခံများမှာ တောင်သူများဖြစ်ကြသော်လည်း အများစုမှာ မိတ္ထီလာမြို့ကို အမှီပြု၍ စီးပွားရေးလုပ်ကိုင်ကြသည့်အတွက် ရှင်မြို့မှ မိတ္ထီလာမြို့ပေါ်သို့ ဆက်သွယ်သွားလာသည့် လမ်းပေါ်တွင် မုန်တိုင်ဆည်မှ မိတ္ထီလာကန်အတွင်းသို့ စီးဝင်သည့် မုန်တိုင်ချောင်းအား ဖြတ်သန်းသွားလာရသည်။

အဆိုပါ မုန်တိုင်ချောင်းသည် တိမ်ကောနေပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်၍ အနီးပတ်ဝန်းကျင်ကျေးရွာများကို ရေဝင်ရောက်ခဲ့ပြီး နှစ်စဉ်မိုးရာသီရောက်တိုင်း ရေဘေးဒုက္ခကြုံတွေ့လျက်ရှိသောကြောင့် ချောင်းရေလျှံမှုမရှိစေရန် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆည်မြောင်းဦးစီးဌာနက အကျယ်ပေ ၅၀၊ အနက် ၁၅ ပေ တူးဖော်ဆောင်ရွက်ခဲ့သည်။

ထိုသို့ တူးဖော်ဆောင်ရွက်ခဲ့သည့်အတွက် ရှင်မြို့ကျေးရွာ ဒေသခံများမှာ သွားလာမှု အဆင်ပြေစေရန် သစ်သားတံတားကို တည်ဆောက်ခဲ့သော်လည်း ခိုင်ခံ့မှုမရှိဘဲ ချောင်းရေတိုက်စားမှု ကြုံတွေ့ခဲ့ရသဖြင့် ရှင်မြို့ကျေးရွာရှိ ကျေးရွာသူကျေးရွာသားများမှ စုပေါင်း၍ ငွေကျပ်သိန်း ၃၀ ကျော်ဖြင့် အလျားပေ ၈၀၊ အကျယ် ၁၂ ပေရှိ အောင်ရတနာသစ်သားတံတားကို ၂၀၁၇ ခုနှစ် ဇူလိုင်လမှစတင်၍ တည်ဆောက်ခဲ့ရာ ဩဂုတ် ၂၉ ရက်က ဆောက်လုပ်ပြီးစီး၍ ရှင်မြို့ကျေးရွာရှိ အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၅၇၀ ကျော်နှင့် အုတ်နဲ့ပုတ်၊ လက်ပံကော့၊ ရွာမ၊ အုတ်မြေကံနှင့် ကျောက်ဖြူကုန်းကျေးရွာများမှ ဒေသခံများ သွားလာရ အဆင်ပြေလျက်ရှိကြောင်း ရှင်မြို့ကျေးရွာရာအိမ်မှူး ဦးမာဒင်က ပြောသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် အပျော်စီးရေယာဉ်ဖြင့် လှည့်ပတ်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ထူးခြားလှပ၍ သဘာဝအတိုင်း ခံစားနိုင်သည့် မတူကွဲပြားသော သဘာဝအခြေခံခရီးစဉ်ဒေသများ၊ သမိုင်းအစဉ်အလာကြီးမား၍ ယဉ်ကျေးမှုအမွေအနှစ်များစွာဖြင့် ပြည့်နှက်လျက်ရှိသည့် ယဉ်ကျေးမှုအခြေခံခရီးစဉ်ဒေသများ၊ သဘာဝအတိုင်းပျက်စီးခြင်းမရှိသော ကမ်းခြေများနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးပျူငှာဖော်ရွေစွာ ဆက်ဆံတတ်သည့်မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်များကို သိရှိလာကြသဖြင့် လည်ပတ်ရန် အကောင်းဆုံး ခရီးစဉ်ဒေသတစ်ခုအဖြစ် ရွေးချယ်ပြီး စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိကြသည်။

ထိုသို့ လည်ပတ်ရာတွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရေဆိပ်များဖြင့်သာမက နယ်စပ်ဝင်/ ထွက်ပေါက်များမှ တစ်ဆင့် ကိုယ်ပိုင်မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့်လည်း စဉ်ဆက်မပြတ် ဝင်ရောက်လျက်ရှိသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Pandaw Cruises Co., Ltd. ၏ စီစဉ်မှုဖြင့် ဗြိတိန်နိုင်ငံသူ ကမ္ဘာလှည့်ခရီးသည် ၁၀ ဦးသည် အောက်တိုဘာ ၅ ရက်တွင် ရန်ကုန်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး အောက်တိုဘာ ၆ ရက်မှ ၁၃ ရက်အထိ R.V Kalay Pandaw အပျော်စီးရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ရန်ကုန်-မန္တလေး-စစ်ကိုင်း-မင်းကွန်း-နွယ်ငြိမ်း-မလဲ့-ကြာညှပ်-ထီးချိုင့်-ကသာ-အနောက်ကသာ-သစ်တောကြိုးဝိုင်း (နတ်ပေါက်ဆင်စခန်း)-ကသာ-ကျွန်းတော်(ရွှေဂူ)-ဆင်ဆန်း-မိုးတာ-တကောင်း-စည်ပင်ကျွန်း-စစ်ကိုင်း-မန္တလေးစသည့် ခရီးစဉ်များသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**



# ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးနှင့် အရှိုချင်းစာပေယဉ်ကျေးမှု ကော်မတီဝင်များတွေ့ဆုံ

**ပဲခူး အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးနှင့် အရှိုချင်းစာပေယဉ်ကျေးမှု ကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ပြည်မြို့ ခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာသဘာပတိအရှိုချင်းစာပေယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးဆလိုင်းထွန်းလှိုင်၊ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းရင်းသားလူမျိုးများရေးရာ ကော်မတီဥက္ကဋ္ဌ ဦးတင်ဆန်းဦးနှင့် အရှိုချင်းစာပေယဉ်ကျေးမှု ဒု-ဥက္ကဋ္ဌ ဆလိုင်းအောင်ဆန်းတို့ကအမှာစကား အသီးသီးပြောကြားကြသည်။

ထို့နောက်စာပေယဉ်ကျေးမှုနှင့် ပတ်သက်သောစာတမ်းဖတ်ခြင်းကို တက်ရောက်လာသော မြို့နယ်အသီးသီးမှ ကိုယ်စားလှယ်များက ဖတ်ကြားပြီး အရှိုချင်းစာပေယဉ်ကျေးမှုဒု-ဥက္ကဋ္ဌ ဆလိုင်းအေးပိုင်က ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာဆလိုင်းအောင်ကြည်က ကျေးဇူးတင်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဇီးကုန်း၊ အုတ်တွင်း၊ ဒိုက်ဦး၊ ပန်းတောင်း၊ ပေါက်ခေါင်းနှင့် ပြည်မြို့နယ်များမှ အရှိုချင်းစာပေယဉ်ကျေးမှုကော်မတီများနှင့် စာပေသင်ကြားသော ဆရာ ဆရာမများ၊ ချင်းတိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။

**တင်မိုး(ပဲခူး)**

# သဘာဝဘေးလျော့ပါးရေးနေ့နှင့် ခရိုင်အတွင်း သဘာဝဘေးလျော့ပါးရေး လုပ်ရှားမှုများပြသ

**ဟသ်ာတ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၈ ရက်က ဟသ်ာတမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဟသ်ာတခရိုင်အုပ်ချုပ်ရေးမှူးဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသန်းစိုးက အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ်၏ သဝဏ်လွှာကိုဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးသီတာဝင်းက အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားခဲ့ပြီး ဟသ်ာတမြို့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတို့အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှပေးအပ်သည့် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် VCA မြေပုံရေးဆွဲခြင်းပြိုင်ပွဲများတွင် ဆုရရှိသူများကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်စိုး၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးမျိုးအောင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးသီတာဝင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဟသ်ာတခရိုင်အတွင်း သဘာဝဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများနှင့် အထောက်အကူပစ္စည်းများပြသထားရှိမှုကို လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



ခရမ်းမြို့နယ် ကမာမတ်ရဲကင်းစခန်းမှူး ရဲအုပ်လှထွန်းသည် အုတ်ဖိုကျေးရွာ၌ သက်ငယ်မုဒိမ်းပပျောက်ရေး မှုခင်းအသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ပြုလုပ်ရာ ပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြစဉ်။ **အောင်ဆွေ(ရွှေတံတား)**

# မြို့နယ်အလိုက် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**မော်လိုက် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် အာကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား မြို့နယ်အလိုက် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အောက်တိုဘာ ၁၈ ရက် ညနေ ၃ နာရီက မော်လိုက်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ မော်လိုက်မြို့နယ် အမျိုးသမီး ဘောလုံးအသင်းက ဖောင်းပြင်မြို့နယ် အမျိုးသမီးဘောလုံးအသင်းအား ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မော်လိုက်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ယုနှင့် တာဝန်ရှိသူများက နေရာအလိုက် အကောင်းဆုံးကစားသမားဆုများနှင့် ပထမ၊ ဒုတိယဆုရရှိသည့် အမျိုးသမီးဘောလုံးအသင်းများအား ငွေသားဆုနှင့် ဒိုင်းဆုများအား အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

# ပန်းအလှချည်ထိုးနည်းပြိုင်ပွဲကျင်းပ

**ကရသူရိ အောက်တိုဘာ ၁၉**

ကရသူရိမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်တွင် ကျောင်းသားကလေးငယ်များပါဝင်ယှဉ်ပြိုင်သော ပန်းအလှချည်ထိုးနည်းပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကရသူရိမြို့အုပ်ချုပ်ရေးမှူးဦးစိုးထိုက်က ပန်းအလှချည်ထိုးနည်းသည် မိန်းကလေးများသာမက၊ ယောကျာ်းလေးများပါတတ်ထားသင့်သောပညာဖြစ်ကြောင်း၊ ပန်းအလှချည်ထိုးပညာရပ်သည် အလှဖန်တီးသည့်ပညာရပ်တစ်ခုဖြစ်၍ အားလုံးတတ်ကျွမ်းထားပါကပိုမိုကောင်းမွန်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကရသူရိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးက ပန်းအလှချည်ထိုးနည်းသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားကာ နောင်တွင်လည်း သင်တန်းများ၊ ပြိုင်ပွဲများကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့သည်။ အခမ်းအနားသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိ ရပ်ဖ ၅၁ ဦး တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**ကရသူရိ(ပြန်/ဆက်)**

# တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် ဒေသအတွင်း သီးနှံများကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်

**ဘားအံ အောက်တိုဘာ ၁၉**

ကရင်ပြည်နယ်အနေဖြင့် တစ်ဖက်ထိုင်းနိုင်ငံမှသော်လည်းကောင်း၊ ပတ်ဝန်းကျင်ပြည်နယ်များမှသော်လည်းကောင်း သစ်သီးဝလံ၊ ပန်းမန်ကအစ ဟင်းသီးဟင်းရွက်မကျန် ဝင်ရောက်လာမှုအပေါ် ဝယ်ယူစားသောက်နေရသည်လည်းရှိရာ ရေမြေရာသီဥတုကောင်းမွန်နေပြီး သီးနှံများကို ဒေသအတွင်းကျယ်ပြန့်စွာ ဈေးကွက်တင် ဝယ်ယူစားသောက်နိုင်ရေးအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရာမှစတင်ကာ ကျယ်ပြန့်စွာ စိုက်ပျိုးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနနှင့် ကရင်ပြည်နယ် မျိုးစေ့ထုတ်လုပ်သူများအသင်းမှ သိရသည်။



ဘားအံမြို့နယ် အိန္ဒဲကျေးရွာအုပ်စု၊ ဘုရားလုံကျေးရွာမှ တောင်သူဦးကြာရင်၏ အော်ဂဲနစ်စနစ်(သဘာဝမြေဩဇာ)ကို အသုံးပြုကာ လက်ရှိဈေးကွက်ဝင်စိုက်ပျိုးဖြစ်ထွန်းနေသည့် တစ်ပိုင်တစ်နိုင် ယိုးဒယားကြက်ဟင်းခါးသီးမျိုးစိုက်ခင်းနှင့် ပတ်သက်ပြီး ကရင်ပြည်နယ် မျိုးစေ့ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိုးသိန်းက ဘားအံမြို့နယ်အနေနဲ့ ရေမြေရာသီဥတုကောင်းမွန်ပြီး အခုဆိုရင် ဘုရားလုံကျေးရွာ တောင်သူ ဦးကြာရင်ရဲ့ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမှုက အောင်မြင်နေပါတယ်။ ဈေးကွက်ရှိနေတယ်။ လက်တွေ့ရှိနေတာကို တခြားသူတွေ သီးနှံတွေကျယ်ပြန့်စွာ စိုက်ပျိုးနိုင်ကြရင် တခြားဒေသကနေ အားကိုးပြီး မဝယ်စားရတော့ဘဲ လတ်ဆတ်ပြီး ဈေးသင့်တဲ့ အကျိုးတွေကို ခံစားရမှာဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းကာ ဘားအံမြို့နယ်အပြင်၊ ပြည်နယ်အတွင်း ခုနစ်မြို့နယ်ကိုပါ နည်းပညာပေးသင်တန်းတွေ၊ ပညာပေးခြင်းတွေကို အခမဲ့ဆောင်ရွက်ပေးမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

ဘားအံမြို့နယ် အိန္ဒဲကျေးရွာအုပ်စု၊ ဘုရားလုံကျေးရွာမှာ တောင်သူ ဦးကြာရင်၏ အော်ဂဲနစ်စနစ်ဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသည့် ကြက်ဟင်းခါးစိုက်ခင်းနှင့် ပတ်သက်ပြီး “ကြက်ဟင်းခါးမျိုးကတော့ ယိုးဒယားမျိုးပါ။ ၈ လ ပိုင်းက စတင်စိုက်ပျိုးခဲ့ပြီး ငါးကြိမ်လောက်ပဲ ခူးဆွတ်ရောင်းချနိုင်ပါသေးတယ်။ သုံးရက်ကို တစ်ကြိမ်ခူးပြီး တစ်ကြိမ်ခူးရင် အလုံး ၂၀၀ လောက်ပဲ ခူးနိုင်ပါသေးတယ်။ နောင်လုံရွာမြပဝါဈေးမှာ တစ်လုံးကို ၂၀၀ ကျပ်နဲ့ ဖောက်သည်ဈေး သွင်းတာဆိုတော့ တစ်ကြိမ်အတွက်လေးသောင်းကျပ်ရတာပေါ့။ အဲဒီကမှ ဘားအံဈေးနဲ့ အခြားမြို့တွေကို ပြန်ဖြန့်တယ်လို့ သိရပါတယ်။ စိုက်ခင်းက ပေ ၁၅၀၊ ပေ ၇၀ စင်ပေါ်မှာ ဘူးပင်နဲ့ တစ်ဝက်စီခွဲစိုက်ပါတယ်။ ဘူးကတော့ အညွှန့်ခူးရောင်းနိုင်တော့မှာပါ။ ထပ်ပြီးတော့လည်း အခြားသီးနှံတွေ တိုးချဲ့စိုက်ပျိုးသွားပါဦးမယ်”ဟုရင်းက ဆက်လက်ပြောကြားသည်။

သီးနှံအထွက်နှုန်းတိုးစေရန် ဓာတုမြေဩဇာများကို အလွန်အကျွံသုံးစွဲခဲ့ကြခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးများ မရှိစေသည့် အော်ဂဲနစ်သီးနှံများ ဒေသအတွင်းစိုက်ပျိုးရောင်းချဖြန့်ဖြူးနိုင်ခြင်းဖြင့် ဝင်ငွေလည်းရစေခြင်း၊ အခြားဒေသမှ သစ်သီး၊သီးနှံအပြင် ၄က်ပျောဖူးကအစ ဝင်ရောက်လာမှုကို ဝယ်ယူအားထားရခြင်းမှ ကင်းဝေးစေခြင်းတို့အတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရာမှစတင်ကာ ကျယ်ပြန့်စွာ စိုက်ပျိုးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်များကို ပူးပေါင်းဆောင်ရွက်ရေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# ဘာသာပေါင်းစုံ စုဆုံညွှန်ပြညီညွတ်ကြလော့

ခင်မောင်ငွေး(ပညာရေး)

လောကတွင် ဘုရားအဆူဆူတို့ ပွင့်တော်မူပြီးဖြစ်၏။ ဂင်္ဂါဝါဠုသဲစုအတူ ပွင့်တော်မူပြီးသည့် ဘုရားအဆူဆူတို့သည် မည်သို့ပင်ကွဲပြားနေစေကာမူ အောက်ပါအတိုင်းတူညီစွာ ဟောညွှန်ဆုံးမခဲ့သည်ကို တွေ့ရ၏။

၁။ မကောင်းမှု အကုသိုလ်မှန်သမျှ မပြုမလုပ်ရခြင်း

၂။ ကုသိုလ်အားလုံးပြည့်စုံစေရခြင်း

၃။ မိမိကိုယ်ကိုယ် ဖြူစင်သန့်ရှင်းအောင်ထားခြင်း တို့ပင်ဖြစ်သည်။

**စိတ်ကောင်းစေတနာကောင်းများ ဦးစွာမွေးမြူ**

ထို့ပြင်ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်ကြီးများက ငြိမ်းချမ်းရေးနှင့်ပေါင်းစည်းညီညွတ်မှု၏ အင်အားကို ထုတ်ဖော်မြွက်ကြားရာတွင်လည်း ကမ္ဘာပေါ်တွင် စီးဆင်းနေသော မြစ်ကြီးများဖြစ်သည့် နိုင်းမြစ်၊ အမေဇုန်မြစ်၊ မစ္စစ္စပီမြစ်၊ အိန္ဒုမြစ်၊ ဂင်္ဂါမြစ်၊ မဲခေါင်မြစ်၊ ယန်စီမြစ်စသဖြင့် အမည်နာမအားဖြင့်သော်လည်ကောင်း၊ ရေမြေဒေသအားဖြင့်သော်လည်ကောင်း မည်သို့ပင်ကွဲပြားခြားနားစေကာမူ နောက်ဆုံးတွင် ပင်လယ်သမုဒ္ဒရာကြီးအတွင်းသို့ ပေါင်းဆုံစီးဝင်ကာ အလွန်ကြီးမားသောအင်အားကို ဖြစ်စေကြောင်း၊ နိုင်ငံအတွင်း၌လည်းမြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့သည် ရေမြေဒေသအမျိုးမျိုး၊ အသွေးအရောင်အမျိုးမျိုးတို့ဖြင့် ကွဲပြားခြားနားစွာ စီးဆင်းနေကြသော်လည်း နောက်ဆုံးတွင် မဟာပင်လယ်သမုဒ္ဒရာအတွင်းသို့ စုဆုံစီးဝင်ကြသည်သာဖြစ်ကြောင်း ဟောပြောညွှန်ပြခဲ့ကြလေသည်။

မည်သို့ပင်အင်အားကြီးမားသည့် နိုင်ငံပင်ဖြစ်စေကာမူ လူမျိုးတစ်မျိုးဘာသာတစ်မျိုးတည်းဖြင့် ရပ်တည်နေနိုင်ကြသည်မဟုတ်ပေ။ လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံတို့ဖြင့် သဟဇာတရှိစွာပေါင်းစည်းနေထိုင်ဆက်ဆံကြရသည်သာဖြစ်သည်။ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ဖို့ဆိုသည်မှာ လူတိုင်းတွင် လေးစားတန်ဖိုးထားစိတ်၊ ချစ်ခင်မြတ်နိုးစိတ်နှင့်လိုက်နာစောင့်ထိန်းတတ်သည့် စိတ်ကောင်းစေတနာကောင်းများရှိရန် ဦးစွာမွေးမြူနိုင်ရမည်ဖြစ်သည်။

**ဥပဒေကို လိုက်နာကြရမည်**

အကြောင်းမှာ အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံတစ်နိုင်ငံတွင် နေထိုင်သည့် မည်သည့်နိုင်ငံသားမဆို ထိုနိုင်ငံက ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေကို လိုက်နာကြရမည်သာဖြစ်သည်။ ထို့အပြင် ကွဲပြားခြားနားသည့် ယုံကြည်ကိုးကွယ်ရာ၊ ဘာသာဓလေ့ထုံးတမ်းစဉ်လာများကိုလည်း လေးစားတန်ဖိုးထားရမည်သာဖြစ်သည်။ မည်သည့်ဘာသာကိုမျှ နှိမ့်ချဆက်ဆံခြင်း၊ ပျက်စီးရာပျက်စီးကြောင်း ပြုမူဆောင်ရွက်ခြင်း၊ ဂုဏ်သရေညှိုးနွမ်းအောင် ဆောင်ရွက်ခြင်းများ အလျဉ်းမရှိသင့်ပေ။

**ကမ္ဘာ့ရှေ့တန်းသို့ရောက်ရှိ**

ထို့အတူ မည်သူပင်ဖြစ်စေ ငါတည်းဟူသော အတ္တကို ရှေ့တန်းတင်၍ ငါလိုချင်တာ။ ငါဖြစ်ချင်တာကို ငါတကောကော၍ မရနိုင်ပေ။ လူမျိုးဘာသာ အသွေးအရောင် ကွဲပြားခြားနားမှုကို အကြောင်းပြု၍ စစ်ပွဲများဆင်နွှဲနေကြသူများရှိ၏။ အဓိကရုဏ်းများ၊ ဆူပူအကြမ်းဖက်မှုများရှိနေကြ၏။ ထိုနိုင်ငံများတွင် ပြည်သူတို့၏ဘဝသည် လုံခြုံအေးချမ်းမှုမရှိ။ ပညာသင်ကြားမှုအခွင့်အလမ်းများ ဆုံးရှုံးနေကြ၏။ လူတို့၏ အသက်အိုးအိမ်စည်းစိမ်များ နေ့စဉ်နှင့်အမျှ ပျက်စီးဆုံးရှုံးနေကြရ၏။ တဖြည်းဖြည်းနှင့် ဆင်းရဲကျပ်တည်း ကျဉ်းမြောင်းကာ အဆိုးကျော့သံသရာမှ လွတ်မြောက်နိုင်ခဲ့ကြသည်ကို တွေ့မြင်ရမည်သာဖြစ်သည်။ တစ်ဖက်တွင် မတူကွဲပြားမှုများ မည်သို့ပင်ရှိနေစေကာမူ စုစည်းညီညွတ်မှု ပေါင်းစည်းအားကိုယူနိုင်သည့် နိုင်ငံများမှာ ကမ္ဘာ့ရှေ့တန်းသို့ရောက်ရှိနေကြသည်သာဖြစ်သည်။

**ပြယုဂ်ကောင်းတစ်ခု**

မကြာသေးမီကာလ၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဦးစီးဦးဆောင်ပြုမှုဖြင့် ရန်ကုန်မြို့အပါအဝင်မြို့ကြီးများတွင် ဘာသာပေါင်းစုံငြိမ်းချမ်းရေး ဆုတောင်းပွဲများ ကျင်းပနိုင်ခဲ့ကြသည်ကို တွေ့ရသည်။ အချုပ်အခြာအာဏာပိုင်စိုးသည့် နိုင်ငံဖြစ်သည်နှင့်အညီ အခြေခံဥပဒေအရ ပြည်သူပြည်သားတိုင်းသည် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့် ပြုထားပါ၏။ သို့ဖြစ်၍လည်း ဘာသာကြီးလေးခုအပါအဝင် မိမိတို့ယုံကြည်သက်ဝင်ရာ ဘာသာအသီးသီးအား လွတ်လပ်စွာ ကိုးကွယ်လျက်ရှိကြသည်ကို တွေ့ရရာ ယခုကဲ့သို့ဘာသာပေါင်းစုံ စုဝေး၍ ကောင်းမြတ်သော ဘာသာတရားများ၏ အဆုံးအမများဖြင့် ငြိမ်းချမ်းသာယာရေးအတွက် ဆုမွန်ကောင်းတောင်းနိုင်ကြခြင်းသည်ပင် ဘာသာအားလုံး၏ စုစည်းနိုင်မှု ပြယုဂ်ကောင်းတစ်ခုကို ဖော်ဆောင်နိုင်ခြင်းပင်ဖြစ်လေသည်။

> ဘာသာတိုင်း ဘာသာတိုင်းတို့သည် မိမိတို့ဘာသာ၏ အကြီးအမှူးများဖြစ်သည့် ဘုန်းတော်ကြီးများ၊ ဗလီရှေ့ဆောင်ဆရာကြီးများ၊ ဂိုဏ်းချုပ်ဂိုဏ်းအုပ်ဆရာကြီးများကို များစွာရိုသေ ကိုင်းရှိုင်းကြရုံမျှမက ယင်းပုဂ္ဂိုလ်ကြီးများ၏ သွန်သင်ညွှန်ပြဆုံးမစကားများကိုလည်း များစွာ လေးစားလိုက်နာကြသည်သာဖြစ် . . .

**ဆွေးနွေးညှိနှိုင်းအဖြေရှာ**

ပြည်ပန်းညိုချိုချင်ပါလျက် ဆားက ဖျက်တတ်ပါသည်။ ခါးတောက်ဖြစ်ယှက်၊ စိုက်ရောဖက်က၊ သရက် ချိုမင်းသီးချိုကင်းတတ်ပါသည်။ သို့ဖြစ်၍ မည်သည့်နေရာတွင်မဆို အဖျက်သမားရှိနိုင်ပါသည်။ သွေးတိုးလှုံ့ဆော်သူများ၊ အမုန်းစကားဆိုနေသူများရှိနိုင်ပါသည်။ ထိုသူတို့ကြောင့် ငြိမ်းအေးသောလူ့အဖွဲ့အစည်းအတွင်း ယုံမှားသံသယများဝင်ရောက်လာနိုင်ပါသည်။ အစွန်းရောက်နေသူများ မျက်ကန်းမျိုးချစ်များကြောင့်လည်း မှန်ကန်ခြင်း၊ မှုတခြင်း တို့၏တစ်ဖက်သို့ မထင်မှတ်ဘဲ ရောက်ရှိသွားနိုင်သည်။ ထိုအခါတွင် ဘာသာတရားတို့၏ အဆုံးအမများကို လေးစားလိုက်နာခြင်းဖြင့်လည်းကောင်း၊ အဖြစ်အပျက်တို့၏ ပကတိအမှန်တရားကို သိရှိနားလည်အောင် ကြိုးစားခြင်းဖြင့်လည်း ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းနည်းကိုသာ အသုံးပြုအပ်ပေသည်။

**ငြိမ်းချမ်းမှုကို များစွာရရှိနိုင်**

ဤနေရာတွင် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်ကြီးများ၏ ပြုမူကျင့်ကြံအားထုတ်မှုနှင့် ဟောပြောဆုံးမမှုများသည် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုကို များစွာရရှိနိုင်ပါသည်။ အကြောင်းမှာ ဘာသာတိုင်း ဘာသာတိုင်းတို့သည် မိမိတို့ဘာသာ၏ အကြီးအမှူးများဖြစ်သည့် ဘုန်းတော်ကြီးများ၊ ဗလီရှေ့ဆောင်ဆရာကြီးများ၊ ဂိုဏ်းချုပ်ဂိုဏ်းအုပ်ဆရာကြီးများကို များစွာရိုသေ ကိုင်းရှိုင်းကြရုံမျှမက ယင်းပုဂ္ဂိုလ်ကြီးများ၏ သွန်သင်ညွှန်ပြဆုံးမစကားများကိုလည်း များစွာ လေးစားလိုက်နာကြသည်သာဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရနှင့် တပ်မတော်တာဝန်ရှိသူများက အလျဉ်းသင့်သလို နိုင်ငံသား နိုင်ငံသူများကို နိုင်ငံတော်အခြေပြု မိန့်ခွန်းများ မကြာခဏပြောဆိုညွှန်ပြအသိပေးနေကြသကဲ့သို့ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်ကြီးများ အနေနှင့်လည်း ဘာသာရေးဆိုင်ရာနေ့ထူးနေ့မြတ်ကြီးများတွင် ဟောပြောဆုံးမသကဲ့သို့ အလျဉ်းသင့်တိုင်းပြည်သူပြည်သားတို့၏ စိတ်နှလုံးထဲသို့ ဘာသာပေါင်းစုံတို့၏ ကောင်းမြတ်သောတရားဓမ္မများ၊ ဆိုဆုံးမများ၊ လမ်းပြသွန်သင်မှုများ၊ စုစည်းပေါင်းစည်းနိုင်မှု၏ အကျိုးတရားများကို အစဉ်မပြတ်ကြားနာနိုင်ကြစေရန် တာဝန်ရှိသူများမှ စီမံဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း။ ။

---

## သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ထောက်ပံ့ကြေးငွေများပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၉**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းအမှုဆောင်အဖွဲ့က သီတင်းကျွတ်ကာလ အထိမ်းအမှတ်အဖြစ် အသက် (၈၅)နှစ်အထက် အသင်းသား သက်ကြီးများအား ကျန်းမာရေး အထောက်အကူပြုငွေ ထောက်ပံ့ကန်တော့ခြင်းနှင့် ကွယ်လွန်သူ အသင်းသား တစ်ဦးအတွက် ကျန်ရစ်သူ မိသားစုများအား နာရေး ထောက်ပံ့ကြေးငွေများ ပေးအပ်ခြင်း၊ အားပေးစကားများပြောကြားခြင်းများကို အသင်းအမှုဆောင်များက အိမ်တိုင်ရာရောက် သွားရောက်၍ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ထောက်ပံ့ပေးခဲ့မှုမှာ ကျန်းမာရေး အထောက်အကူပြု ထောက်ပံ့ငွေပေးမှုအတွက် အသက် (၈၅)နှစ်အထက် သက်ကြီးအသင်းသား လေးဦးနှင့်ကွယ်လွန်သူ အသင်းသားတစ်ဦးအတွက် နာရေးထောက်ပံ့ပေးမှု များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အသင်းသားအဖြစ်ပါဝင်လိုသူများသည် ဆက်သွယ်လိုပါက အတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း-၀၉-၄၂၀၁၀၁၃၈၉နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း ဖုန်း ၀၉ ၄၄၀၁၇၇၆၁၆သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(ကိုဇော်)**

## ကျေးလက်မီးလင်းရေးဆောင်ရွက်မည့် ကျေးရွာများသို့ စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်း

**လပွတ္တာ အောက်တိုဘာ ၁၉**

လပွတ္တာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်မျိုးသားလုံးလျှပ်စစ်မီးလင်းရေးစီမံကိန်း (NEP) နှင့် ပတ်သက်၍ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက လပွတ္တာမြို့နယ် ဆားချက်ကျေးရွာအုပ်စု တာလူဖကျေးရွာနှင့် သိပ္ပံကုန်းကြီးကျေးရွာများတွင် စီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပသည်။



အခမ်းအနားသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးဝန်ထမ်းများ၊ ကျေးလက်အုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဆားချက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၈ ရွာမှ ရွာသူရွာသားများ စုစုပေါင်း အင်အား ၉၁၀ ခန့် တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မျိုး(လ/ထညွှန်ကြားရေးမှူး)က တစ်မျိုးသားလုံး လျှပ်စစ်မီးလင်းရေး စီမံကိန်း (NEP) သည် နိုင်ငံတော်အစိုးရမှ စီမံကိန်းကျေးရွာများတွင် 60 W နှင့် 100 Wဆိုလာစနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်မည်ဖြစ်ပြီး တစ်အိမ်ထောင်သုံး ဆိုလာစနစ်အတွက် နိုင်ငံတော်၊ ပြည်သူပူးပေါင်း ထည့်ဝင်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဆိုလာမီးလင်းရေး ဆောင်ရွက်သည့် ကျေးရွာများအနေဖြင့် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး အဆောက်အအုံများနှင့် လမ်းမီးများအတွက် အခမဲ့တပ်ဆင်ပေးမည်ဖြစ်သည်။ စီမံကိန်းနှင့် သက်ဆိုင်သည့် ညွှန်ကြားချက်များနှင့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများ၏ သိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

လပွတ္တာမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ကျေးရွာအုပ်စု လေးစု၊ ကျေးရွာပေါင်း ၂၃ ရွာအား ဆိုလာစနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိလာသည့် မီးဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် အသုံးချခွင့်ရရှိမည်ဖြစ်သဖြင့် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မိုးယံကျေ(မြစ်ကြီးနား)**





# ဖိတ်စာဝေလိုက်ပြီဖြစ်တဲ့ ဆောင်းဟေကို နဲ့ ဆောင်ဂျွန်ကီ

ယခုလကုန်မှာ မင်္ဂလာအခမ်းအနားကျင်းပသွားတော့မယ့် တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ဆောင်ဂျွန်ကီနဲ့ မင်းသမီး ဆောင်းဟေကိုတို့ဟာ လတ်တလောမှာတော့ မင်္ဂလာဆောင်ဖိတ်စာတွေကို ဝေငှလိုက်ပြီဖြစ်ကာ သူတို့ရဲ့ဖိတ်စာကို ဟန်စင်းနီးမားဒေ့ါကွန်းမှာ ထုတ်ဖော်ပြသလာတာကိုလည်း တွေ့ရပါတယ်။

ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်ပေမယ့် သူတို့ရဲ့မင်္ဂလာအခမ်းအနားကိုတော့ မိသားစုဝင်တွေနဲ့ ရင်းနှီးတဲ့သူတွေကိုသာ ဖိတ်ကြားကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

သူတို့နှစ်ဦးရဲ့ မင်္ဂလာဆောင်ဖိတ်စာကိုတော့ တောင်ကိုရီးယားမီဒီယာတွေထက် ဆောလျင်စွာ တရုတ်မီဒီယာတွေက ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ ၁၄ ရက်ကတည်းက တရုတ်အွန်လိုင်းမီဒီယာတစ်ခုက ထုတ်ဖော်ပြသခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ဒီလိုဖော်ပြခဲ့ရာမှာတော့ အချိန်တိုလေးအတွင်းမှာပဲ အွန်လိုင်းပေါ်မှာ ပျံ့နှံ့ခဲ့တာလည်းတွေ့ရပါတယ်။ မင်းသား ဆောင်ဂျွန်ကီဟာ တရုတ်နိုင်ငံက ပရိသတ်တွေကို အထူးဆွဲဆောင်ထားနိုင်တာဖြစ်ပြီး သူနဲ့ ဆောင်းဟေကိုတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်သံဇာတ်လမ်းတွဲ "Descendants of the Sun" ကို ထုတ်လွှင့်ပြသခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း တရုတ်နိုင်ငံရဲ့ အကျော်ကြားဆုံးသော မင်းသားအဖြစ် နံပါတ်တစ်နေရာမှာ ရပ်တည်နေခဲ့တာဖြစ်ပါတယ်။ "Descendants of the Sun"ရဲ့ ကျော်ကြားမှုနဲ့အတူ အထူးအောင်မြင်ခဲ့တဲ့ ဆောင်ဂျွန်ကီရဲ့ မင်္ဂလာသတင်းကိုလည်း ပရိသတ်တွေက စိတ်ဝင်တစားရှိခဲ့ကြကာ သူတို့အတွက် ကြီးကျယ်တဲ့ သတင်းတစ်ခုဖြစ်ခဲ့ရတာ ဖြစ်ပါတယ်။

ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ဟာ ချစ်သူတွေအဖြစ် လက်တွဲနေကြောင်း တရားဝင်အသိပေးခဲ့ချိန်ကတည်းက လက်ထပ်တော့မယ့်အကြောင်း တစ်ပါတည်းထုတ်ဖော်ပြောကြားခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့လအတွင်း အမေရိကန်သို့သွားရောက်ကာ မင်္ဂလာဓာတ်ပုံကို ရိုက်ကူးခဲ့ကြပြီး လက်ရှိအချိန်အထိတော့ မင်္ဂလာဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့တာမတွေ့ရပါဘူး။ သူတို့နှစ်ဦးရဲ့မင်္ဂလာပွဲကိုတော့ လာမယ့် အောက်တိုဘာ ၃၁ ရက်မှာ ဆိုးလ်မှာရှိတဲ့ ရှီလာဟိုတယ်မှာ ကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# လာ့စ်ဗီးဂတ်စ်ပစ်ခတ်မှုမှာ ရှင်သန်ခဲ့သူအတွက် စကားလက်ဆောင်ပေးပို့ခဲ့တဲ့ မိုင်လီဆိုင်းရပ်စ်



ပေ့ါပ်ကြယ်ပွင့်မိုင်လီဆိုင်းရပ်စ်က ယခုလအစမှာဖြစ်ပွားခဲ့တဲ့ အမေရိကန်နိုင်ငံ လာ့စ်ဗီးဂတ်စ်မှာ ကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲပစ်ခတ်တိုက်ခိုက်မှုအတွင်း အသက်ရှင်ကျန်ရစ်ခဲ့တဲ့ ပရိသတ်တစ်ဦးဆီကို ဗီဒီယိုမက်ဆေ့ချ်ပို့ကာ ကျန်းမာစေကြောင်း စကားလက်ဆောင်ပါးခဲ့တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ အင်္ဂါနေ့က မိုင်လီဆိုင်းရပ်စ်ဟာ တေးဂီတပရိသတ်တစ်ဦးဖြစ်ပြီး လာ့စ်ဗီးဂတ်စ်ကျေးလက်ရိုးရာတေးဂီတဖျော်ဖြေပွဲ ပစ်ခတ်တိုက်ခိုက်ခံခဲ့ရမှုမှာ ပါဝင်ခဲ့ပေမယ့်ရှင်သန်ခဲ့တဲ့ ပရိသတ်တစ်ဦးဖြစ်တဲ့ ကတ်ထရီနာဟန်နာရှ်ဆီကို ယခုလို မက်ဆေ့ချ်ပို့ခဲ့တာဖြစ်ပါတယ်။ မိုင်လီဆိုင်းရပ်စ်ဟာ ဟန်နာရှ်ကို ဗီဒီယိုမက်ဆေ့ချ်ပေးပို့ဖို့အတွက် အသံသွင်းခဲ့ကာ ဟန်နာရှ်ဟာ ပစ်ခတ်တိုက်ခိုက်ခံခဲ့ရပြီးတဲ့နောက် သူ့ရဲ့နေအိမ်ရှိရာ ကယ်လ်လီဖိုးနီးယားကို ပထမဆုံးအကြိမ် ပြန်လည်ရောက်ရှိချိန်မှာ အံ့အားသင့်စေဖို့ ပေးပို့ပေးခဲ့တာဖြစ်ပါတယ်။

လာ့စ်ဗီးဂတ်စ်မှာ ပြီးခဲ့တဲ့ အောက်တိုဘာ ၁ ရက်က ဖြစ်ပွားခဲ့တဲ့ ကျေးလက်တေးဂီတဖျော်ဖြေပွဲတစ်ခုအတွင်း သေနတ်နဲ့ပစ်ခတ်တိုက်ခိုက်ရာမှာ လူပေါင်း ၆၀ ကျော်သေဆုံးခဲ့ကာ ၅၀၀ ကျော်ထိခိုက်ဒဏ်ရာ ရခဲ့ကြတာဖြစ်ပါတယ်။ ယင်းတိုက်ခိုက်မှုမှာ ဒဏ်ရာရခဲ့သူတွေထဲမှာ ဟန်နာရှ်လည်း ပါဝင်ခဲ့တာဖြစ်ပါတယ်။ ဟန်နာရှ်ဟာ သေနတ်နှစ်ချက်ထိမှန်ခဲ့ပေမယ့် ဆေးရုံရောက်ခဲ့ကာ အသက်ရှင်နိုင်ခဲ့တဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

ဟန်နာရှ်ဆီကို ပေးပို့ခဲ့တဲ့ ဗီဒီယိုမက်ဆေ့ချ်မှာ မိုင်လီဆိုင်းရပ်စ်က "ငါမင်းရဲ့အကြောင်းတွေကို လူ တော်တော်များများဆီက ကြားသိခဲ့ရပါတယ်။ ငါမင်းရဲ့အမည်ကို ငါ့ရဲ့ သူငယ်ချင်း တော်တော်များများဆီကနေလည်း ကြားခဲ့ရပြီး The Voice ပြိုင်ပွဲဝင်အချို့ဆီကလည်းကြားခဲ့ရတယ်။ ဒါ့ကြောင့် ငါ့မင်းရဲ့အကြောင်းတွေကို အချိန်တိုင်းတွေးဖြစ်နေတယ်ဆိုတာ မင်းကိုသိစေချင်တယ်။ အမြန်ကျန်းမာလာပါစေလို့" ထည့်သွင်းပြောကြားခဲ့တာဖြစ်ပါတယ်။

မိုင်လီဆိုင်းရပ်စ်ဆီက မက်ဆေ့ချ်ကို လက်ခံရရှိခဲ့ပြီးတဲ့နောက် ဟန်နာရှ်ဟာ မျက်ရည်ကျခဲ့ရကြောင်းလည်း သတင်းထောက်တစ်ဦးက တွစ်တာပေါ်က နေတစ်ဆင့် ဗီဒီယိုနဲ့အတူ ထုတ်ဖော်ပြသခဲ့တာလည်း တွေ့ရပါတယ်။

လာ့စ်ဗီးဂတ်စ်တိုက်ခိုက်မှုမှာ သေဆုံးခဲ့ရသူတွေနဲ့ ထိခိုက်ခဲ့ရသူတွေအတွက် အမှတ်တရပြုလုပ်ပေးခဲ့တာ ယခုအကြိမ်ဟာ မိုင်လီအတွက်တော့ ပထမဆုံးမဟုတ်ပါဘူး။ လတ်တလောမှာ အသက်(၂၄)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မိုင်လီဆိုင်းရပ်စ်က ယခုလအစပိုင်းမှာ ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ရုပ်သံအစီအစဉ်မှာလည်း အမှတ်တရတေးသီချင်းတွေနဲ့ ဖျော်ဖြေပေးခဲ့တယ်လို့လည်း သိရပါတယ်။

# ရုပ်ရှင်သစ်မှာ ချွိုင်ဂျီဝူးနဲ့ မင်ဟိုတို့ ပါဝင်သွားမည်

တောင်ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာတော့ မင်းသမီး ချွိုင်ဂျီဝူးနဲ့ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ "SHINee" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်နေတဲ့ မင်ဟိုနဲ့ တွဲဖက်ကာ ပါဝင်ရိုက်ကူးသွားမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီးယားရုပ်သံလိုင်းတစ်လိုင်းဖြစ်တဲ့ tvN က ရိုက်ကူးထုတ်လွှင့်သွားမယ့် ရုပ်ရှင်သစ် "The Most Beautiful Goodbye in the World" မှာ မင်ဟိုနဲ့ ဂျီဝူးတို့ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပြီး ယင်းရုပ်ရှင်ကတော့ အပိုင်းလေးပိုင်းသာပါဝင်မယ့် ဇာတ်လမ်းတွဲတစ်ခုလည်းဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲဟာ ပြီးခဲ့တဲ့ ၁၉၉၆ ခုနှစ်အတွင်း အောင်မြင်ကျော်ကြားခဲ့တဲ့ ရုပ်ရှင်တစ်ကားဖြစ်တဲ့ "The Most Beautiful Goodbye in the World" ကို ပြန်လည်ရိုက်ကူးပုံဖော်သွားမယ့် ရုပ်ရှင်တစ်ကားလည်းဖြစ်ကြောင်း သိရပါတယ်။

လွန်ခဲ့တဲ့ ၂၁ နှစ်ခန့်က အထူးအောင်မြင်ခဲ့တဲ့ ဂန္ထဝင်ရုပ်ရှင်တစ်ကားကို ပြန်လည်အသက်သွင်းထားတဲ့ ယင်းဇာတ်လမ်းတွဲရုပ်ရှင်ဟာ ဘဝတစ်ခုလုံးကို မိသားစုအတွက်မြှုပ်နှံထားတဲ့ အမျိုးသမီးတစ်ဦးရဲ့အကြောင်းကို ပုံဖော်ထားတာဖြစ်ပြီး အဆိုပါအမျိုးသမီးနေရာမှာ မင်းသမီး ဝန်မီကျောင်က ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ သူဟာ မိသားစုအရေးတွေကိုသာ ဦးစားပေးလုပ်ဆောင်နေရင်းက တစ်ချိန်မှာ ကင်ဆာရောဂါကို ခံစားခဲ့ရတာ ဖြစ်ပါတယ်။

ချွိုင်ဂျီဝူးနဲ့ မင်ဟိုတို့ကတော့ ယင်းရုပ်ရှင်မှာ ဝန်ရဲ့ သမီးနဲ့ သားအဖြစ် ပါဝင်သရုပ်ဆောင်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ချွိုင်ဂျီဝူး ပါဝင်ထားတဲ့ ဇာတ်ကောင်အမည်ကတော့ ယွန်စိုးဖြစ်ပြီး သူဟာ မိခင်ရဲ့ ချစ်မေတ္တာတွေကို ရရှိခဲ့တဲ့သူတစ်ဦးဖြစ်ကာ ကိုယ်တိုင်ကလည်း အိမ်ထောင်ရှင်တစ်ဦးဖြစ်ဖို့နဲ့ မိခင်ကောင်းတစ်ဦးဖြစ်ဖို့ ကြိုးစားဖန်တီးနေသူတစ်ဦးအဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။ မင်ဟိုကတော့ အဆိုပါရုပ်ရှင်မှာ ဝန်ရဲ့သားဖြစ်သူ ဂျွန်စိုးအဖြစ် ပါဝင်သွားမှာဖြစ်ပြီး သူ့ရဲ့ ဇာတ်ကောင်စရိုက်ကတော့ တည်ငြိမ်ရင့်ကျက်မှုမရှိဘဲ မိခင်ကိုစိတ်ပျက်စေသူအဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။ သူဟာ မိခင်ရဲ့ချစ်မေတ္တာတွေကို ပြန်လည်ပေးဆပ်လိုစိတ်ဖြစ်လာတဲ့အခါမှာတော့ သူ့အတွက် အချိန်တွေ မရှိတော့တာလည်း ဖြစ်ပါတယ်။

ယင်းရုပ်ရှင်ကို ၁၉၉၆ ခုနှစ်အတွင်း ထုတ်လွှင့်ပြသခဲ့ချိန်က အလွန်အောင်မြင်ခဲ့တာဖြစ်ပြီး ကြည့်ရှုသူတိုင်းကို မျက်ရည်ကျစေတဲ့အထိ လုပ်နိုင်ခဲ့တဲ့ရုပ်ရှင်လည်းဖြစ်ပါတယ်။ ဒါ့အပြင် ယင်းရုပ်ရှင်ဟာ ထူးချွန်ဆုအဖြစ် (၃၃)ကြိမ်မြောက် ဘေဆန်အနုပညာဆုပေးပွဲရုပ်သံမှာ ထုတ်လွှင့်ခဲ့တဲ့ ရုပ်ရှင်တွေအနက် အကောင်းဆုံးဓာတ်ပုံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

"The Most Beautiful Goodbye in the World" ကိုတော့ လာမယ့် ဒီဇင်ဘာလအတွင်း စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားတာဖြစ်ပြီး လတ်တလော tvN မှာ ထုတ်လွှင့်ပြသနေတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Revolutionary Love" အပြီး စနေ၊ တနင်္ဂနွေတွေမှာ စတင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



အေးပြည့် ရေးသားသည်

# တေးသီချင်းသစ်အတွက် ဓာတ်ပုံတွေကို ထုတ်ဖော်ပြသလာတဲ့ TWICE




တောင်ကိုရီးယားရဲ့ လက်ရှိမှာအကျော်ကြားဆုံးသော အမျိုးသမီးတေးဂီတအဖွဲ့အဖြစ် ရပ်တည်နေတဲ့ TWICE အဖွဲ့ရဲ့ တေးသီချင်းသစ် "Likey" အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေကို ထုတ်ဖော်ပြသလာခဲ့တာဖြစ်ပါတယ်။ လက်တလောထုတ်ဖော်ပြသခဲ့တဲ့ ဓာတ်ပုံတွေမှာတော့ အဆိုပါတေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တွေဟာ ပါတီတစ်ခုကို ပျော်ရွှင်စွာကျင်းပနေဟန်ရိုက်ကူးထားတာကိုလည်း တွေ့ရကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဓာတ်ပုံတွေနဲ့အတူ "Likey"ရဲ့ အစမ်းတေးဗီဒီယိုကိုလည်း ထုတ်ဖော်ပြသလာခဲ့တာဖြစ်ပါတယ်။ ယင်းတေးသီချင်းမှာတော့ အဖွဲ့ဝင်ကိုးဦးစလုံးပါဝင်ထားတာဖြစ်ပြီး ပါတီပွဲတစ်ခုမှာ ပူဖောင်းတွေ၊ တုတ်ထိုးသကြားလုံးတွေနဲ့ ပျော်ရွှင်နေကြတဲ့ အဖွဲ့ဝင်တွေကို တွေ့မြင်ခဲ့ရပါတယ်။

လတ်တလောစမ်းသပ်ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်း "Likey" ဟာ TWICE ရဲ့ တေးအယ်လ်ဘမ်သစ် "Twicetagram" မှာ ပါဝင်မယ့်တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ခေါင်းစီးတေးလည်းဖြစ်ပါတယ်။ တေးသီချင်းတစ်ပုဒ်လုံးကိုတော့ လာမယ့် အောက်တိုဘာ ၃၀ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။

TWICE ရဲ့ တေးသီချင်းတွေဟာ အထူးအောင်မြင်ခဲ့ပြီး တေးဂီတဇယားတွေကို အမြဲဦးဆောင်နိုင်ခဲ့တာကြောင့် ဒီလကုန်ပိုင်းမှာ ထုတ်လွှင့်သွားမယ့် "Likey"အနေနဲ့ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တေးသီချင်းတွေရဲ့အောင်မြင်မှုကို ကျော်လွန်နိုင်မှာလားဆိုတာကလည်း စိတ်ဝင်စားစရာဖြစ်ပါတယ်။

ကြော်ငြာ


ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက်ကားဈေးကြီး ဖြစ်လာမည့်
GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း
စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ
DEVELOPER-
GA MONE PWINT CO.,LTD.
TEL : 01- 524 963, 01- 526 928
01- 516 533-6

## (၁၆-၁၀-၂၀၁၇) ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မှတ်တမ်းများ ☎ ၀၉-၅၆၀၀၁၂၃

- လိုအင်ဆန္ဒများပြည့်စုံပါစေ။ ဦးထွန်းမြင့် (သန်လျင် ၀၉-၇၃၀၀၃၀၈၇)
- အောင်နိုင်ဆင့်နှင့်အဖွဲ့ အထူးကောင်းမွန်ပါသည်။ ဒေါ်လေးလွင် (သန်လျင် ၀၉-၅၁၅၃၁၅၃)
- ကြီးပွားတိုးတက်ကြပါစေကြောင်း။ ဦးတင်ထွဋ် (ပြည် ၀၉-၄၃၀၀၆၅၂၆)
- ဝန်ဆောင်မှုအားလုံးပြည့်စုံပါသည်။ ဦးအောင်သန်းဦး (ကမာရွတ် ၀၉-၄၃၁၅၂၄၆၉)
- ဂရုတစိုက်ရှိသည့်အတွက် ကျေးဇူးတင်ပါသည်။ သိန်းသိန်းဆိုင် (မန္တလေး ၀၉-၂၀၁၇၂၉၂)
- အားလုံးတာဝန်ကျေပါသည်။ ဒေါ်ဌေးဝင်း (နေပြည်တော် ၀၉-၄၃၂၀၄၂၉၄)
- တိုးတက်အောင်မြင်မည်ဟုယုံကြည်ပါသည်။ ဒေါ်ကြည်ကြည်နိုင် (လှိုင် ၀၉-၉၆၄၅၀၈၀၂၀)
- ကြီးပွားတိုးတက်နိုင်ပါစေ။ ဒေါ်ခင်ခင်ဦး (ပန်းဘဲတန်း ၀၁-၂၁၂၈၈၂)
- ကျေးဇူးအထူးတင်လျက်ရှိပါသည်။ ဒေါ်ခင်ခင်ညွန့် (အလုံ ၀၉-၄၅၀၀၆၁၁၈၄)
- ဤပုံစံအတိုင်း ဆက်လက်ထိန်းသိမ်းကြပါ။ ဦးပညာဝံသ (ကျောက်တံခါး ၀၉-၅၃၈၈၂၆၈)
- ဇင်အောင်ထွေးနှင့်အဖွဲ့ အားလုံး ဝန်ဆောင်မှုအပြည့်အဝကောင်း။ ဒေါ်လှလှဝင်း (သင်္ဃန်းကျွန်း ၀၉-၇၉၆၇၇၄၁၇၈)
- ပိုမို တိုးတက်ပါစေ ဆုတောင်းလျက်။ ဒေါ်နှင်းယဉ် (မအူပင် ၀၉-၇၉၁၇၁၃၂၈၄)
- စေတနာအထူးပြုနိမ့်ချနိုင်သော "ခင်နန္ဒာ"နဲ့ဘဲသွားမယ်နော်။ ဒေါ်တင်လှ (မြောက်ဥက္ကလာ ၀၉-၅၀၄၆၁၃၆၆)
- စီမံခန့်ခွဲမှုကောင်း ၊ ဆက်ဆံရေးကောင်း။ ဒေါ်လှလှကြည် (တာမွေ ၀၉-၄၂၂၅၁၈၂၆၂)
- နောင်နှစ်တွေများလည်း ဒီအဖွဲ့နဲ့ ထပ်မံလာပါဦးမည်။ ဒေါ်တင်ရှိန် (မြောက်ဥက္ကလာပ ၀၉-၅၁၅၈၂၁၂)
- တာဝန်ကျေမှုကွန်းရှိ၍ သနားမိပါသည်။ ဒေါ်ငွေစန်းရီ (မအူပင် ၀၉-၂၅၀၅၇၂၁၅၇)
- ခင်နန္ဒာအဖွဲ့နှင့် နှစ်တိုင်းသွားချင်ပါတယ်။ ဒေါ်တင်တင်ထွေး (သင်္ဃန်းကျွန်း ၀၉-၃၂၀၅၀၆၅၁)
- Tour Leader အထူးကောင်း။ ဒေါ်နန်းနွယ်အေး (မန္တလေး ၀၉-၇၉၇၄၀၄၄၇၀)

စက်ချုပ်ပညာတတ်ထားတာ
ဘွဲ့တစ်ခုရသလို တန်ဖိုးရှိပါတယ်
**အေးမွန်ရတနာ**
**အမျိုးသမီးစက်ချုပ်သင်တန်း**
**ဒေါ်ခင်ဝင်းရီ(B.A,B.Ed)**
၃၉(ဂ)၊ အောင်ဇေယျာလမ်း၊ ကျောက်ကုန်း၊
ရန်ကင်းမြို့နယ်။ (အဆောင်ရှိသည်)
ဖုန်း-၀၁-၅၇၉၈၂၅၊ ၀၉-၅၁၀၄၆၈၇၊
၀၉-၅၁၉၃၄၉၁၊ ၀၉-၄၂၀၀၀၆၈၀၉

## ငှားရန်/ရောင်းရန်
စံပယ်ဖြူကွန်ဒို(အသစ်)၊ လေးဒေါင့်ကန်လမ်းမကြီး၊ သင်္ဃန်းကျွန်း၊ (၁၂)ထပ် (အပေါ်ဆုံးထပ်) ရှေ့မျက်နှာစာ ထောင့်ခန်း (ပေ ၁၇၅၀) ပြည့်စုံ၊ လှပ၊ အလင်းကောင်း
**ဖုန်း-၀၉၅၁၇၇၂၂၄၄၊ ၀၉-၅၀၁၆၈၇၀**






### အမည်မှန်
ညောင်လေးပင်မြို့နယ်နေ ဦးမင်းဇော်ဦး[၉/မထလ(နိုင်)၁၁၂၀၅၅]၏သား ဦးလပြည့်ဦး၏ အမည်မှန်မှာ ဦးနေမင်းထွန်း [၇/ညလပ(နိုင်)၁၅၁၇၃၀]ဖြစ်ပါကြောင်း။
**ဦးနေမင်းထွန်း**

### ဖခင်အမည်မှန်
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၄)၊ အခြေခံပညာအထက်တန်းကျောင်း၊ သတ္တမတန်းတွင် ပညာသင်ကြားနေသော မောင်ဘုန်းပြည့်ထူး၏ ဖခင်အမည်မှန်မှာ စောလဲပွယ် [၇/တငန(နိုင်)၁၃၁၅၆၀] ဖြစ်ပါသည်။
**စောလဲပွယ်**

ကိုကျော်နိုင်
CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

## ဇေကာ (၅၁.၃၆) အနှစ် (၃၀)ဂရန် စိုက်ပျိုးရေးခြံ ရောင်းမည်
မှတ်ချက်
၁။ ရော်ဘာပင်လုံးဝမပါ
၂။ နှစ်ရှည်သီးပင် အပင်မျိုးစုံ (၂၅)မျိုး ပါရှိပါသည်။
၃။ ယခုလက်ရှိ အပင်များမှ တစ်နှစ်လုံး အသီးအနှံများ ထွက်ရှိ နေသည်။
၄။ ယခုဝယ်လျှင် ယခုငွေပေါ်သော စိုက်ပျိုးရေးခြံကြီး တစ်ခြံ ဖြစ်သည်။
၅။ ရေကန်ကြီး ပါရှိသည်။
၆။ စိတ်ဝင်စားသူများ လာရောက်ကြည့်ရှုလေ့လာပါ။
၇။ ခြံပစ္စည်းအစုံအလင်ပေးမည်။
၈။ အကျိုးဆောင်ခပေးမည်။
၉။ ခြံတစ်ခြံလုံး ကျောက်တိုင် သံဆူးကြိုးစိုက်ထားပြီး ဖြစ်သည့်အပြင် ကားပတ်လမ်းပါရှိသည်။

ခြံတည်နေရာ -
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ (၃) ရပ်ကွက်၊ တိုးချဲ့ရပ်ကွက်။
**ဆက်သွယ်ရန်ဖုန်း**
၀၉- ၅၀၃၄၅၄၉၊ ၀၉- ၄၄၄၄၇၇၁၇၀

### အဆောက်အဦကန်ထရိုက်ဆောက်လုပ်ခြင်းကိုဖျက်သိမ်းခြင်း
အိမ်ရှင်/မြေရှင် ဦးခင်မောင်ဝင်း[၁၂/လသယ(နိုင်)၀၀၁၃၀၈]အမှတ် ၁/၁၃/၂၇၇၊ ရွှေဥဒေါင်းလမ်း၊ လှိုင်သာယာမြို့နယ်နှင့်ကန်ထရိုက်အမည် ဦးစိန်အေး [၁၂/ဒဂန(နိုင်)၀၁၀၄၂၆]၊ အမှတ်(၃၈)၊ ဦးအေး(၃)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ် တို့သည် ၁/၁၃/၂၇၇၊ ရွှေဥဒေါင်းလမ်း၊ လှိုင်သာယာမြို့နယ် ပေ(၄၀×၆၀) မြေကွက်အား ၂၃-၄-၂၀၁၄ရက်တွင် ဆောက်လုပ်ရန်ချုပ်ဆိုခဲ့သည်မှာ ယနေ့ ၁၇-၁၀-၂၀၁၇ရက်ထိ ဆောက်လုပ်ခြင်းမရှိပါသဖြင့် အိမ်ရှင်/မြေရှင် ဦးခင်မောင်ဝင်းမှ ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။
**ဖျက်သိမ်းသူ-ဦးခင်မောင်ဝင်း[၁၂/လသယ(နိုင်)၀၀၁၃၀၈]**
**ဖုန်း-၀၉-၇၉၉၉၇၂၅၀၈**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဖိုးအောင်ထွန်းလမ်း၊ အမှတ်(၁၅)ဟုခေါ်တွင်သည့် အကွက်အမှတ်(၆၇)၊ အကျယ်အဝန်း(၂၂'×၁၀၀')ပေရှိ (A-ဗွာမြေ)အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း
[illegible]

ဦးအောင်နိုင်ဦး(LL.B)

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
[illegible]

### အများသိစေရန်ကြေညာခြင်း
ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမြင့်အောင်ကျော်[၅/မရန(နိုင်)၀၅၈၀၇၁]နှင့် ဦးဇေယျာဝင်း[၁၂/ရပသ(နိုင်)၀၀၇၄၉၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။
ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ သရဖီ(၁)လမ်း၊ အမှတ်(၁၉/၄၇)ရပ်ကွက်၊ မြေကွက်အမှတ်(၁၀၄၆/ခ)၊ ဒေါ်စီစီစိန် အမည်ပေါက် မြေကွက်နှင့် မြေကွက်အမှတ်(၁၀၄၇/က) ဦးမောင်ချို အမည်ပေါက် မြေကွက်(၂)ကွက်အား ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက် (၂)ကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူပြီးနောက် မြေချပါမစ်(၂)ခုအား (OC)ဝင်ရန်အပ်နှံခဲ့ရာ အလုပ်လက်ခံခဲ့သူမှ အလွဲသုံးစား ပြုလုပ်ခဲ့သည့်အတွက် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားပြီးလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်များနှင့်ပတ်သက်၍ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အမည်လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဦးမြင့်အောင်ကျော်နှင့် ဦးဇေယျာဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းဇော်(တရားလွှတ်တော်ရှေ့နေ)(စဥ်-၁၂၇၇၃)**
**(LL.B,D.B.L,WIPO)**
**အမှတ်(၂၆၈၈)၊ စိန်တစ်ပွင့်လမ်း၊ (ဒ-၆၃/၁၇)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၃၄၃၆၃**

# ကြော်ငြာ

## (၃)နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ ပင့်လျှောက်ခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်နှင့် ကျောင်းတိုက်ခွဲ (၈)တိုက်တို့၏ အဓိပတိ မဟာနာယက ကျေးဇူးတော်ရှင်ဆရာတော်ကြီး လွန်တော်မူသည့် (၃)နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲနှင့် ပဇ္ဇောတာရုံတပည့်ကြီး/ငယ်များ တွေ့ဆုံပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ဆရာတော်ကြီး၏ တပည့်များအားလုံး ကြွရောက်ကြပါရန် အသိပေးပင့်လျှောက်အပ်ပါသည်။

**အစီအစဉ်**

နေ့ရက်။ ။(၁၃၇၉-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်) ည ၇း၀၀နာရီ စုံညီတွေ့ဆုံပွဲအခမ်းအနား။
(၈)ရက် နံနက် ၈း၀၀နာရီ အထိမ်းအမှတ်ပူဇော်ပွဲ အခမ်းအနား
ဌာန ။ ။သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့။

**နာယက**
**ဂဏဝါစကအဖွဲ့**

## အထက(သုဝဏ္ဏ) ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

အထက(သုဝဏ္ဏ)ကျောင်းသား/ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အကြံညှိနှိုင်းစည်းဝေးနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို ၂၁-၁၀-၂၀၁၇ရက် (စနေနေ့) မွန်းလွဲ ၁း၀၀နာရီတိတိတွင် အထက(သုဝဏ္ဏ)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား/ကျောင်းသူဟောင်းများ မည်သူမဆို ပါဝင်တက်ရောက်ဆွေးနွေး ရွေးချယ်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

## B.Ag (၁၉၆၈-၁၉၇၃) သူငယ်ချင်းများသို့ ဖိတ်ကြားလွှာ

၁၉၆၈ခုနှစ်မှ ၁၉၇၃ခုနှစ်အတွင်း စိုက်ပျိုးရေးတက္ကသိုလ်၊ မန္တလေးမြို့၌ အတူတကွပညာသင်ယူခဲ့ကြသော သူငယ်ချင်းများ၏ စတင်တက်ရောက်ခဲ့သော ကာလသည် ၂၀၁၈ခုနှစ်တွင် **နှစ်(၅၀)ရွှေရတု**သို့ ရောက်ရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တို့တစ်တွေ၏ **နှစ်(၅၀)ရွှေရတု အထိမ်းအမှတ်တွေ့ဆုံပွဲနှင့် အာစရိယ ပူဇော်ပွဲကို** အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် သူငယ်ချင်းများ အားလုံးတက်ရောက်နိုင်ရေး ကြိုးပမ်းကြရန်နှင့် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်တိုက်တွန်းနှိုးဆော်ပေးကြပါရန် မေတ္တာရပ်ခံလျက် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၆ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀နာရီ
ကျင်းပမည့်နေရာ - မန္တလေးမြို့

အောက်ဖော်ပြပါသူငယ်ချင်းများသို့ ဆက်သွယ်စုံစမ်းရန်နှင့် ရန်ပုံငွေထည့်ဝင်လှူဒါန်းရန်ဖြစ်ပါသည်။

**ရန်ကုန်မြို့**
ဦးဌေးလွင်-၀၉-၄၃၀၂၁၂၇၁
ဦးလှကြည်-၀၉-၅၀၀၃၉၃၁
ဦးစိုးဝင်းမောင်-၀၉-၄၃၀၁၅၅၇၈

**မန္တလေးမြို့**
ဦးလှကြီး-၀၉-၇၆၁၃၂၀၅၆၇
ဦးအောင်သန်း-၀၉-၄၄၄၀၀၉၂၈၃
ဦးတင်မောင်မြင့်-၀၉-၂၁၁၀၁၀၇
ဦးခင်မောင်လတ်-၀၉-၂၅၉၀၂၄၆၉၂
ဒေါ်တင်တင်စန်း-၀၉-၂၀၀၆၄၅၇

**တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**
**မန္တလေးမြို့**

**မြင့်မိုရ် CAR RENTAL**
မြို့တွင်းမြို့ပြင်နယ်ခရီးစဉ်များအတွက်
ALPHARD,HIACE (အဲဗားတိုး)
ကားအမျိုးမျိုး ငှားရမ်းနိုင်ပါသည်။
09-5191361,09-765191361

**ကိုသန့်ဇင်**
CAR RENTAL
09-43117680, 09-5059821

**အမည်ပြောင်း**
မြိတ်မြို့၊ အလက-၅၊ ကန်ဖျားကျောင်း၊ စတုတ္ထတန်း(B)မှ ဦးအောင်ကျော်မိုး နှင့် ဒေါ်စောသက်နှင်းတို့၏ သမီးဖြစ်သူ မမိုးအိန္ဒြာလင်းအား မမိုးအိန္ဒြာနှင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မမိုးအိန္ဒြာနှင်း**

**မြေညီထပ်တိုက်ခန်းရောင်းမည်**
ဗိုလ်တထောင်ဘုရားလမ်းမကြီး ပေါ်ပေ(၁၂ $\frac{၁}{၂}$×၆၀)၊ ကိုယ်ပိုင်ရေစက်၊ ကိုယ်ပိုင်မီတာ။
**ဖုန်း-၀၁-၈၆၁၀၁၁၉၊**
**၀၉-၉၇၆၈၂၆၅၅၅**

BCC
09 799576201

အမှန်တကယ် အသုံးတည့် အကျိုးထူးလို့
၁၀ နှစ်ကျော် နှစ်မြို့က်စွာ အားပေးလာခဲ့ကြသော
ဆရာကြီး **မင်းသိခ်** ၏ ပညာစဉ်များအတိုင်း
ဆရာ **ဇင်ယော်နီ** စီရင်ပြုစုသည့်
၂၀၁၈ ခုနှစ်အတွက်
မနောမယ တဲရော့အခါတော်ပေးပြက္ခဒိန်
အယုတော်မင်္ဂလာအခါတော်ပေးပြက္ခဒိန်
ဝိဇ္ဇာမျက်လုံးတဲရော့ဟောကိန်းများ
ပြိုးပန်းတစ်ရာစာပေ
၂၀-၁၀-၂၀၁၇(သောကြာနေ့)နံနက်၉နာရီမှ၁၁အတွင်း

**ညှိနှိုင်းဈေးဖြင့် လုံးချင်းတိုက်ငှားရန်ရှိသည်**
လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်းကျယ် (၂၅'×၅၀')၊ နှစ်ထပ်တိုက်လုံးချင်းရှေ့တွင် ကားပါကင်(၃)စီးနေရာရှိပါသည်။ Air Con(7)လုံး၊ မီးစက်ပါ 24 Hours လုံခြုံရေးကောင်းမွန်ပါသည်။ တိုက်ရိုက် အငှားများသာ ဆက်သွယ်ပါရန်။ (အကျိုးဆောင်မလို)
**Ph:09-799255688**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ မေယု (၄)လမ်း၊ အမှတ်(၁၆၂)၊ အလျားပေ(၄၀)×အနံပေ(၆၀)ရှိပါမစ်မြေကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသော ဦးသိန်းနိုင်ထွန်း[၁၂/ဒဂရ(နိုင်)၀၁၄၂၆၆] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားပါမည်ဟု ကြော်ငြာအပ်ပါသည်။

**ဦးအောင်မျိုးမင်း**
**ဖုန်း-၀၉-၉၇၂၇၂၀၀၁၄၊ ၀၉-၇၃၂၄၁၇၅၀**



ချစ်သမီးလေး
သက်ရတနာကျော်ဝင်း @ Grace Gloria Wan
မွေးနေ့မင်္ဂလာအတွက်ဆုမွန်ကောင်းတောင်းခြင်း Happy Birthday

(၂၀-၁၀-၂၀၁၇)နေ့တွင်ကျရောက်သည့်ချစ်သမီးလေး
သက်ရတနာကျော်ဝင်း@ Grace Gloria Wan
(1st Year Architect @ Westminster University London)
(၁၈)နှစ်ပြည့်မွေးနေ့မင်္ဂလာရက်မြတ် မှသည် နောင်နှစ်ပေါင်းများစွာတိုင်
ပညာပြည့်စုံလုံးလှလျှက်မိဘကျေးဇူးအထူးသိတတ်ပြီး
လိမ္မာယဉ်ကျေးသော၊ အများအကျိုးသယ်ပိုးထမ်းရွက်နိုင်စွမ်းသော
သမီးကောင်းရတနာလေးအဖြစ်ဖြင့် ပျော်ရွှင်ချမ်းမြေ့သောဘဝကို
ဖေဖေ၊မေမေတို့နှင့်အတူ ရယူပိုင်ဆိုင်နိုင်ပါစေ။

ချစ်ဖေဖေ ဒေါက်တာအောင်ကျော်ဝင်း+ချစ်မာမီဒေါက်တာသက်သက်နိုင်
နိုင်ငံတကာအဆင့်မီရွှေနန်းတော်စိန်ရွှေရတနာဆိုင်
Forever Gems by ရွှေနန်းတော်
Jewel Collection Manufacturing Co.,Ltd.
United GP Development Co.,Ltd @ 68 Residence

## (၂၅)နှစ်မြောက်
## ငွေရတုမင်္ဂလာ

ချစ်သား **ဗိုလ်မှူးချုပ်သန့်စင်လေး**နှင့် ချစ်သမီး **ဒေါ်သင်းသင်းဝေ(သင်းမ)**တို့၏ ၂၀-၁၀-၂၀၁၇ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှ ရွှေရတု၊ စိန်ရတု၊ ဂျူပလီရတုတိုင်အောင် ချစ်သမီးလေး ကေသန့်စင် (ကေကေ)နှင့်အတူ မိသားစုများ ကျန်းမာ ချမ်းသာစွာဖြင့် ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ။

**အမေ-ဒေါ်နီနီသန်း(အမေနီ)**
**တစ်ဦးတည်းသောသမီးလေး-ကေသန့်စင်(ကေကေ)**
**(ခေတ္တ-SYDNEY, Australia)**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၆၁/မမ/(CE) | Rubber Pad (400,000-Nos) ဝယ်ယူရန် |
| ၂ | ၆၁/မမ/(CE) | 75/75 Lb Check Block (5,000-Nos) ဝယ်ယူရန် |
| ၃ | ၆၂/မမ/(CE) | Rail Seat Chair Plate for 75 Lbs Rail (11,772-Nos) ဝယ်ယူရန် |
| ၄ | ၆၃/မမ/(CME) (MTT) | တွဲစီးနှင့် ပါဝါလျှပ်စစ် ပစ္စည်း (၂၄)မျိုး ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၀.၁၁.၂၀၁၇ (တနင်္လာနေ့)(၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၁၉.၁၀.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

မြင့်မိုရ်ဆွေ
ကတ္တီပါဖိနပ်ကလေးတောင်မှ
မနိုင်
ထွက်ပြေ
မြို့နယ်ရာဇဝတ်ဆောင်သမားကော်မတီ(?) ၁၉-၄၂၀၀၃၆ဝ
မြန်မာမြို့စာပေ ၀၀-၅၇၂၂၄၄

"ညီနှိုင်းဈေးဖြစ် (အမြန်)ရောင်း/ငှါးမည်" (ပွဲစားမကြို)
☆ သာကေတ၊မြစ်ရွှေညီညီအိမ်ရာ(40'x60') အကျယ်ရှိ (၂)ထပ်တိုက်၊(ဂရန်) ဈေးနှုန်း၊ -3400သိန်း
☆ မ/ဒဂုံ၊(၃၂)ရပ်ကွက် - လမ်းသန့်(42'x 60') အကျယ်ရှိ မြေကွက်၊(ဂရန်) ဈေးနှုန်း၊ - 900သိန်း
☆ မရမ်းကုန်း (၈)မိုင်၊ ရွှေနှင်းဆီလမ်းမပေါ်(70'x70') အကျယ်ရှိ(၁)ထပ်တိုက်,M2,B1,ပြင်ပြီး ဈေးနှုန်း - 8.5သိန်း
☆ သုဝဏ္ဏ၊VIP-1၊ ကျွန်းချောင်းလမ်း (40'x100') အကျယ်ရှိ(၂)ထပ်တိုက် ဈေးနှုန်း - 7သိန်း
01- 552742, 09 73500535,09 5060938,09 5060940

မိဘမေတ္တာ
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
အလုပ်သမားများနှင့်ကားအမျိုးမျိုး (အသေး/အကြီး)ဈေးနှုန်းချိုသာစွာဖြင့် တာဝန်ယူဆောင်ရွက်ပေးနေပါသည်။
မြို့တွင်း/နယ်ဝေး
09-250937816
09-454899971

GW 0973226006
0973133528
0973077569
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

ရွှေနန်းစံ
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09 770639155
09 773733163

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတာ | သွင် | မင်္ဂလာ | မင်္ဂလာ | နေပြည်တော် | ရွှေဆောင် | မင်္ဂလာစံပြ |
| Top Royal | မင်္ဂလာဝဇီရာ | မင်္ဂလာ | ဝင်းလိုက် | မြို့မ | မင်္ဂလာဒိုင်းမွန် | မင်္ဂလာ မန်းနေပြည်တော် |
| မင်္ဂလာထွန်းသီရိ | မင်္ဂလာ | NEW 3D Cinema | မင်္ဂလာစံပြ | မင်္ဂလာ ရွှေဟသာ | ၂၀.၁၀.၂၀၁၇ နေ့မှ ပြသမည့်ဇာတ်ကားသစ်များ | |

အော်တို ဘုရင်
ရန်ကုန် - သမ္မတာ၊ သွင်၊ မင်္ဂလာ(၁)၊ Top Royal၊ မင်္ဂလာစံပြ၊ မင်္ဂလာ
မန္တလေး - ဝင်းလိုက်၊ မြို့မ ပဲခူး - မင်္ဂလာ Icon
ပြည် - မင်္ဂလာထွန်းသီရိ တောင်ငူ - NEW 3D CINEMA
ပဲခူး - မင်္ဂလာ ရွှေဟသာ မကွေး - မင်္ဂလာစံပြ

အောင်မေ ဗိုင်မေ
ရန်ကုန် - ရွှေဆောင်
မန္တလေး - မန်းနေပြည်တော်၊ မင်္ဂလာ ဒိုင်းမွန်း

ငွတ်ကျား
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာ(၂)
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း
ပြည် - မင်္ဂလာထွန်းသီရိ ပဲခူး - မင်္ဂလာ ရွှေဟသာ


GEOSTORM
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာ
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း



KINGSMAN THE GOLDEN CIRCLE
ရန်ကုန် - နေပြည်တော်

THE PROMISE
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ
ပဲခူး - မင်္ဂလာ Icon မကွေး - မင်္ဂလာစံပြ
တောင်ငူ - NEW 3D CINEMA

ပရိုဂျူဆာ ပကြီးစိုး
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာဝဇီရာ၊ မင်္ဂလာ
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း၊ မန်းနေပြည်တော်
ပြည် - မင်္ဂလာထွန်းသီရိ







# ADJUSTABLE MOBILE CONVEYOR

MANN STANDARD CO.,LTD

Yangon Office
No (82/1), Ground Floor, Myinthar(7)Street, (14/1)Quarter, South Okkalapa Township, Yangon.
Ph: 09-81017412, 09-969919344, 09-969919355. Mail: mannstandard@gmail.com

Office & Show Room
La La- 7/11 Corner of 61 Street & Kanaung Mingyi Main Road, Pyigyitagon Township Mandalay. Ph: 09-797009005,09-797009007,09-797009008

Factory
Pa Pa-18/20+21 Sabai Street,Bet;62nd×63rd Street,Industrial Zone(1), Pyigyitagon Township Mandalay.Ph:09-5125098.

Truck Loading Conveyor



Standby Coveyor

Adjustable Mobile Conveyor



GS GRAND STYLE

LIGHTING EXPO' 17

GREATEST DISCOUNT

BULB SUPER SALE & ONE PRICE LIGHTING

Oct 10 - Nov 11, 2017

Thiriyadanar Wholesale Market Compound
Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon.
Tel. +95-9785088488, +95-95088488 GrandStyleMM



Ks 309,900

Ks 149,990

Ks 15,900

Ks 1,600 Ks 2,000 Ks 2,000 Ks 7,900 Ks 1,800 Ks 2,300 Ks 2,300 Ks 1,800

မင်္ဂလာပါ

09-450042704
09-250095116
09-420096296

ရွှေကံနှင့်

09-2532 77776
09-2532 66667
09-2532 66668
09-2532 66669


ငွေမိုးဦး (အိမ်၊ ခြံ၊ မြေ)

| | | |
|---|---|---|
| (၁) ဗဟန်း ဆရာစံလမ်း (0.25) ဧက 2RC | | 1 sqft 6 သိန်း |
| (၂) ရွှေတောင်ကုန်း | 100'×100' 2RC (သစ်) | 42000 သိန်း |
| (၃) သိမ်ဖြူလမ်း | 75'×100' 2BN | 17000 သိန်း |
| (၄) (၇) မိုင် ပြည်လမ်း | 100'×100' 31RC (သစ်) | 12000 သိန်း |
| (၅) (၈) မိုင် ပြည်လမ်း | 60'×80' (မြေ) | 3800 သိန်း |

ဖုန်း - ၀၉ ၅၀၇၂၈၉၈၊ ၀၉ ၅၀၀၀၉၂၆

LUCKY HOME

ဆေးသုတ်ဝန်ဆောင်မှုလုပ်ငန်း



Unitex = 90, 170, 220
Orient = 150, 250, 300
Premier = 220, 350, 400
ICI = 300, 400, 650

ဆေးသုတ်ခြင်း၊ ပေါ်လစ်တင်ခြင်းတို့ကို စိတ်တိုင်းကျဝန်ဆောင်မှုပေးနေပါသည်။

Ph: 09-425305837, 09-250161966

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

(40'x60')-(150)သိန်း၊ (25'x60')-(110)သိန်း၊ (25'x50')-(80)သိန်း၊

Ph:09-252278945,09-799716395,09-421161198



လွင်မြင့်အောင်

ခြံမြေငှားရမ်းမည်။

" တိုက်ခန်း အမြန်ရောင်း/ငှါးမည် " (ပွဲစားမလို)

| | | | | |
|---|---|---|---|---|
| ၁။East Point Condo | (1525Sqft) | Lift | M1,B2,ပြင်ဆင်ပြီး | 1650L |
| ၂။ | (1000Sqft) | Lift | M1,B1,A/C2,ပြင်ဆင်ပြီး | 1100L |
| ၃။ | (22x60) | 4/F | M1,B1,ပြင်ဆင်ပြီး | 1180L |
| ၄။ | (23x50) | 2/F | M1,(တိုက်သစ်) | 410L |
| ၅။ | (15x55) | G+1 | Hall,(ထိုင်ခေးကပ်) | 32L |
| ၆။ | (1350Sqft) | 1/F | M1,B1,A/C3,ပြင်ဆင်ပြီး | 11L |
| ၇။ | (15x55) | G+1 | Hall,(ထိုင်ခေးကပ်) | 17L |
| ၈။ | (20x45) | G/F | Hall,(ထိုင်ခေးကပ်) | 8L |

Ph: 01 510600, 09 5012951, 09 5185539

Ph : 01-2339310, 01-2339355, 01-578044

Customer များရှိမည့်အားသာချက်

DREAM ALUMINUM

- Euro System 45° ထောင့်ချိုး ဖြစ်ခြင်းကြောင့်
- Euro System Click Type ဖြစ်ခြင်းကြောင့်
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်း
- Brand Accessories များအသုံးပြုထားခြင်းကြောင့်
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း။
- မြန်မာပြည်၏ အကောင်းဆုံး Euro System Dream Aluminum နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။



အနယ်နယ်အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်များဖိတ်ခေါ်ခြင်း

- ရန်ကုန်၊မန္တလေး၊နေပြည်တော်၊တောင်ကြီး၊မော်လမြိုင်နှင့် အခြားမြို့ကြီးများအားလုံး ဆက်သွယ်နိုင်ပါသည်။
- Aluminium ဆိုင်သစ် တစ်ခုဖွင့်ချင်ပါသလား?
- သင့်ဘက်မှ ငွေအရင်းအနှီးရှိရုံဖြင့် Company ဘက်မှ ကုန်ပစ္စည်းရောင်းချခြင်း၊ပစ္စည်းထိန်းသိမ်းခြင်း၊ ငွေထိန်းသိမ်းခြင်း၊ Market လိုက်ခြင်း၊တပ်ဆင်မှုပုံစံ၊ထုတ်လုပ်မှုပုံစံနှင့် စာရင်းပိုင်းအဆုံးထိ ကူညီဆောင်ရွက်ပေးပါမည်။
- အရောင်းကိုယ်စားလှယ်ဦးရေ ကန့်သတ်ထားပါသဖြင့် ကျွန်ုပ်တို့နှင့် အမြန်ဆုံး လာရောက် ဆွေးနွေးနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန်- Ph: 09-254038660,09-260905818

Showroom (1) No(223 / 225)၊ ကျိုက္ကဆံလမ်းမကြီး၊ကျောက်မြောင်းဈေးမှတ်တိုင်၊တာမွေမြို့နယ်။ Ph:01-8604394,09-977910201, 09-263563664

Showroom (2) No(133)၊အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ဗဟန်းမြို့နယ်။ Ph : 09 - 260905818 , 09-254048775 , 09- 951091111

# ကြော်ငြာ

**ASIA DRAGON**

Octoberလ ဈေးနှုန်း ... (အာမခံနှုန်း)

| | |
|---|---|
| ကျိုက်ထီးရိုး | 10000/- |
| ချောင်းသာ | 12000/- |
| ငွေဆောင် | 15000/- |

09 30030030, 09 30030090

မြဝတီနာ **ASIA KING**

+ချောင်းသာ(နေ့ထွက်) 12000
+ငွေဆောင်(ညထွက်) 15000
+ကျိုက်ထီးရိုး(နေ့ထွက်) 10000

09-77 85 85 912, 09-43 11 43 01

My House Restaurant

Tour များအတွက်လည်း အထူးဈေးနှုန်းဖြင့် လက်ခံဆောင်ရွက်ပေးပါသည်။

**မိုးမြင့်ကြယ်**

| | |
|---|---|
| ကျိုက်ထီးရိုး | 33000 |
| ချောင်းသာ | 35000 |
| | 40000 |
| ငွေဆောင် | 50000 |
| | 40000 |

Package

09-5093704, 09-450012971

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

ဗဟန်း၊ ရတနာလမ်း၊ လမ်းကျယ်၊ ဈေးလမ်း၊ ပေ(၂၀×၄၀) လုံးချင်း (၂)ထပ် ကားပါကင်-၂ စီးစာ အဲကွန်း-၃လုံး၊ မီတာ -၂လုံး သိန်း(၃၀၀၀) ညှိနှိုင်းဈေး အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၃၁၆၄၃၁၈၃

**ခေတ်ရွှေဆောင်**

09 443250191

Nov-2, 10/Dec-22

**ငြိမ်းဖိုးပင်**

09-444450446, 09-444450556, 09-250144709

| | |
|---|---|
| ကျိုက်ထီးရိုး | 10000 |
| ချောင်းသာ | 15000 |

**ဧကရာဇ်ရဲနိုင်** 09421089338,420125216

65000/Oct -31

75000

Nov-2,10

Mega Sky Travels & Tour

Nov 2, Nov 10

(4N/5D) 180,000

(3N/4D) 110,000

Ph:01 377009, 09 5071436, 09 450016683, 09 772144849

**Travel Mate Myanmar**

Nov - 2 , 10 / Dec 1 , 15 , 22 , 29

ကာလော( Trekking ) ခရီးစဉ်

09450 200 522 / 09450 200 533 / 09450 200 544




*Special Offers*

# 49,000 Ks

No.6, Botahtaung Jetty, Near Botahtaung Pagoda,
Seikkan Township, Yangon 11162, Myanmar.
Tel : +951-9010332 - 9010335, +959-250846974 ,
Viber Public Chat : Vintage Luxury Yacht Hotel, Facebook : Vintage Luxury Yacht
Email : info@vintageluxuryhotel.com , , Website : www.vintageluxuryhotel.com

Let's Build Together !




MAX CEMENT

SALES HOTLINE
09 770 770 770

TECHNICAL HOTLINE
09 960 960 560

မက်စ်ဘိလပ်မြေကိုတိုက်ရိုက်ဝယ်ယူရရှိနိုင်သော နေရာများ

# ကန်တော်ကြီးပဲလေ့စ်ဟိုတယ် မီးလောင်မှုဖြစ်ပွား

## မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းအရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးနေ



**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဉယျာဉ်ရပ်ကွက် ကန်တော်ကြီးပတ်လမ်းရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် ယနေ့နံနက် ၃ နာရီခွဲက မီးလောင်မှုဖြစ်ပွားရာ ဂျပန်နိုင်ငံသားတစ်ဦး အပါအဝင် နှစ်ဦးသေဆုံးခဲ့ပြီး တရုတ်နိုင်ငံသူတစ်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"မီးသတ်ကားသံတွေကြားတော့မှ ပတ်ဝန်းကျင်က သိကြတာပါ။ ကျွန်မတို့သိတော့ မီးကတောက်တောက်များနေပါပြီ။ မီးလောင်အားကောင်းတော့ ပင်မအဆောက်အအုံတစ်ခုလုံး ခဏလေးနဲ့ ကူးစက်လောင်ကျွမ်းသွားတယ်" ဟု မီးလောင်မှုကို မျက်မြင်တွေ့ရှိသူ ဒေါ်ခင်မိမိက ပြောသည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ○**

# ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၃၀၀၀၀ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်းကော်မတီ၏ မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ရှိ ငွေစုဘဏ်စာရင်းအမှတ် (CF-003434)သို့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်မည့် ကဏ္ဍစုံလုပ်ငန်းစဉ်များတွင် အသုံးပြုရန် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)က အလှူငွေကျပ်သိန်း ၃၀၀၀၀ ကို အောက်တိုဘာ ၁၉ ရက်တွင် ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရခြင်းသည် အပြစ်မဲ့သူများ ထိခိုက်မှုမရှိစေရေးအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရန် နိုင်ငံတော်အစိုးရ၏လုပ်ဆောင်မှုကို ကူညီအားပေးသည့်အနေဖြင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)က ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ သေဆုံး၊ ဒဏ်ရာရရှိခဲ့သော နိုင်ငံ့ဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၄၇၀၊ ရခိုင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်သိန်း ၃၀၀၀ နှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လှူဒါန်းငွေကျပ်သိန်း ၃၁၆၉၀ ကိုလည်း လှူဒါန်းထားရာ ယခုအခါ ရခိုင်ပြည်နယ်အတွက် စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၆၅၁၆၀ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့အပြား ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ချိန်တွင်လည်း ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ ကျော်ကို ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းခဲ့ပြီး ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ငွေကျပ်သိန်းပေါင်း ၃၀၀၀၀ ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေ (NRPC-Peace Fund) အဖြစ် ပေးအပ်လှူဒါန်းခဲ့သည်။

ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)သည် စတင်တည်ထောင်သည့် ၂၀၀၈ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံတော်နှင့် ပြည်သူအတွက် ကဏ္ဍပေါင်းစုံတွင် စုစုပေါင်းကျပ်ငွေ ၁၃၅ ဘီလီယံကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(ဝ၁ဝ)**

# ဖားကန့်၌ တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ထားသည့် ရေမဆေးကျောက်ရှာဖွေသူများက လုပ်ကွက်အတွင်း အတင်းဝင်ရောက်ပြီး ရဲတပ်ဖွဲ့ဝင်များအား ရန်ပြုတိုက်ခိုက်

## ရဲတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရ၊ ရေမဆေးကျောက်ရှာဖွေသူ ငါးဦးသေဆုံးပြီး ၂၀ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းအုပ်စု တစ်သုံးလုံးကျောက်မျက်ကုမ္ပဏီလုပ်ကွက်တွင် လုံခြုံရေးဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များအား တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်ထားသည့် ရေမဆေးကျောက်ရှာဖွေသူများက အောက်တိုဘာ ၁၈ ရက် ညပိုင်းတွင် လုပ်ကွက်အတွင်း အတင်းဝင်ရောက်ပြီး ရန်ပြုတိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင် ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ရေမဆေးကျောက်ရှာဖွေသူ ငါးဦးသေဆုံးကာ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လုံးခင်းကျေးရွာအုပ်စု တစ်သုံးလုံးကျောက်မျက်ကုမ္ပဏီလုပ်ကွက်တွင် အောက်တိုဘာ ၁၈ ရက် ည ၉ နာရီခွဲခန့်က ရေမဆေးကျောက်ရှာဖွေသူ ၅၀ ခန့်က လုပ်ကွက်အတွင်း အတင်းဝင်ရောက်လာခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက တားဆီးရာ ပြန်လည်ထွက်ခွာသွားပြီး ည ၁၀ နာရီခွဲခန့်တွင် အင်အား ၆၀၀ ခန့်သည် တုတ်၊ ဓားလက်နက်များကိုင်ဆောင်လျက် ထပ်မံဝင်ရောက်၍ ရဲတပ်ဖွဲ့ဝင်များအား ခဲဖြင့်ပစ်ပေါက်ခြင်း၊ မြေသယ်ယာဉ်အား မီးရှို့ခြင်းနှင့် ဘက်ဟိုးယာဉ်အား ဖျက်ဆီးခြင်းများ

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳**